# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်

(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး ၊ အခမ်းအနားမှူး အဖြစ် ဦးသိန်း မော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။ ]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြ န်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးအငွမနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၈)ဦးရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို(၂၁၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၆.၇၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ၁၀ နဲ့ နည်းဥပဒေ၂၀(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေ ခွဲ (က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ ( သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ အငွမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင် သော်

လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ ခွင့်ပန်ကြားသူမရှိပါ။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ၊** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအ ဝေး အဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသူမရှိ၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၇)ဦး ဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေ ခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ အစည်းအ ဝေးတက်ရောက်မှုအခြေအနေ ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။အမျိုး သားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် ၆ ဦးက မေးမြန်းသည့်မေးခွန်းများဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြား ရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ညောင်ဦးခရိုင်၊ ပုဂံမြို့သစ်တွင် တိုက်နယ်ဆေးရုံဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဒါကြောင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးအေး က ညောင်ဦးခရိုင်၊ ပုဂံမြို့သစ်တွင် တိုက်နယ်ဆေးရုံဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ပထမဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေး ဖြစ်ပါတယ်။ ကျွန်တော်မေး မြန်းလိုတာကတော့ ညောင်ဦးခရိုင်၊ ပု ဂံမြို့သစ်မှာ တိုက်နယ်ဆေးရုံ ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

ပုဂံမြို့သစ်ဟာ ပုဂံမြို့ဟောင်းကနေပြီးတော့ ၁၉၉၀ ခုနှစ်မှာ နိုင်ငံတော်ရဲ့လိုအပ်ချက်အရ ပြောင်းရွှေ့ခဲ့ရခြင်း ဖြစ်ပါတယ်။ ရှေးဟောင်းအမွေအနှစ် စေတီပုထိုးများ ပေါ်များရာဖြစ်တဲ့

အတွက်ကြောင့်မို့လို့ ပြည်တွင်းပြည်ပ ဧည့်သည်များလည်း အဆက်မပြတ် ဝင်ရောက်လေ့လာ တည်းခိုတဲ့နေရာဒေသလည်း ဖြစ်ပါတယ်။ အနီးစပ်ဆုံး ပြည်ပဧည့်သည်များ တည်းခိုဝင်ရောက်မှု အခြေအနေကိုတင်ပြရရင် ၂၀၀၇ ခုနှစ်ကနေ ၂၀၁၁ ခုနှစ် ဇွန်လအထိ ၂၉၈၃၉၅ ဦး ဝင်ရောက်မှု ရှိတဲ့အတွက် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေကို တစ်နည်းအားဖြင့် ထောက်ပံ့တဲ့ ဒေသတစ်ခုလည်း ဖြစ်ပါတယ်။ ပုဂံမြို့သစ်အနေနဲ့ ၁၉၉၅ ခုနှစ်က ပြည်ထဲရေးဝန်ကြီးဌာနမှ ပုဂံမြို့အဖြစ် သတ်မှတ်ထားပြီးလည်း ဖြစ်ပါတယ်။ လက်ရှိအ ခြေအနေကို တင်ပြရလျှင် ပုဂံမြို့သစ်မှာ ဒေသန္တရ ဆေးပေးခန်းသာ ရှိတဲ့အတွက်ကြောင့်မို့လို့ တိုက်နယ်ဆေးရုံတစ်ခု ဖွင့်လှစ်ဖို့သင့်တဲ့အကြောင်းကို တင်ပြလိုပါတယ်။ ဒီလိုတိုက်နယ်ဆေးရုံ တိုးချဲ့ဖွင့်လှစ်မယ်ဆိုရင် ပတ်ဝန်းကျင် ကျေးရွာအုပ်စုတွေ ရှိတဲ့ လူဦးရေခြောက်သောင်းခန့်ဟာ ဒီဆေးရုံမှာ မှီခိုရလာမယ့်အပြင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အတွက် ကောင်းမွန်မြ တ်တဲ့ အစီအစဉ်ဖြစ်တဲ့အတွက်ကြောင့် ပုဂံမြို့သစ်ကို တိုက် နယ်ဆေးရုံ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ။ ရှိပါက မည်သည့် ကာလတွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ခန္တီးခရိုင်၊ ခု တင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်နေသည့် အထူးကုဆရာဝန်များ ၊ လက်ထောက်ဆရာဝန်များ၊ ဆရာမများနှင့် ဝန်ထမ်းအင်အား တိုးချဲ့ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင် က ခန္တီးခရိုင် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်နေသည့် အထူးကု ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ ဆရာမများနှင့် ဝန်ထမ်းအင်အား တိုးချဲ့ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆန္ဒပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချစ်လွင်

ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်အတွင်းမှာ ကျန်း မာရေးကိစ္စနှင့်ပတ်သက်ပြီး မေးမြန်းလိုတဲ့ မေးခွန်းကို ဖတ်ကြားတင်သွင်းခွင့် ပြုပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြု ပါတယ်။

**ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)** ။စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်၊ ပြည်သူ့ဆေးရုံကြီးကို ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ အဲဒီလို အဆင့်တိုးမြှင့်ပေးခဲ့ပေမယ့်လည်း ဆရာဝန်၊ ဆရာမနဲ့ ဝန်ထမ်းအင်အားကို တိုးချဲ့ခန့်ထားပေးခြင်း မရှိတာကို တွေ့ရှိခဲ့ရပါတယ်။ ဥပမာ ပြောရမယ်ဆိုရင် ခန္တီးခုတင်(၁၀၀)ဆံ့ဆေးရုံကြီးရဲ့ သူနာပြု ဆရာမ Sister ခွဲဝေအင်အားဟာ (၁၀)ဦးရှိပြီး၊ ခန့်ထား အင်အားဟာ (၅)ဦး၊ လစ်လပ်အင်အားဟာ (၅)ဦးရှိတဲ့အတွက် ဒီရာထူးမှာ ပြဿနာမရှိပေမယ့်သူနာပြုဆရာမ အနီဝတ်ရာထူးဟာ ခွဲဝေအင်အား (၂၂)ဦးရှိပါတယ်။ ခန့်ထားအင်အားဟာ (၄)ဦးပဲရှိပြီးတော့မှ (၄)ဦးပဲရှိတဲ့အတွက်ကြောင့်မို့လို့ လစ်လပ်အင်အားဟာ (၁၈)ဦးရှိနေတာကို တွေ့ရပါတယ်။ လက်ထောက်ဆရာ ဝန်နေရာကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် ခွဲဝေအင်အားဟာ (၁၁)ဦးရှိပြီးတော့ ခန့်ထား(၂)ဦးသာ ရှိပါတယ်။ (၉)ဦး လစ်လပ်လျက်ရှိနေတာကို တွေ့ရှိရပါတယ်။ ပြီးတော့ ကျွန်တော်တို့ ခန္တီးဆေးရုံမှာ အထူးကုဆရာဝန် အနေနဲ့ကတော့ တစ်ဦးမှမရှိတဲ့အတွက်ကြောင့်မို့အလွန်ကိုအခက်အခဲ ဖြစ်နေပါတယ်။ ဒါ့ကြောင့် ဒီအတွက် အဓိကလိုအပ်နေတဲ့ ကလေးအထူးကုဆရာ ဝန်၊ မီးယပ်သားဖွား အထူးကုဆရာဝန်၊ သွားဘက်ဆိုင်ရာဆရာဝန်၊ ခွဲစိတ်အထူးကုဆရာဝန်၊ မေ့ဆေးဆရာဝန်အပြင် လက်ထောက်ဆရာဝန် များဟာအဓိက လိုအပ်နေပါတယ်။ ဆေးရုံတစ်ရုံပုံမှန်လည်ပတ်နိုင်ရေးအတွက်ဆိုရင် လက်ထောက် ဆရာဝန်များ၊ ဆရာ /ဆရာမများနှင့် ဝန်ထမ်းအင်အားကို အမြန်ဆုံး ခန့်ထားပေးသင့်ကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ခန္တီးခရိုင်၊ ခု တင်(၁၀၀)ဆံ့၊ ပြည်သူ့ဆေးရုံကြီးမှာ လိုအပ်နေတဲ့ အထူးကုဆရာ ဝန်များ၊ လက်ထောက်ဆရာ ဝန်များ၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်း အင်အားတိုးချဲ့ ခန့်ထားပေးနိုင်ခြင်း ရှိ /မရှိကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များ၊ မြို့နယ်ခွဲများတွင် ကျန်းမာရေး စောင့်ရှောက်မှုအတွက် ပြည်သူ့ဆေးရုံများတွင် တာဝန်ခံဆရာဝန်များ ခန့်အပ်ထားပေးရန် နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို က နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ မြို့နယ်များ၊ မြို့နယ်ခွဲများတွင် ကျန်းမာရေး စောင့်ရှောက်မှုအတွက် ပြည်သူ့ဆေးရုံများတွင် တာဝန်ခံဆရာဝန်များ ခန့်အပ်ထားပေးရန် နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များ ခင်ဗျား။ ကိုယ်စိတ်နှစ်ပါး ကျန်းမာ ပါစေလို့ ဂါရ ဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးနာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြတ်ကို ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အတွင်းမှာရှိတဲ့ ဆေးရုံတွေမှာ ကျန်းမာရေးစောင့် ရှောက်မှုနဲ့ ပတ်သက်လို့ မေးသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ မြို့နယ် (၃)မြို့နယ်၊ မြို့နယ်ခွဲ(၄)မြို့နယ်ရှိပါတယ်။ မြို့နယ်(၃)မြို့နယ်ကတော့လဟယ်မြို့နယ်၊ လေရှီးမြို့နယ်၊ နန်းယွန်းမြို့နယ်တို့ဖြစ်ပါတယ်။ မြို့နယ်မှာဆေးရုံရှိပြီးတော့မှ တာဝန်ခံဆရာများ မရှိဘူးဖြစ်ပါတယ်။ ကျွန်တော်တို့ ဆေးကုသတဲ့စနစ်ကို အလှည့် ကျလာရောက် ဆေးကုတဲ့စနစ်မျိုး ဖြစ်ပါတယ်။ တချို့ဆရာဝန်တွေက ကျွန်တော်တို့ဒေသကိုလာပါတယ်။ တချို့ဆရာဝန်တွေက လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ ဒေသအခက်အခဲ၊ စားဝတ်နေရေး အခက်အခဲတချို့တွေလည်း အဆင့်မြင့်ပညာ သင်နေတဲ့ အခက်အခဲတွေကို အကြောင်းအမျိုးမျိုးပြပြီး တော့မှ လာရောက်နေခြင်းမရှိတာကို တွေ့ရှိရပါတယ်။ မြို့နယ်ခွဲတွေမှာဖြစ်တဲ့ ပန်ဆောင်မြို့နယ်မှာတော့ အခုလက်ရှိ ကျွန်တော်တို့ ဆရာဝန်တွေ ရှိပါတယ်။ အဲဒီဆရာဝန်ကပဲ မြို့နယ်ဖြစ်တဲ့ နန်းယွန်း မြို့နယ်ကို ကျန်းမာရေး

စောင့်ရှောက်မှု တွဲပြီးတော့မှ ပေးနေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ကျန်တဲ့မြို့နယ်တွေမှာ တာဝန်ကျဆရာဝန်တွေ မရှိသေးတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျန်းမာရေးနဲ့ ပတ်သက်လို့ တာ ဝန် အချိန်ပြည့်ပေးနိုင်မယ့် တစ်နှစ်သော်လည်းကောင်း၊ နှစ်နှစ်သော်လည်းကောင်း ၊တာ ဝန်ပေးပြီးတော့မှ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်မယ့် ဆရာဝန်များ ချပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့ မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနအား နယ်စပ်ကုန်သွယ်ရေးစခန်းများ တည်ရှိရာ ဒေသများတွင် ဖွင့်လှစ်ရန် အစီအစဉ် ရှိ /မရှိနှင့် နယ်စပ်ဒေသမှ ဝင်ရောက်လျက်ရှိသော အစားအသောက်နှင့် ဆေးဝါးပစ္စည်းများသည် လုပ်သားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေး အာမခံချက်ပေးမည့် အစီအစဉ်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ၊** ။ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း က ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေး ဝါးကွပ်ကဲရေးဌာနအား နယ်စပ်ကုန်သွယ်ရေး စခန်းများ တည်ရှိရာဒေသများတွင် ဖွင့်လှစ်ရန် အစီအစဉ် ရှိ /မရှိနှင့် နယ်စပ်ဒေသမှ ဝင်ရောက်လျက်ရှိသော အစားအသောက်နှင့် ဆေး ဝါးပစ္စည်းများသည် လုပ်သားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနို င်ရေး အာမခံချက်ပေးမည့် အစီအစဉ် နှင့် စပ်လျဉ်းသည့် မေး ခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဝန်ကြီးများ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော် ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်း ဝင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နယ်စပ်ဒေသများမှာ အစားအသောက်နှင့် ဆေးဝါးပစ္စည်းများဟာ ပြည်တွင်းဈေး ကွက်များသို့ နည်းမျိုးစုံဖြင့်တိုးဝင်လျက်ရှိနေပါတယ်။ အဲဒီစီးဝင်နေတဲ့ ပစ္စည်းများဟာ လုပ်သားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက် အလေးပေးဆောင်ရွက်ရန် လိုအပ်လျက်

ရှိနေပါတယ်။ နယ်စပ်ဒေသများမှ အစားအသောက် နှင့်ဆေးဝါးပစ္စည်းများကို ကျန်းမာရေး ဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ စစ်ဆေးထောက်ခံချက်ဖြင့်တင်သွင်း ခွင့်ပြုလျက်ရှိနေပေမယ့် တင်သွင်းတဲ့ဒေသ လိုင်စင်ထုတ်ပေးတဲ့နေရာ ထောက်ခံချက် ရယူရမယ့် ဒေသစတဲ့ အခြေအနေများကြောင့် အဆင့်ဆင့်သော အ ခြေအနေများကို ဖြတ်သန်း ကြရသဖြင့် အချိန်ကာလကြာမြင့်တတ်ပါတယ်။ အဲဒီလို အချိန်ကာလကြာမြင့်တဲ့အခါမှာ တင်သွင်းခွင့်ရရှိတဲ့ အချိန်မှာ မည်သည့်ထောက်ခံချက်မှ ရယူစရာမလိုတဲ့ ကုန်သည်တွေဟာ မှောင်ခိုလမ်းကြောင်းဖြင့် ဒီပစ္စည်းတွေကို ဈေး ကွက်အတွင်းကို ပို့ပြီးသားဖြစ်နေတဲ့အတွက် ကုန်သည်အများစုဟာလည်း နစ်နာခဲ့ကြပါတယ်။ အဲဒီလို နစ်နာခဲ့တဲ့အတွက် ကုန်သည်အများစုဟာ မှောင်ခိုလမ်းကြောင်းပေါ် ရောက်သွားပြီးတော့မှ စစ်ဆေးတဲ့စနစ်ဟာ ချို့ယွင်းအားနည်းလာခဲ့ပါတယ်။ အဲဒီလို အခြေအနေမျိုးကို ကုစားနိုင်ဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနဟာ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်မယ်ဆိုလို့ရှိရင် လုပ်သားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာစားသုံးနိုင်ရေး အာမခံချက်ပေးနိုင်ပြီး ကုန်သွယ်မှု လမ်းကြောင်း သွက်လက်စေလိမ့်မယ်လို့ ယူဆပါတယ်။ ဒါကြောင့် ဒီမေးခွန်းကို ကျွန်တော် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဌာနအား နယ်စပ်ကုန်သွယ်ရေးစခန်းများ တည် ရှိရာဒေသများတွင် ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ၊ နယ်စပ် ဒေသမှ ဝင်ရောက်လျက်ရှိသော အစားအသောက်နှင့် ဆေး ဝါးပစ္စည်းများသည် လုပ်သားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေး အာမခံချက်ပေးနိုင်မယ့် အစီအစဉ်များ ဆောင်ရွက်ထားမှုကို သိ လိုပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ မြေပဒိုကျေး ရွာအုပ်စု၊ ဆူးတောကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဆောက်လုပ်ပြီးစီးရေးနှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်းဘာ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၊ မြေပဒိုကျေးရွာအုပ်စု၊ ဆူးတော ကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဆောက်လု ပ်ပြီးစီးရေးနှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးအောင်ငြိမ်းဖြစ်ပါတယ်။ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်တင်ပြမေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ မြေပဒိုကျေးရွာအုပ်စု၊ ဆူးတောကျေးရွာမှာ တည်ဆောက်နေလျက်ရှိတဲ့ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ကိစ္စဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ မြေပဒိုကျေးရွာအုပ်စု၊ ဆူးတောကျေးရွာမှာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဆောက်လုပ်ဖို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုမိန့် ရရှိခဲ့ပြီးတော့ ဆောက်လုပ်လျက်၊ ဆောက်လုပ်ဆဲဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၁၃)ရက် ရက်စွဲပါ စာအမှတ်၊ ကမဗ/ဃ/၉၂၂/၅ဖြင့် ခွင့်ပြုမိန့်ရရှိခဲ့ပါတယ်။ တိုက်နယ်ဆေးရုံမှာ ပင်မဆောင်၊ ရင်ခွဲဆောင်၊ ဆရာဝန်နေအိမ်၊ ၈ ခန်းတွဲသူနာပြုအိမ်ရာ၊ ၇ ခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ ၄လက်မ စက်ရေတွင်း၊ ရေစက်ရုံ၊ ရေကန်၊ ရေစင်၊ မီးစက်၊ ၁၈ ပေလမ်း စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၁၃၀၀ ခန့် ကုန်ကျမည်ဖြစ်ပါတယ်။ ကျေးရွာလူထုအနေနဲ့ ယခုလောလောဆယ် လက်ရှိ သိန်း ၃၀၀ မတည်ပြီးတော့ စတင်ဆောင်ရွက်ခဲ့ခြင်းကြောင့် လက်ရှိအခြေအနေမှာတော့ အဆောက်အဦရဲ့ ၃၀ ရာခိုင်နှုန်း ခန့် ဆောက်လုပ် ခဲ့ပြီး ဆ က်လက်လည်း ဆောင်ရွက်လျက်ရှိပါတယ်။ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဆောက်လုပ်ရာမှာ ကျေးရွာပြည်သူလူထုအနေနဲ့ဆင်းရဲနွမ်းပါးပြီး စီးပွားရေးချို့တဲ့ တဲ့အတွက် တိုက်နယ်ဆေးရုံကို ဆက်လ က်ဆောက်လုပ်ဖို့ အခက်အခဲရှိနေပါသဖြင့် နိုင်ငံတော်အစိုးရမှ တတ်နိုင်သမျှ သင့်တင့်သော ငွေကြေး မတည်ထောက်ပံ့ပေးနိုင်ပါရန် တင်ပြတောင်းခံအပ်ပါတယ်။ ဒါ ကြောင့် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ မြေပဒိုကျေးရွာအုပ်စု၊ ဆူးတောကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဆောက်လုပ် ပြီးစီးနိုင်ဖို့အတွက် နိုင်ငံတော်မှသင့်တင့်သောငွေကြေး မတည်ထောက်ပံ့ပေးနိုင်မည့် အခြေအနေနဲ့ ထောက်ပံ့ပေးနိုင်မယ့် အချိန်တို့ကို သိရှိလိုပါသဖြင် ့ ဆင်းရဲနွမ်းပါးသော ကျေးလက်ဒေသပြည်သူများ၏ အကျိုးကို ရှေးရှုလျက် မေးမြန်းတင်ပြတောင်းခံအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မောင်တောမြို့ပေါ်ရှိ လက်ရှိပြည်သူ့ဆေးရုံ ခု တင်(၅၀)ဆံ့ကို တိုးချဲ့ဆောက်လုပ် ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမောင်သာခင်က မောင်တောမြို့ ပေါ်ရှိ လက်ရှိပြည်သူ့ဆေးရုံ ခု တင်(၅၀)ဆံ့ကို တိုးချဲ့ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးမောင်သာခင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)** ။ ။ လေးစားအပ်ပါသော အ မျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်တော်ကြီးများကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်သာခင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မောင်တောမြို့နယ်မှာရှိတဲ့ (၂၅)ခုတင်ဆံ့ဆေးရုံကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခရီးစဉ်မှာ မြို့နယ်ရဲ့လိုအပ်ချက်အရ (၅၀)ခုတင်ဆံ့ဆေးရုံထိ တိုးမြှင့်ပြီး မြို့နယ်ဆရာဝန်၊ လက်ထောက်ဆရာဝန်များအပြင် မဟာသိပ္ပံဘွဲ့ရအထူးကုဆရာဝန်များ ဆက်လက်ခန့်ထားခဲ့ပါတယ်။ တဖြည်းဖြည်းနဲ့ အထူးကုဆရာဝန်များ အရောက်အပေါက်နည်းလာပြီး အထူးသဖြင့် မေ့ဆေးနဲ့ ခွဲစိတ် ဆရာဝန် (၂)ဦးသာ အမြဲရှိပြီး ဒီလထဲမှာ မကြာသေးမီကပဲ OG သားဖွားမီးယပ် အထူးကုဆရာဝန် ရောက်ရှိလာတာကို တွေ့ရပါတယ်။ မော င်တောမြို့ဟာ ခရိုင်မြို့ကြီး တစ်မြို့ဖြစ်ပြီး လူဦးရေ ၅၂၀၀၀၀ ကျော်ရှိတဲ့ မြို့တစ်မြို့ဖြစ်ပါတ ယ်။ အရေးတ ကြီး ကုသရန် လိုအပ်တဲ့ ရောဂါတွေကို ဆက်သွယ်ရန် လွယ်ကူတဲ့ တ စ်ဖက်နိုင်ငံကို သွားရောက်ပြီး (၇)ရက် Passport နဲ့ ငွေ ကြေးတတ်နိုင်သူတွေက သွားရောက်ကုသ တာကို တွေ့ ရပါတယ်။ မောင်တောမြို့မှာ (MS Holland AZT) အနောက်ဂျာမနီက Maltesar၊ NGO တွေ ရှိပါတယ်။ ဒါပေမဲ့ သူတို့ဟာ ကုသမှုထက် စောင့်ရှော က်မှုကိုပဲ ပေးပြီးတော့ ကုသမှု အတွက်ဆိုလို့ရှိရင် မောင်တောဆေးရုံကိုပဲ မှီခိုအားထားပြီးတော့ လူနာတွေကို ထောက်ပံ့တာကိုပဲ ကျွန်တော်တို့ တွေ့နေရပါတယ်ဆိုတော့ ဗိုလ်ချုပ်ကြီးစိုးဝင်း လက်ထက်က (၂၅)ခုတင်ကို ခု တင်(၅၀)အထိ တိုးမြှင့်ပေးခဲ့သော်လည်းပဲ အဆောက်အဦဟာ အဲဒီ အဆောက်အဦပဲ ဖြစ်ပါတယ်။ ခုတင် (၅၀)နဲ့

လာရောက်လှူတဲ့လူတွေရှိတဲ့ အဆောက်အဦ   အခုထိ  မရှိသေးပါဘူး။ မောင်တောမြို့နယ်ဟာ နယ်စပ်ဒေသဖြစ်ပြီးတော့ တ စ်ဖက်နိုင်ငံက  ဧည့်သည်တွေ အမြဲတမ်း  (၇)  ရက်  Passport  နဲ့ လာရောက်ပြီး လေ့လာနေကြတာကိုလည်း တွေ့ရတဲ့အခါမှာ ကျွန်တော်တို့ နယ်စပ်မြို့တစ်မြို့ရဲ့ ခရိုင်မြို့တစ်မြို့ရဲ့ အင်္ဂါနဲ့လိုက်လျောညီထွေရှိတဲ့ ခုတင်(၅၀)ဆံ့ဆေးရုံကြီးကို အဆောက်အဦတိုးချဲ့ပြီး ဆောက်လုပ်ရန် လိုအပ်ကြောင်းနဲ့ တိုးချဲ့ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိကို သိလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။**          ။ မေးခွန်းများနှင့်ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**          ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကို မင်္ဂလာပါလို့  နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော် ကျ  န်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး အနေနဲ့ ကိုယ်စားလှယ်တော်ကြီးများ မေးခွန်းမေးထားတဲ့ (၆)ခုကို ကျွန်တော်စဉ်ဆက် ဆက်တိုက် ဖြေသွားမှာဖြစ်ပါတယ်။ ပထမဆုံးမေးခွန်းကတော့ မန္တလေးတို င်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေး ရဲ့ ညောင်ဦးခရိုင်၊ ပုဂံမြို့သစ်မှာ တိုက်နယ်ဆေးရုံ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိမရှိ  မေးခွန်း ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်မှာ ခုတင်(၁၀၀)ဆံ့ ညောင်ဦးခရိုင်    ပြည်သူ့ဆေးရုံ(၁)ရုံ၊  (၂၅)ခုတင်ဆံ့ ပုဂံမြို့သစ်  ဆေးရုံ(၁)ရုံ၊ (၂၅)ခုတင်ဆံ့ ငါ့သရောက်မြို့နယ်ခွဲ ဆေးရုံ(၁)ရုံ၊  (၁၆)ခုတင်ဆံ့  တောင်ဇင်းတိုက်နယ်ဆေးရုံ(၁)ရုံ ဖွင့်လှစ်ခွင့်ရရှိထားပြီး  ဖြစ်ပါတယ်။  (၂၅)ခုတင်ဆံ့ ပုဂံမြို့သစ်ဆေးရုံကို ကျန်းမာရေး ဦးစီးဌာနက ၁၀-၉-၂၀၀၃  ရက်စွဲမှာ စာအမှတ် ကမဗ  /ဃ-  ၅၉၄/၈၀  နဲ့ ဖွင့်လှစ် ခွင့်ပြုခဲ့ပြီး  ဖြစ်ပါတယ်။ ပုဂံမြို့သစ်အနေနဲ့ ညောင်ဦးခရိုင်ဆေးရုံကြီးနဲ့     ၈  မိုင်ခန့်သာ ကွာဝေးတာ  ပဲ  ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့  ယခုအချိန်မှာ လက်ရှိအနေနဲ့   တာဝန်ခံဆရာဝန်တစ်ဦး၊ လက်ထောက်ဆရာဝန် တစ်ဦး၊ အထက်တန်းသူနာပြု တစ်ဦးတို့နဲ့  ဒေသန္တရဆေးခန်းအနေနဲ့ ဖွင့် လှစ်ဆောင်ရွက်ထားရှိပြီး

လူဦးရေလွှမ်းခြုံမှု၊ လမ်းပန်းဆက်သွယ်ရေး၊ လက်ရှိ ကျန်းမာရေးဌာနများ ခရိုင် အတွင်း ခွဲဝေတည်ရှိမှုနဲ့ ပြည်သူလူထုမှ ဆေးရုံကိုဆေးခန်းကို အသုံးချမှု စသည့်အချက်များအပေါ် မှာ မူတည်သုံးသပ်ပြီးတော့ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်တဲ့အကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

နောက်မေးခွန်းတစ်ခုကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ရဲ့ မေးခွန်းဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဒီဆေးရုံလုပ်ငန်းစီမံချက်တွေအရ လုပ်နေတဲ့လုပ်ငန်းတွေ အကျဉ်းအားဖြင့် ကျွန်တော်တို့ (၄)ခု ပြောလို့ရပါတယ်။ နံပါတ်(၁)ကတော့ ဆေးရုံများ အသစ်တိုးချဲ့ဖွင့်လှစ်ခြင်း၊ နံပါတ်(၂)ကတော့ ဖွင့်ပြီးသားဆေးရုံများကို အဆင့်တိုးမြှင့်ပေးခြင်းနှင့် ဖွဲ့စည်းပုံကို စံကိုက်ဖြစ်အောင်ပြုလုပ်ပေးခြင်း၊ နံပါတ် (၃)ကတော့ အထူးကုဌာနများ၊ အထူးကုဆရာဝန်များကို ခန့်ထားခြင်း၊ ဖွင့်လှစ်ခြင်း ဒီ Level(၃)ခုလုံးမှာ ကျွန်တော်တို့က အရည်အသွေးမြှ င့်တင်ဖို့ပါ။ (၁၆)ခုတင်ဆံ့ကလည်း (၁၆)ခုတင်အလျောက်၊ (၂၅)ခုတင်ကလည်း (၂၅)အလျောက်၊ (၁၀၀)ကလည်း (၁၀၀) အလျောက် ကုသပေးနို င်တဲ့ စွမ်းအင်မြှင့်တင် ဖို့ လုပ်ဆောင်လျက် ရှိပါတယ်။ ပြည်သူ့ဆေးရုံ ခန္တီးမြို့ စစ်ကိုင်းတိုင်း ဒေသကြီးမှာ ယခုလက်ရှိမှာ ဆေးရုံအုပ် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး (၁)ဦး၊ လက်ထောက်ဆရာဝန်ခွဲစိတ်(၁)ဦး၊ လက်ထောက်ဆရာဝန် မေ့ဆေး (၁)ဦး လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ နောက်ထပ်လက်ထောက်ဆရာဝန် မေ့ဆေးတစ်ယောက်ကို (၆)လပိုင်း ၂၀၁၁ ခုနှစ်မှာ ပြောင်းရွှေ့တာဝန်ချထားပြီး ဖြစ်သလို အထူးကုဆရာဝန် သားဖွားမီးယပ်အဖြစ်နဲ့လည်း (၁)ဦးကို ၁၅-၈-၂၀၁၁ နေ့စွဲနဲ့ ရာထူးတိုးမြှင့်ခန့်ထားပြီး ဖြစ်ပါတယ်။ အဲဒီတော့ နောက်လစ်လပ်လျက်ရှိတဲ့ အထူးကုဆရာဝန်များဖြစ်တဲ့ ဆေးပညာ ၊ ကလေးကျန်းမာပညာနဲ့ အရိုးအထူးကုဆရာဝန်များ၊ နောက် သွားဘက်ဆိုင်ရာ ဆရာဝန်၊ လက်ထောက်ဆရာဝန်နဲ့ သူနာပြုဆရာမများကို အမြန်ဆုံးခန့်ထားနိုင်ဖို့ စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီးလဟယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြတ်ကို ၏ မေးခွန်းဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ခွင့်ရ ဒေသအတွင်းရှိ မြို့နယ်များ၊ မြို့နယ်ခွဲများအတွင်းရှိ ဆေးရုံများမှာ စစ်ကိုင်းတိုင်း ဒေသကြီး ကျန်းမာရေးဦးစီးဌာနရဲ့ အစီအစဉ်ဖြင့်

ကလေးမြို့ ပြည်သူ့ဆေးရုံကြီး၊ မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးများမှ လက်ထောက် ဆရာဝန်များကို (၄)လတစ်ကြိမ် အလှည့်ကျတာဝန် ထမ်းဆောင်စေလျက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ တာဝန်ခံ ဆရာဝန်များ ကျွန်တော်တို့ Permanent ချထားပေးခဲ့ ပေမယ့် သူတို့ကရေရှည်မနေနိုင်ဘဲနဲ့ ပြန်ပြန် သွားကြတဲ့ကိစ္စတွေ ယခင်ကရှိခဲ့တဲ့ အခါကျတော့ လစ်ဟင်းမှု မရှိစေရေးအတွက်ဆိုပြီး ကျွ န်တော်တို့ ခုချိန်မှာ ဒီ (၄)လ Rotation အနေနဲ့ စစ်ကိုင်းတိုင်းမှာရှိတဲ့ ကလေးမြို့နယ် ၊ မုံရွာမြို့မှာရှိတဲ့ ပြည်သူ့ဆေးရုံမှာရှိတဲ့ လက်ထောက် ဆရာဝန်များကို အလှည့်ကျ တာဝန်ထမ်းဆောင်တဲ့စနစ်ကို လတ်တလော ကျင့်သုံးနေရတာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ သိပြီးဖြစ်တဲ့အတိုင်း တစ်နေ့က ပြည်သူ့လွှတ်တော်မှာ ဆရာဝန်သစ်လွင်များ ခန့်ထားရေးကို စီစဉ်ဆောင်ရွက် နေတယ်ဆိုတာကို သိပြီးဖြစ်ပါလိမ့်မယ်။ အဲဒီ ဆရာဝန်သစ်လွင်များ ခန့်ထားတဲ့အခါမှာ ဒီဆေးရုံကြီးများမှ ခန့်ထားပြီးသား လက်ထောက် ဆရာဝန်များထဲက အတွေ့အကြုံရှိ တဲ့ ဆရာဝန်တွေ သစ်လွင်တွေ ကိုတော့ ဒီနာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်ခွဲတွေကို Independent Chance အနေနဲ့ တန်းပို့လို့ မဖြစ်ပါဘူး ခင်ဗျား။ အဲဒီတော့ ဆရာဝန်သစ်လွင်များကို ခန့်ထားတဲ့အခါမှာ ဆေးရုံကြီးများကို ပို့ပြီးတော့ ဆေးရုံကြီးများမှာမှ လက်ရှိ အထူးကုဆရာဝန်ကြီးများအောက်မှာလက်တွေ့လုပ်ရင်းနဲ့ အတွေ့အကြုံ များရယူလျက်ရှိတဲ့ အတွေ့အကြုံရှိပြီးသား ဆရာဝန်များကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ မြို့နယ်များ၊ မြို့နယ်ခွဲများမှာ ခန့်ထား နိုင်ရေးအတွက် ကျွန်တော်တို့ စီစဉ်ပေးလျက် ရှိကြောင်း ပြန်ကြား အပ်ပါတယ်။

နောက်မေးခွန်းတစ်ခုကတော့ စစ်ကိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်း ကမေးတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာန နယ် စပ်ကုန်သွယ်ရေးစခန်းများ တည်ရှိရာ ဒေသ များမှာဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်လို့ပါဆိုတော့ နယ်စပ်ကုန်သွယ်ရေး စခန်း တွေမှာ ဒီအစားအသောက်နဲ့ အစားအစာနဲ့ ဆေးဝါးကွပ်ကဲရေးဌာနကို ဖွင့်လှစ်ဖို့ဆိုတာ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနက နှစ်ကာလများစွာကထဲ က စဉ်းစားခဲ့ပါတယ်။ လက်ရှိ မှာတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံ မချဲ့နိုင်သေးခင် ကြားမှာ ကျွန်တော်တို့ ပြည်နယ် /တိုင်း၊ ခရိုင် / မြို့နယ်အသီးသီးမှာ အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဆိုတာရှိပါတယ်။ အဲဒီမှာ မြို့နယ်ကျန်းမာရေးဦးစီးမှူးပါဝင်တဲ့အပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ၊ ပြည်သူ့ရဲ

စသည်တို့ ပါဝင်ပါတယ်။ ဒါကြောင့်မို့ လို့ ဒီတရားမဝင် မှောင်ခိုလမ်းကြောင်းနဲ့ ဈေးကွက်အတွင်းသို့ ဝင်ရောက်နေတဲ့ အစားအသောက်နဲ့ ဆေးဝါးများကို သက်ဆိုင်ရာပြည်နယ် /တိုင်း၊ ခရိုင်၊ မြို့နယ်အစားအသော က်နှင့်ဆေးဝါးကြီးကြပ်ရေးကော်မတီမှ စစ်ဆေးဖော်ထုတ်အရေးယူလျက်ရှိတယ်။ လိုအပ်တာလေးတွေလည်း ရှိနေတယ်။ ဆက်လက်အရေးယူ ဖော်ထုတ်နေတယ်ဆိုတာကို ကျွန်တော်တို့အနေနဲ့ ပြောလိုပါတယ်။ နယ်စပ်အကောက်အခွန်နယ်ရုံးဌာနများကလည်း တရားမဝင် အစားအသောက်နှင့် ဆေးဝါးများကို ကောက်ယူပြီးတော့ ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ သိမ်းဆည်းပေးပို့ပြီးတော့ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ယခင်က ရန်ကုန်မှာ တစ်ခုတည်းရှိခဲ့တဲ့ ဒီအစားအစာနှင့် ဆေးဝါးဌာနကို နေပြည်တော်ကို ပြောင်းရွှေ့ပြီးတဲ့ နောက်ပိုင်းမှာ ယခုအခါမှာ ကျွန်တော်တို့ ရန်ကုန်ရုံးခွဲကိုလည်း ပြန်ဖွင့်ပါပြီ။ မန္တလေးရုံးခွဲကိုလည်း အဆင့်မြှင့်နေပါတယ်။ အဲတော့ ကျွန်တော်တို့ အစားအစာနဲ့ ဆေးဝါးရုံး (၃)ရုံး နဲ့ စီစဉ်ဆောင်ရွက်လျက်ရှိ ပါတယ်။ နောက် ကိုယ်စားလှယ်တော်ကြီးများ သိထားပြီးဖြစ်တဲ့အတိုင်း ကျွန်တော်တို့ လဆန်းတုန်းက ပြုလုပ်ခဲ့တဲ့ မြန်မာနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်မြှင့်တင်ရေး၊ ဒီအလုပ်ရုံဆွေးနွေးပွဲကြီးမှာ ကျွန်တော်တို့ ဆေး လောကရဲ့ ရှေ့ဆောင်ကျန်းမာရေးလောကရဲ့ရှေ့ဆောင်စာရေးဆရာမကြီးများရဲ့အစည်းအဝေးမှာအကြံပြုချက်များအရ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနကို ဖွဲ့စည်းပုံတိုးချဲ့ရန် အစီအစဉ်ရှိပါတယ်။ အဲဒီလို တိုးချဲ့ပြီးတဲ့အခါမှာဆိုလို့ရှိရင် အစားအသောက်နဲ့ ဆေးဝါးကွပ် ကဲရေးဌာနက နယ်စပ်ကုန်သွယ်ရေးစခန်း ရှိတဲ့ဒေသတွေမှာ ဌာနစိတ်တွေ ဖွင့်လှစ်ပြီးတော့ ဒီလုပ်ငန်းများကို ပိုမိုတိုးချဲ့ပြီးတော့ ဆောင်ရွက် သွားနိုင်လိမ့်မယ်လို့ ကျွန်တော် ဖြေကြားအပ်ပါတယ်။

နောက်မေးခွန်းတစ်ခုကတော့ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် မြေပဒုံကျေးရွာအုပ်စု၊ ဆူးတောကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံနဲ့ ပတ်သက်တဲ့မေးခွန်း ဖြစ်ပါတယ်။ ဒါကိုဖြေကြားရမယ်ဆိုရင် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့က ကျွန်တော်တို့ ပြောခဲ့တဲ့အတိုင်း ဆေးရုံအသစ် တည်ဆောက်တယ်။ တည်ဆောက်ပြီး ဆေးရုံတွေကို လုပ်ငန်းလိုအပ်ချက်အ ရ ခုတင်အဆင့် တိုးမြှင့်တယ်။ စံကိုက်ဖွဲ့စည်းပုံဖြစ်အောင် ပြုပြင်တယ်။ အထူးကုဌာနများဖွင့်လှစ်ခြင်း စသည်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်၊ ဒေသခံပြည်သူလူထုအနေနဲ့ မိမိအစီအစဉ်နှင့် ဆေးရုံများ တည်ဆောက်နေခြင်းကိစ္စကိုလည်း ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကောင်းတဲ့ကိစ္စ လုပ်ရပ်တစ်ခု အဖြစ်နဲ့ ကန့်ကွက်ရန်လည်း မရှိပါဘူး။ သဘောတူပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့

ဆေးရုံများ ဆောက်လုပ်ရာတွင် နိုင်ငံတော်မှ ခွင့်ပြုဘတ်ဂျက်အရ လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဦးစားပေး အစီအစဉ်အတိုင်း တည်ဆောက်ပေးလျက် ရှိပါတယ်။ ဒီလို တည်ဆောက်ပေးလျက် ရှိရာမှာ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ မြပဒုံကျေးရွာအုပ်စုရှိ ၁၆ ခုတင်ဆံ့ ဆူးတောကျေးရွာ တိုက်နယ်ဆေးရုံဟာ ကျန်းမာရေးဝန်ကြီးဌာနမှဖွင့်လှစ်ခွင့်ပြုပြီးတဲ့ ဆေးရုံဖြစ်တဲ့အတွက် နိုင်ငံတော်မှ ခွင့်ပြုဘတ်ဂျက် အခြေအနေပေါ် မူတည်ပြီးတော့ ယင်းတိုက်နယ်ဆေးရုံတည်ဆောက်ရေးအတွက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်ကြားလိုပါတယ်။

နောက်ဆုံးမေးခွန်းကတော့ ဦးမောင်သာခင် ရဲ့ မေးခွန်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်သာခင် ရဲ့မောင်တောမြို့နယ် ပေါ်ရှိ လက်ရှိပြည်သူ့ဆေးရုံ ခုတင်(၅၀)ဆံ့ကို တိုးချဲ့ဆောက်လုပ်ရန်ဆိုတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဆေးရုံများ တိုးချဲ့ ဆောက်လုပ်ရာမှာ ဒီအချက် (၂)ချက်ပါ။ တစ်ချက်ကတော့ ဖွဲ့စည်းပုံ အရ ရရှိနိုင်တဲ့ ရပိုင်ခွင့်နဲ့ လုပ်ငန်းခွင်အရ လုပ်ငန်းလိုအပ်ချက်အရ ရှိဖို့လိုအပ်တဲ့ ကျန်းမာရေးဝန်ထမ်းများ ၊ ဒီနှစ်ခုကို ချင့်ချိန် ပြီးတော့ ကျွန်တော်တို့ ဦးစားပေး အစီအစဉ်အတိုင်း နိုင်ငံတော်ရဲ့ ဘတ်ဂျက်ခွင့်ပြုငွေအားဖြင့် တည်ဆောက်ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ မောင်တောမြို့ပေါ်မှာ လက်ရှိ ပြည်သူ့ဆေးရုံ ခု တင်(၅၀)ဆံ့ ဆေး ရုံကိုလည်း ကျွန်တော်တို့ ခုနကပြောတဲ့အတိုင်း ဖွဲ့စည်းပုံအရ ခွင့်ပြုချက်နှင့် လုပ်ငန်းလိုအပ်ချက်ကို ကိုက်ညှိ သုံးသပ်ပြီးတော့ ဦးစားပေး အစီအစဉ်အတိုင်း နိုင်ငံတော်မှ ခွင့်ပြုဘတ်ဂျက်နဲ့ တည်ဆောက် ပေးမှာဖြစ်တဲ့အကြောင်း ပြန်ကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**အခြေခံပညာအဆင့်အသီးသီးတွင် အရည်အချင်းစစ်စာမေးပွဲများ ကျင်းပရန်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု မေး မြန်းမယ့် မေးခွန်းများဟာ ပညာရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးနု က သက်ဆိုင်ရာ မေးခွန်းများကို တ စ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က အခြေခံပညာအဆင့် အသီးသီးတွင် အရည်အချ င်းစိစစ်ရေး စာမေးပွဲ များကျင်းပရန်နဲ့ စပ်လျဥ်းတဲ့မေးခွန်း ၊ အခြေခံ ပညာနယ်ပယ်တွင် အမျိုးသားဆရာများ ရှားပါးလာခြင်းနှင့် စပ်လျဥ်းသည့်မေးခွန်း ၊ အခြေခံ ပညာနယ်ပယ်တွင် အဆင့်အလိုက် ရာထူးတိုးမြှင့်ခန့်ထားရေးနှင့် စပ်လျဥ်းသည့် မေးခွန်းများကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)** ။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မျာခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ဖြစ်ပါတယ်။ ကျွန်တော်တင်ပြထားတဲ့ မေးခွန်းများအနက် ပထမဆုံးတင်ပြတဲ့ မေးခွန်းကတော့ အခြေခံပညာအဆင့်အသီးသီးမှာ အရည်အချင်းစစ် စာမေးပွဲတွေ ကျင်းပပြီးတော့ ပညာ အရည်အသွေး မြှင့်တင်ပေးနိုင်မယ့် အစီအစဉ်ကို မေးမြန်းထားခြင်းဖြစ်ပါတယ်။ လေးစားအပ် ပါသော ဥ က္ကဋ္ဌကြီးခင်ဗျား။ အ ခြေခံပညာကဏ္ဍမှာဖြင့် မူလတန်းအဆင့်မှာ Grade(1)ကနေ Grade(5)အထိ ပညာသင်ကြားပို့ချလျက်ရှိပြီးတော့ ပညာသင်နှစ် ကာလက(၅)နှစ် ဖြစ်ပါတယ်။ အခြေခံပညာ အလယ်တန်းအဆင့်မှာတော့ Grade(6)ကနေ Grade(9)အထိ သင်ကြားတာ ဖြစ်တဲ့အတွက် ပညာသင်ကြားနှစ် (၄)နှစ်ဖြစ်ပါတယ်။ အထက်တန်းအဆင့်မှာတော့ Grade(10) ကနေGrade(11)ထိ ပညာသင်ကြားခွင့် (၂)နှစ် ဖြစ်တဲ့အတွက်ကြောင့် စုစုပေါင်း အခြေခံပညာ နယ်ပယ်မှာပဲ ကလေးသူငယ် ကျောင်းသား/ကျောင်းသူတို့ဟာ (၁၁)နှစ်ကြာမျှ ပညာသင်ကြားခွင့် ရတဲ့ အကြောင်းကို ဦးစွာတင်ပြလိုပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာ (၁၁)နှစ်ခရီး လျှောက်လှမ်းကြတဲ့ ကလေးတွေဟာဖြင့် ပညာသင်နှစ် ကုန်ဆုံးတဲ့ (၁၁)နှစ်အကြာ Grade(11)ရောက်တော့မှပဲ တက္ကသိုလ်ဝင်စာမေးပွဲကြီး ကျင်းပပြီးတော့ အရည်အချင်းစစ် စာမေးပွဲစစ်ဆေးကာ တက္ကသိုလ်နယ်ပယ်ကို ဝင်ခွင့်ရတဲ့ အရည်အချင်း စစ်ဆေးမှုကြီးတစ်ခုဟာ လက်ရှိကျင့်သုံးလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် မှာ ပညာသင်ယူနေကြတဲ့ ကလေးများ ကတော့တတ်အောင်သင်၊အောင်အောင်စစ်ဆိုတဲ့မူနဲ့ အခြေခံပြီးတော့ ကျောင်းအတွင်းစစ်စာမေးပွဲတွေ ကျင်းပပြီး အလွယ်တကူ အတန်းတက်ခွင့် ရနေတယ်လို့ ယူဆဖွယ်ရာရှိနေပါတယ်။ အဲဒီလို အလွယ်တကူ အတန်းတင်ပေးခွင့်များ ရရှိနေ ခြင်းအားဖြင့် ဒီအခြေခံပညာကျောင်းတွင်းစစ် စာမေးပွဲကို တာဝန်ယူသင်ကြားနေတဲ့ ဆရာ / ဆရာမများဟာလည်း ပေါ့လျော့ပြီးတော့ အရည်အသွေး လျော့ပါးလာမလားလို့ စိုးရိမ်ဖွယ်ရာ အချက်တစ်ချက်ကိုလည်း တွေးရန်ရှိနေပါတယ်။လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။အလားတူပါပဲ။ဒီကလေးတွေဟာလည်း ဒီကျောင်းတွင်းစစ် စာမေးပွဲနဲ့ (၁၀)နှစ်ခရီးလောက် ဖြတ်သန်းရတဲ့ ကလေးတွေဟာလည်းပဲ သူတို့အရည်အချင်း ပြည့်မီရဲ့လားလို့ ပြန်လည် စဉ်းစားရန်ရှိလာပါကြောင်း တင်ပြလိုပါတယ်။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသား ကျောင်းသူများ ကို (၁၁)နှစ်ကြာမှ တစ်နည်းအားဖြင့် Grade(11)ကို ရောက်တော့မှပဲ တက္ကသိုလ်ဝင် စာမေးပွဲကြီးကျင်းပပြီးတော့ သူတို့ကလေးတွေရဲ့ ဘဝတံတိုင်းကြီးကို ခက်ခက်ခဲခဲ ကျော်လွှားနိုင်ရန် ကြိုးပမ်း ဆောင်ရွက်ပေးတဲ့ အ စီအစဉ်ဟာ သင့်မသင့်ပြန်လည်စဉ်းစားရမယ့် အခြေအနေရောက်နေပြီလို့ ယူဆမိကြောင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စာမေးပွဲစနစ်ကို မလွဲမရှောင်သာ ကျွန်တော်တို့ ကျင့်သုံးနေရသည်မှာ ရှေးယခင်ကတော့ဖြင့် ရှိခဲ့တဲ့စနစ်တွေကို ပြန်လည် သုံးသပ်ကြည့်မယ်ဆိုရင် စတုတ္ထတန်းလို ယခင်ကရှိခဲ့ပြီး ယခုအခါမှာ Grade(5) ဖြစ်နေပြီးဖြစ်တဲ့ မူလတန်းအဆင့်ပြီးဆုံးတဲ့ စာမေးပွဲ ကိုတော့ဖြင့် မြို့နယ်အဆင့်စာစစ်ဘုတ်အဖွဲ့ဖွဲ့စည်းပြီးတော့ စစ်ဆေးသင့်ပါတယ်၊ ဒီနည်းအားဖြင့် အခြေခံပညာမူလတန်း နယ်ပယ်က ကလေးများတွေရဲ့ သင်ယူ တတ်မြောက်မှု အခြေအနေဟာ ပြည့်စုံမှုရှိ/မရှိကို မြို့နယ်အဆင့်ကနေစွပ်ကဲပြီးတော့ ကလေးတွေရဲ့အရည်အသွေး ကို တစ်ဆင့်စိစစ်နိုင်တဲ့အခွင့်အလမ်း ပေါ်ပေါက်လာပါလိမ့်မယ်၊ ဥက္ကဋ္ဌကြီးခင်ဗျား။ အလယ်တန်း အဆင့်ဟာလည်း Grade(9)မှာ ပြီးဆုံးတာဖြစ်တဲ့ အတွက် Grade(9) ရောက်လို့ရှိရင်လည်းပဲ ဒီကလေးတွေကို သူရဲ့ Grade(9) ကျွန်တော်တို့ အခြေခံ ပညာအလယ်တန်းအဆင့်နယ်ပယ်မှာ ရှိနေတဲ့ အရည်အသွေးတွေပြည့်မီရဲ့လားလို့ ဒုတိယအကြိမ် စာမေးပွဲစစ်ဆေးဖို့အတွက် ပြည်နယ် တိုင်းဒေသကြီးအဆင့်စာစစ်ဘုတ်အဖွဲ့တွေဖွဲ့စည်းပြီးတော့စိစစ်ပေးမယ်ဆိုရင် ဒုတိယအကြိမ်မြောက် ကလေးတွေရဲ့အရည်အချင်းကိုကျော်လွှားလွန်မြောက်နိုင်တဲ့စိစစ်မှုများရရှိနိုင်တဲ့အတွက်တတိယအကြိမ် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုချိန်မှာ အလွယ်တကူ ပန်းဝင်နိုင်ကြပါလိမ့်မယ်။ လေးစားအပ်တဲ့

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် အခြေခံပညာနယ်ပယ်အလိုက် အရည်အချင်း၊ အရည်အသွေး တွေ မြင့်မားလာအောင် ထိန်းကျောင်းဖို့ အင်မတန်လိုအပ်နေတဲ့ အချိန်အခါမှာ ပညာရေးဝန်ကြီးဌာန အနေနဲ့ အခြေခံပညာ မူလတန်းအဆင့်ပြီးဆုံးတဲ့ Grade(5) ပြီးဆုံးတဲ့အခါမှာ မြို့နယ်စာစစ် ဘုတ်အဖွဲ့ ဖွဲ့စည်းပြီးတော့ ဆောင်ရွက်သွားဖို့ အစီအစဉ် ရှိ/မရှိ။ နောက် အခြေခံပညာအလယ်တန်း အဆင့်ပြီးဆုံးတဲ့ Grade(9) စာမေးပွဲကိုလည်းပဲ ပြည်နယ်တိုင်းဒေသကြီး စာစစ်ဘုတ်အဖွဲ့ ဖွဲ့စည်းပြီးတော့ အရည် အချင်း၊ အရည်အသွေးတွေ မြင့်မားအောင် အကောင်အထည်ဖော် ဆောင်ရွက်ပါရန် အစီအစဉ် ရှိ /မရှိနဲ့ တတိယမေးခွန်းကတော့ အစီအစဉ် ရှိမယ်ဆိုလို့ရှိရင် မည်သည့်ပညာသင်နှစ်လောက်မှာ စတင်အကောင်အထည် ဖော်ဆောင်ရွက်သွားရန် ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပညာရေးဝန်ကြီးဌာနသို့ မေတ္တာရပ်ခံပြီးကြားရင်း မေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။

**အခြေခံပညာနယ်ပယ်တွင် အမျိုးသားဆရာများ ရှားပါးလာခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

ဒုတိယမေးခွန်းကတော့ အခြေခံပညာနယ်ပယ်မှာ အမျိုးသားဆရာများတစ်နေ့တစ်ခြား ရှားပါးလာတဲ့ ကိစ္စနှင့်ပတ်သက်ပြီးတော့ တင်ပြလိုခြင်း ဖြစ်ပါတယ်။ မေး မြန်းတင်ပြလိုတဲ့ အချက်အလက်နဲ့ပတ်သက်ပြီး ကျွန်တော် ရှင်းလင်းတင်ပြရမယ်ဆိုရင် အခြေခံပညာနယ်ပယ်မှာ ကာယ၊ ဉာဏ၊ စာရိတ္တနဲ့ရသ၊ သက်မွေး ဘက်စုံပညာရေးဆိုပြီးတော့ ကလေးတွေကိုဘက်စုံတိုးတက် ဖွံ့ဖြိုးအောင်အတွက် ကြိုးပမ်းနေရတဲ့အချိန်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိဘနှစ်ပါး ပြည့်ပြည့်စုံစုံ နေခွင့်ရတဲ့ကလေးတွေရဲ့ စိတ်ဓာ တ်ဟာ လုံခြုံပြည့်စုံမှုရှိတဲ့အတွက်ကြောင့် စိတ်ချမ်းမြေ့မှုနဲ့ ကလေးတွေရဲ့ဘဝဟာ အပြည့်အဝ ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်မှာဖြစ်ပါတယ်။ ဒီလိုပါပဲ၊ ဆရာတွေ၊ ဆရာမတွေ စုံစုံလင်လင်ရှိတဲ့ ကျောင်းတွေ မှာ သင်ကြားခွင့်ရတဲ့ ကလေးတွေရဲ့ ဘဝ ဟာလည်း ကျောင်းနေဘဝဟာ စိတ်ဓာတ်လုံခြုံ ပြည့်စုံပြီးတော့ပျော်ရွှင်နေမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။အိမ်မှာရှိတဲ့အဖေနဲ့တူတဲ့ဆရာကျောင်းမှာရှိနေတာ တွေ့တဲ့အခါကျတော့ အဖေ့ရင်ခွင်မျိုး ရထားတဲ့တပည့်ဟာကြီးစွာသော မေတ္တာဓာတ်ကိုခံယူရင်းနဲ့ ပညာသင်ကြားမှုဟာ ထိရောက်တဲ့ အကျိုးကို ပေးနိုင်ပါတယ်။ အလားတူပဲ အိမ်မှာရှိတဲ့ မိခင်နဲ့တူတဲ့ မေတ္တာမျိုးကို ပေးနိုင်တဲ့ ဆရာမများ ရှိနေခြင်းဟာ ဒီကလေးတွေရဲ့ ကျောင်းမှာလည်း စိတ်ဓာတ်လုံခြုံ ပြည့်စုံမှုကို ကြီးစွာသော အထောက် အပံ့ကို ရှိစေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ မိဘနှစ်ပါးကွယ်လွန်လို့

အရွယ်မရောက်ခင် ကွယ်လွန်သွားကြတဲ့ ကလေးတွေဟာ ကျောင်းကိုရောက်လာချိန်မှာ အဖေလို မေတ္တာမျိုး ပေးနိုင်မလားဆိုတဲ့ ကျောင်းဆရာကို ရှာပြီးကြည့်တဲ့အခါမှာ ကျောင်းဆရာက အဖေလို မေတ္တာမျိုး မပေးနိုင်ဘူးဆိုရင် ဒီကလေးဟာ ကျောင်းသည် သူ့ဘဝအတွက် မလိုအပ်တဲ့နေရာအဖြစ် ယူဆသွားတတ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား ။ အလားတူပါပဲ ကျောင်းကို ရောက်လာတဲ့ မိဘမဲ့ကလေးဟာ အမေလို မေတ္တာမျိုး ပေးနိုင်မလားဆိုပြီး ဆရာမများထံမှ မေတ္တာခိုလှုံလိုတဲ့ ကလေးတွေဟာ မိခင်မေတ္တာမျိုးမပေးနိုင်တဲ့ ဆရာမများနှင့် တွေ့ပြန်ရင်လည်း အလားတူပဲ ဒီကျောင်းကို သူ့ရဲ့ နေချင်စရာ အရပ်ဒေသတစ်ခုအဖြစ်နဲ့ မှတ်ယူခြင်း မရှိတော့ဘဲ ကျောင်းနဲ့ ဝေးကွာတဲ့အရပ်ကို ထွက်ခွာသွားတတ်တဲ့ သဘောသဘာဝရှိပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်ကလေးတွေရဲ့ကျောင်းနေဘဝ စိတ်ဓာတ် လုံခြုံပြည့်စုံပျော်ရွှင်မှုဟာ ကျွန်တော်တို့ ကနေ့လူကြီးများ ဖြည့်ဆည်းပေးရမယ့် အလွန်အရေးကြီးတဲ့ အချက်တစ်ချက် ဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမိအဖနဲ့တူတဲ့ ဆရာ /ဆရာမများ ပြည့်ပြည့်စုံစုံရှိနေသင့်သော်လည်းပဲ အမျိုးသားဆရာ လုံးဝမရှိတဲ့ကျောင်း အရေအတွက်ဟာ ကနေ့ တစ်နေ့တစ်ခြား တိုးပွားများပြားလာနေကြောင်း တွေ့ရပါတယ်။ အမိမဲ့သား ရေနည်းငါး ဆိုတာလို အဖမဲ့သား ရေနည်းငါးလို့ပဲ ပြောရမလို ဖြစ်နေပါတယ်။ ဒါကြောင့် ဖခင်မေတ္တာမျိုး ပေးစွမ်းနိုင်တဲ့ အမျိုးသားဆရာများ ရှိမနေခြင်းက ကျောင်းသားကျောင်းသူတို့ရဲ့ ကျောင်းနေဘဝကို မေတ္တာကွက်လပ် တစ်စိတ်တစ်ပိုင်း လိုအပ်ချက်တစ်ရပ် ဖြစ်နေမလားလို့ တွေးမိပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျောင်းဆရာများ ကျောင်းမှာရှိနေမယ်ဆိုလို့ ရှိရင် သင်ကြားရေး၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဖွံ့ဖြိုးရေးနဲ့ စည်းကမ်း ထိန်းသိမ်းရေး စတဲ့အရာများမှာ အလွန်အားကိုးဖွယ်ရာ အခွင့်အလမ်း တစ်ခုအဖြစ် ရောက်ရှိမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ အမျိုးသားကျောင်းဆရာများ ပညာရေး လောကမှာ တစ်နေ့တစ်ခြား လျော့ပါးလာနေခြင်းကို ပြန်လည်သုံးသပ်သင့်တဲ့အချိန်လည်း ရောက်နေပြီဖြစ်ပါတယ်။ အဲဒီလိုပြန်လည်သုံးသပ်တဲ့အခါမှာ နည်းလမ်းသစ်တွေ ရှာဖွေကြိုးပမ်းဖို့လည်းလိုမှာဖြစ်ပါတယ်။ ဒါကြောင့်အခြေခံပညာဆုံခါးပေါက်ကို အမျိုးသားကျောင်းဆရာများလိုလိုလားလား ဝင်ရောက်လာနိုင်မယ့် နည်းလမ်းတွေကို ကျွန်တော်တို့ လူကြီးများဟာ မဖြ စ်မနေ စဉ်းစားလုပ်ဆောင် အကောင် အထည်ဖော်ရတော့မယ့် အချိန်ကို ရောက်နေပြီလို့ ကျွန်တော် ယူဆမိပါတယ်။

သို့ပါ၍ ဥက္ကဋ္ဌကြီးခင်ဗျား၊ ဥက္ကဋ္ဌကြီးမှတစ်ဆင့်ပညာရေးဝန်ကြီးဌာနသို့ အလေးအနက် ပန်ကြားမေးမြန်းလိုတဲ့ အချက်ကတော့ (က)လက်ရှိဖွင့်လှစ်ပြီး အခြေခံပညာကျောင်းများ မှာ အမျိုးသမီး သီးသန့်ကျောင်း မပါပေ့်နော်။ ဖွင့်လှစ်ပြီး အမျိုးသမီးရော၊ အမျိုးသားရော ၊ ကျောင်းတက်ခွင့်ရတဲ့ ကျောင်းအသီးသီးမှာ အမျိုးသမီးဆရာမချည်းပဲ ရှိပြီးတော့ အမျိုးသား ဆရာ လုံးလုံးမရှိတဲ့ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း အရေအတွက်က တစ်နိုင်ငံလုံး အတိုင်းအတာအရ မည်ရွေ့မည်မျှ ရှိနေပါသလဲ။ ဒုတိယမေးခွန်းက အမျိုးသားကျောင်းဆရာများဟာ အခြေခံပညာနယ်ပယ်မှာ မျိုးဆက်မပြတ်ရေးအတွက် ထူးခြားသော အစီအမံအခွင့်အလမ်းတွေနဲ့ ဆောင်ရွက်ပြီးတော့ စိတ်ပါဝင်စား စွာ အလွယ်တကူ ဝင်ရောက်လာနိုင်မယ့် လမ်းကို ဖွင့်ပေးရန် ပညာရေး ဝန်ကြီးဌာနမှ လမ်းဖွင့် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် တတိယမေး ခွန်းကတော့ အစီအစဉ်ရှိမယ် ဆိုရင်လည်းပဲ မည်သည့်ပညာသင်နှစ် လောက်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပညာရေးဝန်ကြီးဌာနသို့ မေတ္တာ ရပ်ခံ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အခြေခံပညာနယ်ပယ်တွင် အဆင့်အလိုက် ရာထူးတိုးမြှင့်ခန့်ထားရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ တတိယမေးခွန်းဟာ အခြေခံ ပညာနယ်ပယ်မှာ အဆင့်အလိုက် ရာထူးတိုးမြှင့် ခန့်ထားရေးကိစ္စပဲ ဖြစ်ပါတယ်။ ဥ က္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ အခြေခံပညာနယ်ပယ်မှာ မူလတန်းအဆင့်၊ အလယ်တန်း အဆင့်နဲ့ အထက်တန်းအဆင့် ဆိုပြီးတော့ အဆင့်သုံးဆင့် ရှိနေတာဖြစ်ပါတယ်။

ပညာသင်ကြားပို့ချပေးနေတဲ့ ဆရာ/ဆရာမများမှာလည်းပဲ ကျွန်တော်တို့ မူလတန်းပြ မူလတန်း အတန်းများကို သင်ကြားပေးတဲ့ဆရာ/ဆရာမများကို မူလတန်းပြဆရာ ပညာရှင်အဆင့်(၁) ဟူ၍လည်းကောင်း၊ အလယ်တန်းပြဆရာ ပညာရှင်အဆင့်(၂)နဲ့ အထက်တန်းပြဆရာ ပညာရှင် အဆင့်(၃)ဆိုပြီးတော့ ဆရာကိုလည်း အဆင့်သုံးဆင့်ခွဲခြားပြီး ခန့်ထားစီစဉ်သင်ကြား အကောင်အထည် ဖော်လျက်ရှိနေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မူလတန်းပြဆရာများဟာ အရည်အချင်းအရ အလယ်တန်းပြ ဆရာအဖြစ် ရာထူးတိုးမြှင့် ခန့်ထားတဲ့အခါမှာ မူလတန်းအဆင့် ပညာရေးနယ်ပယ်ကနေပြီးတော့ အလယ်တန်းအဆင့် ပညာရေးနယ်ပယ်သို့ ပြောင်းရွှေ့ပြီး တာဝန်ထမ်းဆောင် ကြရပါတယ်။ ဒီနည်းအတိုင်းပါပဲ အလယ်တန်းပြ ဆရာ/ဆရာမများဟာလည်းပဲ အရည်အချင်း သတ်မှတ်ချက် အရ အထက်တန်းပြ ဆရာအဖြစ် ရာထူးတိုးမြှင့် ခန့်ထားတဲ့အခါမှာလည်းပဲ အလယ်တန်းအဆင့်

နယ်ပယ်ကနေ အထက်  တန်းအဆင့်နယ်ပယ်သို့ ပြောင်းရွှေ့  တာဝန်   ထမ်းဆောင်ခဲ့ရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ မူလတန်းပြ ဆရာမှ  အထက်တန်းပြဆရာအထိ ရာထူး အဆင့်ဆင့်   တိုးမြှင့်လေတိုင်း ပညာရေးနယ်ပယ် တစ်ခုမှတစ်ခုသို့ ပြောင်း       ရွှေ့နေရခြင်းဖြင့် ပညာရေးနယ်ပယ်တစ်ခုမှာ ကျွမ်းကျင်နိုင်နင်းတဲ့ဝါရင့်ဆရာ/ဆရာမများရရှိဖို့ အားနည်းနေကြောင်း တွေ့ရှိရပါတယ်။ လေးစားအပ်ပါသော     ဥက္ကဋ္ဌကြီးခင်ဗျား၊   ကျောင်းသို့ဝင်စက ငယ် ရွယ်နုတဲ့ ကလေးများရှိရာ မူလတန်းအဆင့် နယ်ပယ်က  မူလတန်းပြ  ဆရာ/ဆရာမ  တစ်ဦးဟာ၊ ပညာရှင် အဆင့်(၁)က   ဆရာ/ဆရာမ   တစ်ဦးဟာ ရာထူး တိုးမြှင့်   ခန့်ထားရင်  ဒီနယ်ပယ်ကနေပြီးတော့ ကျွန်တော်တို့ ရွှေ့ ပြောင်းပြီးတော့ အခြား    အလယ်တန်း၊ အထက်တန်းနယ်ပယ်ကို    သွားရမှာ ဖြစ်တဲ့အတွက်ကြောင့်၊  အဲဒီကလေးတွေရဲ့   ဘဝဟာ ရင့်ကျက်တဲ့အတွေ့အကြုံများ  တဲ့  ဆရာ/ ဆရာမများ ထွက်ခွာသွား  ကြတဲ့အတွက်ကြောင့် ကလေးတွေ       ဆုံဆည်းနေရတဲ့အတွက်ကြောင့် အသိပညာအလိမ္မာ  နွေးထွေးတဲ့   မေတ္တာပေးနိုင်မယ့်  ကျွမ်းကျင်တဲ့ ဝါရင့်ဆရာ /ဆရာမများဟာ မူလတန်းနယ်ပယ်ကနေအဆင့်ဆင့် ကူးပြောင်းသွားတာကို တွေ့ရှိရပါတယ်။ဒါကြောင့်မို့လို့အခြေခံ ပညာရေးနယ်ပယ်မှာ ပညာရေး  တည်ငြိမ်တိုးတက်မှုကို ရှေး ရှုပြီးတော့ မူလတန်းပြ   ဆရာကနေ အထက်တန်းပြဆရာအထိသူ့အရည်အချင်းအလျောက် အဆင့်ဆင့်ရာထူးတိုးမြှင့် ခန့်ထားဖို့အတွက် ခန့်ထားသော်လည်းပဲ အဲဒီဆရာက ဆန္ဒအ လျောက်ရှိမယ်ဆိုရင် မူလတန်း နယ်ပယ်မှာပဲ ပြန်လည် သင်ကြားခွင့်ရတဲ့အခွင့်အလမ်းကိုလည်းကောင်း၊အလယ်တန်းပြဆရာတစ်ယောက်ဟာသူ့ရာထူး အဆင့်တိုးမြှင့်ဖို့ အခွင့်သင့်တဲ့အတွက်ကြောင့်      အထက်တန်းပြဆရာအဖြစ်သို့ အရည်အချင်း တိုးမြှင့်ခန့်ထားတဲ့   နေရာမှာလည်းပဲ   သူ့ရဲ့ဆန္ဒအလျောက် အလယ်တန်း  အဆင့်  နယ်ပယ်မှာပဲ ပညာသင်ကြားခွင့်ကိုလည်းကောင်း၊ အထက်တန်းပြဆရာ/ဆရာမများကိုတော့အထက်အတန်းအဆင့် ပညာရေးနယ်ပယ်တွင်သာမက သူဟာ အရည်အချင်းမြှင့်ပြီး   သားဖြစ်တဲ့အတွက် အလယ်တန်း အဆင့်နဲ့မူလတန်းအဆင့်    ပညာရေးနယ်ပယ်များမှာပါ သူ့ ရဲ့ဆန္ဒအလျောက်    သင်ကြားခွင့်ဆိုတဲ့ အခွင့်အလမ်းများကို    ပေးသင့်ကြောင်း အကြံပြုလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုပေးတဲ့ အတွက်ကြောင့် ပညာရေးနယ်ပယ်တစ်ခုမှာ မူလတန်းအဆင့်မှာဖြစ်စေ၊   အလယ်တန်းအဆင့်မှာ ဖြစ်စေ အထက်တန်းအဆင့်မှာဖြစ်စေ နယ်ပယ်တစ်ခုချင်းအတွက် သင့်တော်တဲ့ ပညာရေးခန့်ခွဲမှု အထက်တန်း၊   အလယ်တန်း၊  မူလတန်းဆိုင်ရာခန့်ခွဲမှုရာထူးခွဲဝေပြီးတော့ လိုအပ်မယ်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ဒီမေးခွန်းကို ကျွန်တော်မေးမြန်း ရခြင်းနဲ့ ပတ်သက်ပြီးတော့ ပညာရည်တိုးတက်

မြင့်မားစေဖို့ အထူး ရည်ညွှန်း၍ မေးမြန်းခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မြန်မာတစ်နိုင်ငံ လုံးမှာ အခြေခံပညာကျောင်းပေါင်း ၄၀၀၀၀ ကျော် ရှိပါတယ်။ အဲဒီ အခြေခံ ပညာကျောင်းပေါင်း ၄၀၀၀၀ ကျော်ကို ဆရာ/ဆရာမပေါင်း ၂၇၀၀၀၀ ကျော်နဲ့ သင်ကြားပို့ချနေတာ ဖြစ်ပြီးတော့ ကျော င်းသားကျောင်းသူများ ၈ သန်းခန့် ပညာသင် ယူနေတာ ဖြစ်ပါတယ်။ ဤမျှ လူ့ဘဝကိုစတင်ပြီးတော့ ပြုစုပျိုးထောင်တဲ့၊ လူ့အရင်းအမြစ်ကို စတင်တဲ့ ကလေးတွေရဲ့ နယ်ပယ်ဟာ အလွန်အရေးကြီးလှပါတယ်။ ဒါကြောင့် အလွန်အရေးကြီး လှတဲ့အတွက်ကြောင့် ဒီပညာရေးနယ်ပယ်မြှ င့်တင်မယ့် နည်းလမ်းတွေကိုတော့ တစ်နေ့တစ်ခြား ဆတက်ထမ်းပိုးတိုးပြီး ကျွန်တော်တို့ စဉ်းစားသွားရပါလိမ့်မယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်လေ့လာမိသမျှ တိုးတက်တဲ့ နိုင်ငံကြီးတွေမှာ ပါရဂူဘွဲ့ရသည့်သူဖြ စ်စေ KG တန်း မူလတန်းမှာ ဆင်းသင်နေ ခြင်းအားဖြင့် အဲဒီပုဂ္ဂိုလ် ဟာ သူရဲ့ရာထူး ၊ သူရဲ့ပညာရေးအ လျှောက် ခံစားမှုတော့ပေးကြောင်းကိုတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်အခု တင်ပြတဲ့အချက် အလက်များကိုလည်းပဲ အဆင့်အလိုက် ပညာရည်မြ င့်မားရေးကို ရည်ညွှန်းတာဖြစ်တဲ့အတွက် ကြောင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှ ပြုပြင်ပြောင်းလဲ ရန် သင့်မယ်ဆိုတဲ့အချက်အလက်များကို တင်ပြခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်သည် အခြေခံပညာရေးနယ်ပယ်မှာ အောက်ခြေအဆင့်ကနေပြီး ပညာရေးအရာရှိဘဝအထိ (၄၅)နှစ်နဲ့ (၃)လကြာမျှ အမှုထမ်းဆောင် ခဲ့ပါတယ်။ ဤမျှရှည်လျားတဲ့ ပညာရေး ခရီးတစ်လျှောက်လုံးမှာ ပညာရေးဌာနရဲ့ လိုအပ်ချက်များကို တ စ်စိုက်မတ်မတ် ကြိုးပမ်း ရင်းနဲ့ ယခု ကျွန်တော် အငြိမ်းစားယူပြီးတဲ့အချိန်မှာ အခြေခံပညာရဲ့ အဘက်ဘက်က တိုးတက်စေဖို့ အလေးအနက် ထားသောအားဖြင့် ဒီမေးခွန်းများကို မေးလိုက်ရခြင်းကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှ အကောင်းဆုံးဖြည့်ဆည်း ဆောင်ရွက်သွားနိုင်လိမ့် မယ်လို့ မျှော်လင့်ရင်းနဲ့ ကျွန်တော်ရဲ့မေးမြန်းချက်ကို နိဂုံးချုပ်အပ်ပါတယ်။ များစွာကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အခု လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသွားတဲ့ မေးခွန်းတွေကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၈။**

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ပြည်ထောင်စု ပညာရေးဝန်ကြီးအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ၏ မေးခွန်း(၃)ခုကို တစ်ဆက်တည်း ဖြေကြားခွင့်ပြု ပါခင်ဗျား။ ပထမမေးခွန်းကို ကျွန်တော်ဖြေရမယ်ဆိုရင်တော့ ကျွန်တော်တို့ ဒီနိုင်ငံအလိုက် အခြေခံပညာအဆင့်တစ်ခု၏ နောက်ဆုံးအတန်းပြီးဆုံးချိန်တွင် စာမေးပွဲစစ်ဆေး၍ ပညာအရည် အချင်းကို တိုင်းတာသတ်မှတ်လေ့ရှိပါတယ်။ မြန်မာနိုင်ငံတွင်လည်း ယခင်က မူလတန်းအဆင့် စတုတ္ထတန်းပြီးဆုံးချိန်တွင် မြို့နယ်စာစစ်ဘုတ်အဖွဲ့ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် အဋ္ဌမတန်း ပြီးဆုံးချိန်တွင် မြန်မာနိုင်ငံစာစစ်အဖွဲ့ သို့မဟုတ် တိုင်းနှင့် ပြည်နယ် စာစစ်ဘုတ် အဖွဲ့ဖြင့်လည်းကောင်း အထက်တန်းအဆင့် ဒသမတန်းပြီးဆုံးချိန်တွ မြန်မာနိုင်ငံစာစစ်အဖွဲ့နှင့်တက္ကသိုလ်များ ပူးပေါင်း၍လည်းကောင်း စာမေးပွဲများကျင်းပ၍ စစ်ဆေးခဲ့ပါတယ်။ ထိုစဉ်က စာမေးပွဲစနစ် အလွန်အကျွံလွှမ်းမိုးမှုကြောင့် ကျောင်းသားကျောင်းသူများ၏ ကျောင်းထွက်နှုန်း School Drop Out အတန်းကျနှုန်းများ မြင့်မားခဲ့ပါတယ်။ သို့ဖြစ်၍ ကျောင်းသားကျောင်းသူများ၏သင်ယူမှုအခွင့်အလမ်း ပိုမိုတိုးတက်ရရှိရေးအတွက် မူလတန်းအဆင့် မြို့နယ်စာစစ်ဘုတ်အဖွဲ့ဖြင့်စစ်ဆေးခြင်းကို ၁၉၇၂ ခုနှစ်မှစ၍လည်း ကောင်း၊ အလယ်တန်းအဆင့် တိုင်းဒေသကြီး /ပြည်နယ် စာစစ်ဘုတ်အဖွဲ့ဖြင့် စစ်ဆေးခြင်းကို ၁၉၉၂ ခုနှစ်မှစ၍လည်းကောင်း ရပ်ဆိုင်းခဲ့ပြီး သက်ဆိုင်ရာကျောင်းအလိုက် စစ်ဆေးခွင့်ပြုခဲ့ပါတယ်။ အခြေခံပညာကျောင်းများ အစီအစဉ်ဖြင့် စာ မေးပွဲမေးခွန်းပြုစုခြင်း၊ စာမေးပွဲကျင်းပခြင်း၊ အဖြေလွှာများကို မိမိတို့ကျောင်းများမှာပင် စစ်ဆေးဆောင်ရွက်နိုင်ခြင်းဖြင့် ဆရာ/ဆရာမများအတွက် နွေရာသီအားလပ်ရက်များ အပြည့်အဝရရှိခဲ့ကြပါသည်။ မြန်မာနိုင်ငံစာစစ်အဖွဲ့၊ တိုင်းနဲ့ပြည်နယ်နှင့် မြို့နယ်ပညာရေးမှူးရုံးများအနေဖြင့်လည်း စာမေးပွဲစစ်ဆေးရေးဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများ လျော့နည်းသွားပြီး ဆက်လက်ဆောင်ရွက်ရမည့် ပညာရေးစီမံကိန်းလုပ်ငန်းများတွင် ပိုမိုအာရုံစိုက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့ရာတွင် မူလတန်းအဆင့် စတုတ္ထတန်းအောင်မြင်သည့် ကျောင်းသားကျောင်းသူများသည် နီးစပ်ရာ အလယ်တန်း၊

အထက်တန်းအဆင့်သင် ကျောင်းများသို့ ကူးပြောင်းတက်ရောက်ရာတွင် လက်ခံသင်ကြားရသည့် ကျောင်းများရှိ ဆရာ/ဆရာမများက အဆိုပါ ကျောင်းပြောင်းလာသည့် ကလေးများသည် သင်ယူတတ်မြောက်မှု အဆင့်နိမ့်ကျနေကြောင်း ဝေဖန်ပြောဆိုမှုများ ရှိလာပါ သည်။ အခြေခံပညာကျောင်းအလိုက် ဆရာ /ဆရာမများအား ကျောင်းသားကျောင်းသူများအတွက် သင်ကြားသင်ယူမှုလုပ်ငန်းများနှင့် ပညာရ ည် စစ်ဆေးတိုင်းတာမှုလုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုထားသဖြင့် ဘာသာရပ်အလိုက် လပိုင်းမာတိကာနှင့်အညီ အပြည့်အဝ သင်ကြားရေးအပိုင်းတွင် ဆရာ/ဆရာမများ၏ စွမ်းအားစိုက်ထုတ်မှုများ လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

ကျောင်းသား၊ ကျောင်းသူများ၏ ထိုး ထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ဆက်စပ်အသုံးချနိုင်မှု၊ ဝေဖန်သုံးသပ်နိုင်မှု၊ ပြဿနာဖြေရှင်းနိုင်မှု စွမ်းရည်များကို တိုးတက်လာရေးအတွက် ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုပုံစံဖြင့် ပြောင်းလဲသင်ကြားပေးနိုင်ရန် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ UNICEF နှင့် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရလဒ်ကောင်းများ ရရှိခဲ့သဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုပုံစံဖြင့် လေ့ကျင့် သင်ကြား ပေးနိုင်ရေးအတွက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ် အတွင်း မူလတန်းပြဆရာ/ဆရာမများ အားလုံးကို လေ့ကျင့်သင်တန်းပေးနိုင်ရန် စီမံဆောင်ရွက်ဆဲ ဖြစ်ပါသည်။

သို့ဖြစ်၍ ဆရာ /ဆရာမများ၏ သင်ကြားမှုစွမ်းရည် မြင့်မားရေးနှင့် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူ မှုတတ်မြောက်မှု အရည်အသွေး မြင့်မားရေး၊ အတန်းစဉ် တက်ရောက်သင်ယူခွင့်ရရှိရေးတို့အတွက် အခြေခံပညာမူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်တို့၏ နောက်ဆုံးအတန်း ကျောင်းသား၊ကျောင်းသူများအတွက်ဆောင်ရွက်နိုင်မည့် ပညာရည်စစ်ဆေး တိုင်းတာရေး အစီအစဉ်ကို ပြန်လည်စိ စစ်သုံးသပ်ဆဲဖြစ်ပါကြောင်းနှင့် နိုင်ငံတော်၏ ပဉ္စမ ကာလတို(၅)နှစ် အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းကြောင်း ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒုတိယမေးခွန်းကို ဖြေပါ့မယ်။ ပညာရေး ဝန်ကြီးဌာန တစ်ခုလုံး၏သင်ကြားရေးနှင့် စီမံခန့်ခွဲရေး ဝန်ထမ်း စုစုပေါင်းအင်အားတွင် အမျိုးသားပါဝင်မှု ရာခိုင်နှုန်းမှာ ၂၃ ရာခိုင်နှုန်းသာ ဖြစ်ပါတယ်။ အခြေခံပညာဌာနများ တွင် ၂၀၁၁ ခုနှစ် မတ်လ အင်အားစာရင်းအရ သင်ကြားရေးဆရာ/ဆရာမအင်အား ၂၇၃၀၀၀ အနက် အမျိုးသား

အင်အား ၄၈၀၀၀ ကျော်ရှိသဖြင့် အမျိုးသားဆရာ ၁၇.၇ ရာခိုင်နှုန်းသာ ရှိပါတယ်။ ကျောင်းရုံး ဝန်ထမ်းအင်အား ၄၅၀၀၀ ကျော်နဲ့ အမျိုးသားအင်အား ၂၄၆၀၀ ကျော် ရှိပါသဖြင့် အမျိုးသား ပါဝင်မှု ၅၄.၅ ရာခိုင်နှုန်းသာ ရှိပါတယ်။ အခြေခံပညာရေး ဝန်ထမ်းဦးရေ စုစုပေါင်း(၃.၁၈)သိန်း ကျော်တွင် အမျိုးသား၂၃ ရာခိုင်နှုန်းခန့် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။အခြေခံပညာကျောင်း များတွင် အမျိုးသားဆရာဦးရေ တိုးတက်ခန့်ထားနိုင်ရေးအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်သင် သင်တန်းများသို့ အမျိုးသားဦးရေ ၄၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်ခဲ့သော်လည်း အမှန် တက်ရောက်နိုင်သည့်ဦးရေမှာ တက္ကသိုလ်ဝင် စာမေးပွဲအောင်သူများ၏ တက်ရောက်ရသည့် သင်တန်းတွင် အမျိုးသား ၂၂ ရာခိုင်နှုန်းခန့် တက်ရောက်ပြီး ဘွဲ့ရများ တက်ရောက်ရသည့် သင်တန်းတွင် အမျိုး သား ၇ ရာခိုင်နှုန်းခန့်သာ တက်ရောက်ကြောင်း တွေ့ရှိ ရပါသည်။ အမျိုးသားဆရာများကို ပိုမိုလေ့ကျင့် မွေးထုတ်ပေးနိုင် ရေးအတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမျိုးသားများ၏ တက္က သိုလ်ဝင်စာမေးပွဲ ရမှတ်ကို ၂၆၀ မှတ်ထိဆင်း၍ လည်းကောင်း၊ ဘွဲ့ရများအတွက် သင်တန်းဝင်ခွင့် ရေးဖြေစစ်ဆေးရာတွင်လည်း အမျိုးသားများ၏ ရမှတ်ကို လျှော့ ပေါ့၍သော်လည်းကောင်း ရွေးချယ်ခဲ့ပါသည်။ တက်ရောက် ရန် လျှောက်လွှာ တင်သွင်းသည့် အမျိုးသားဦးရေလည်း နည်း ပါးပါတယ်။ ယင်းတို့ နေထိုင်ရာ နေရာဒေသမှာပင် ပြန်လည် တာဝန်ထမ်းဆောင်ခိုင်ရေးအတွက် တိုင်းဒေသကြီး ပြည်နယ်အလိုက်၊ ခရိုင်အလိုက် တက်ရောက်ရမည့် ကျား /မ သင်တန်းသားဦးရေကို လျာထားသတ်မှတ် ပေးခဲ့သော်လည်း အချို့သော တိုင်းဒေ သကြီး၊ ပြည်နယ်များတွင် ဝင်ခွင့် အရည်အချင်း ပြည့်မီသည့် အမျိုး သား ဦးရေ ပိုနေပါက အမျိုးသားဦးရေ လျော့နည်းနေသည့် တိုင်းဒေသကြီး၊ ပြည်နယ်အင်အားဖြင့် တက်ရောက်ခွင့် ပြုထားပါသည်။ နှစ်စဉ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် အမျိုးသားအင်အားမှာ ၄၂ ရာခိုင်နှုန်း ပတ်ဝန်းကျင်သာရှိနေခြင်း၊ အမျိုးသားအများစုသည် ပြည်သူ့တပ်မတော်နှင့်ရဲတပ်ဖွဲ့များသို့ ဝင်ရောက်သွားခြင်း၊ နောက်တစ်ခုက သူနာပြုတက္ကသိုလ် နှင့်စီးပွားရေးတက္ကသိုလ်သင်တန်းမှအပ ကျန် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များအနေဖြင့် အမျိုးသားဦးရေကို ပိုမိုတိုးမြှင့်ခေါ်ယူခြင်း၊ မိဘ များ၏ ပင်မစီးပွားရေးလုပ်ငန်းတွင် အမျိုးသား အများစုက ဦးဆောင်တာဝန်ယူရခြင်း၊ ပညာတတ်အမျိုးသမီးအင်အား တိုးတက်လာခြင်းတို့ကြောင့် ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်လိုသည့် အမျိုးသားများ လျော့နည်းရခြင်းဖြစ်ကြောင်းကို တွေ့ရှိရပါသည်။

အခြေခံပညာကဏ္ဍတွင်ဝန်ထမ်းအင်အား ၃.၁၈ သိန်းကျော်ရှိသော်လည်း၊အရာထမ်း ဦးရေမှာ၁၆၀၀ ခန့်သာရှိသဖြင့် အရာထမ်းနှင့် အမှုထမ်းအချိုးမှာ၁း၂၀၀ ဖြစ်ပါသည်။ မူလတန်းပြ၊ အလယ်တန်းပြ/အထက်တန်းပြ ရာထူးစဥ်အလိုက် အဆင့်တစ်ခုမှ တစ်ခုသို့ တိုးမြှင့်ရန် ကာ လ ကြာရှည်လွန်းခြင်း၊ မူလတန်းပြ၊ အလယ်တန်းပြမှ ရာထူးအဆင့်ဆင့် တိုးမြှင့်ရာတွင် ဆရာ၊ ဆရာမ အချို့သာ အသက်(၅၀)ခန့်တွင် အရာရှိငယ်(အထက်တန်းကျောင်းအုပ်)ရာထူးသို့ ရောက်ရှိနိုင်ခြင်း၊ ဆရာ၊ ဆရာမအများစု မှာ အလယ်တန်းပြနှင့် အထက်တန်းပြ အဆင့်ဖြင့် ပင်စင်ယူရခြင်း၊ ရာထူး အဆင့်ဆင့် တိုးမြှင့်ပေးသော်လည်း မြို့နယ်နှင့် တိုင်းဒေသကြီး ပြည်နယ် ပညာရေးမှူးရုံးများရှိ ရာထူးအများစုမှာ လစာနှုန်းတူနေခြင်း စသည့်အချက်များ သည် အမျိုးသားဆရာများအား ဆရာဘဝသို့ ဝင်ရောက်ရန် အဟန့်အတား ဖြစ်စေပါသည်။

ပညာရည်အဆင့် နိမ့်ကျသူများ၊ မိဘများ၏ နှိုးဆော်တိုက်တွန်း မှုအရ ဝါသနာမပါဘဲ ဆရာဘဝသို့ ဝင်ရောက်လာသူများ၊ ဂုဏ်သိက္ခာတစ်ရပ်အနေဖြင့် လစာရဝန်ထ မ်းလုပ်လို၍ ဝင်ရောက်လာသူများပင်ဖြစ်သော်လည်း ဝန်ထမ်းအဖြစ် ခန့်ထားခံရပါက အသက်(၆၀)နှစ်ပြည့် သည်အထိ ဆက်လက်လု ပ်ကိုင်ခွင့်ပြုထားသဖြင့် အဆိုပါ ဝန်ထမ်းဦးရေ များပြားလာပါက ဌာန၏ ဂုဏ်သိက္ခာကျဆင်းလာနိုင်သည်ကိုလည်း သတိပြုရန် လိုအပ်ပါသည်။

လက်ရှိအခြေအနေတွင် မြို့ပေါ်ကျောင်းအများစုတွင် အမျိုးသားဆရာများအလွန်နည်းပါး နေပြီး၊ ကျောင်းအချို့တွင်ဆရာမများသာ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ရာထူးတိုး/ပြောင်းရွှေ့မှု များကို ပုံမှန်ဆောင်ရွက်လျက်ရှိသဖြင့်အမျိုးသားဆရာ လုံးဝမရှိသည့်ကျောင်းဦးရေကို စိစစ်မှတ်တမ်း တင်ပြုစုနေဆဲ ဖြစ်ပါသည်။ လက်ရှိခန့်ထားပြီး ဆရာဦးရေအရ အမျိုးသားဆရာမရှိသည့်ကျောင်း ရာခိုင်နှုန်းမှာ မူလတန်းကျောင်း ၅၆ ရာခိုင်နှုန်း၊ အလယ်တန်း ကျောင်း ၇၅ ရာခိုင်နှုန်းနှင့် အထက်တန်းကျောင်း ၉၀ ရာခိုင်နှုန်းခန့် ရှိနိုင်ကြောင်း ခန့်မှန်းတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် ၁၉၇၀ ခုနှစ်မတိုင်မီက ပညာအရည်အချင်းမြင့်မားသည့် အမျိုးသမီး ဦးရေ နည်းပါးသဖြင့် အမျိုးသားဆရာဦးရေ မြင့်မားခဲ့ပါသည်။ လက်ရှိအခြေအနေအရ အမျိုးသမီး ဆရာမဦးရေ များစွာတိုးတက်လာသဖြင့် မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေသည် မြင့်မားလာပြီဟု သတ်မှတ်နိုင်ပါသည်။သို့ရာတွင် ကျောင်းသားကျောင်းသူများအတွက် ဖခင်နှင့်တူသော ဆရာဦးရေ လျော့နည်းသွားသည့် အားနည်းချက်ဖြစ်ပေါ်လာကြောင်း တွေ့ရှိရပါသည်။

အမျိုးသားဆရာ အင်အားပိုမို တိုးတက်လာရေးအတွက် လုပ်င န်းခွင် အကြိုဆရာ အတတ်သင် သင်တန်းသားရွေးချယ်ရာတွင် အမျိုးသားဆရာများအတွက် အရည်အချင်း လျော့ပေါ့ ရွေးချယ်ခြင်း၊ လစာနှုန်း ဝန်ထမ်းရာထူးများအတွက် အချို့ကိုတစ်ဆင့်မြ င့်လစာ ခံစားရသည့် ရာထူးများအဖြစ် တိုးမြှင့်သတ်မှတ်ပေးခြင်း၊ အချိန်ပိုသင်ကြားမှုများအတွက် အချိန်ပိုကြေး ခွင့်ပြု ပေးခြင်း၊ ထူးခြားစွာ စွမ်း ဆောင်နိုင်သည့် အမျိုးသားဆရာ များအား တ စ်ဆင့်မြင့်ရာထူးသို့ ဦးစားပေး တိုးမြှင့်ပေးခြင်း၊ လက်ရှိလစာအပြင် တိုင်းပြည်နယ် အစိုးရအဖွဲ့နှင့် စည်ပင်သာယာရေး အဖွဲ့များ၏ အစီအစဉ်ဖြင့် ထပ် မံထောက်ပံ့ပေးခြင်းမျိုးဖြင့် အမျိုးသားဆရာများကို ပိုမိုရရှိ လာနိုင်ပါသည်။

လစာတိုးမြှင့်ပေးသင့်သည့် ရာထူးများသတ်မှတ်ရေး၊ အချိန်ပိုခံစားခွင့်ပြုရေး အစီအစဉ်များမှာ နိုင်ငံတော်၏ ဘဏ္ဍာငွေနှင့် ပိုမိုကျခံရမည့် လုပ်ငန်းများဖြစ်ပြီး ရာထူးအလိုက် လစာ နှုန်းထားသတ်မှတ်မှုနှင့် ပိုမိုကုန်ကျနိုင်သည့် ဘဏ္ဍာငွေတို့ကို ပြန်လ ည်စိစစ်တွက်ချက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက် ရယူဆောင်ရွက်ရန် လိုအပ်သဖြင့် စတင်ဆောင်ရွက်နိုင် မည့် ပညာသင်နှစ်ကို ဖြေကြားနိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းအပ်ပါသည်။

နောက်ဆုံးမေးခွန်းကိုဖြေကြားရမယ်ဆိုရင်တော့ အခြေခံပညာကဏ္ဍတွင် သင်ကြားရေး ရာထူးများအဖြစ် မူလတန်းပြ (ပညာရှင်အဆင့်-၁)၊ အလယ်တန်းပြ (ပညာရှင်အဆင့်-၂) နှင့် အထက်တန်းပြ (ပညာရှင်အဆင့်-၃)ဟူ၍ သတ်မှတ် ပေးထားပါသည်။ ဆရာအတတ်ပညာ ဆိုင်ရာဘွဲ့၊ ဒီပလိုမာ လက်မှတ်ရရှိပြီး လက်ရှိရာထူး လုပ်သက်ကြီးစဉ်အရ ဆန္ဒပြုမြို့နယ် ကျောင်းများတွင် လစ်လပ် နေသည့် တစ်ဆင့်မြင့် အလယ်တန်းပြ /အထက်တန်းပြရာထူးသို့ တိုးမြှင့်ခန့်ထားပေးပါသည်။ မူလတန်းပြများအနက် ဘွဲ့ရပြီး ဆရာအတတ်ပညာ လက်မှတ် ရရှိသူဖြစ်ပါက မူလတန်းသင် အလယ်တန်းပြ PJ လို့ ခေါ်ပါတယ်ခင်ဗျား။ သို့မဟုတ် အလယ်တန်းပြအဖြစ် ခန့်အပ်ပေးပါသည်။

မြန်မာနိုင်ငံ၏ အခြေခံပညာရေးကဏ္ဍတွင်အခြေခံပညာ(အထက်တန်း၊ အလယ်တန်း၊ မူလတန်း) အဆင့်အလိုက် သင်ကြားပေးနိုင်ရန် ဆရာ၊ ဆရာမများကို သက်ဆိုင်ရာ သင်တန်းများ ပေးပြီး သင်တန်းပြီးဆုံးပါက နေရာလစ်လပ်မှုအပေါ် မူတည်၍ မူလတန်းမှ အလယ်တန်း၊ အလယ်တန်းမှ အထက်တန်းပြဆရာများအဖြစ် ခန့်ထားပေးလျက်ရှိပါသည်။ ထိုသို့ခန့်ထားရာတွင်

အလယ်တန်းပြအဖြစ် ရာထူးတိုးမြှင့်ခံရသည့် မူလတန်းပြသည် အလယ်တန်းအဆင့် ဘာသာရပ်များကို ပြောင်းလဲသင်ကြားရပါသည်။ ထိုနည်းတူပင် အထက်တန်းပြရာထူးတိုးမြှင့် ခံရသည့် အလယ်တန်းပြဆရာများသည်လည်း အထက်တန်းအဆင့်ဘာသာရပ်များကို ပြောင်းလဲ သင်ကြားရပါသည်။ (က) အခြေခံပညာမူလတန်းအဆင့် တွင် မူလတန်းပြ (ပညာရှင်အဆင့် -၁)နှင့် အလယ်တန်းပြ (မူလတန်းသင် တာဝန်) ( ပညာရှင်အဆင့်-၂) များ ခန့်ထားပါသည်။ အထက်တန်းပြ (ပညာရှင်အဆင့်၃)များ မူလတန်းကျောင်းတွင်ခန့်ထားရန် လောလောဆယ်တွင် အစီအစဉ်မရှိသေးပါ။ (ခ) အခြေခံပညာအလယ်တန်းအဆင့်တွင် အလယ်တန်း ပြ (ပညာရှင်အဆင့်-၂)များ ခန့်ထားပါသည်။ အထက်တန်းပြပညာရှင်အဆင့်၃)များ အလယ်တန်းကျောင်းတွင်လောလောဆယ် ခန့်ထားရန် အစီအစဉ်မရှိသေးပါ။ (ဂ) အခြေခံပညာ အထက်တန်းအဆင့်တွင် အထက်တန်းပြ (ပညာရှင်အဆင့်၃)များ ခန့်ထားပါသည်။ ပညာရှင်အဆင့်၃ အထက်တန်းပြများအား မူလတန်းနှင့် အလယ်တန်းတွင်ဆင်း၍ သင်ကြား ပေးနိုင်မည့် အစီအစဉ် လောလောဆယ်တွင် မရှိသေးပါကြောင်းကို ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။ (သြဘာသံများ)

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)၏ အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသည့် မြန်မာကျပ်ငွေလဲလှယ်နှုန်းအား ပြင်ဆင်သတ်မှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ၊** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း တင်သွင်း ထားတဲ့ အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှတဲ့ မြန်မာကျပ်ငွေ လဲလှယ်နှုန်းအား ပြင်ဆင်သတ်မှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၀။**

**ဒေါက်တာခင်ရွှေရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) ဦးသိန်းဝင်း ရဲ့ အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှတဲ့ မြန်မာကျပ်ငွေလဲလှယ်နှုန်းအား ပြင်ဆင်သတ်မှတ်ရန်အဆိုကို ကျွန်တော်ပြီးခဲ့တဲ့ရက်က တင်ပြသွားတဲ့ လက်ရှိမြန်မာနိုင်ငံတွင် နိုင်ငံခြားငွေ ဖလှယ်နှုန်းအမျိုးမျိုး ရှိရာမှ တစ်ခုတည်းသော နိုင်ငံခြားငွေဖလှယ်နှုန်း ဖြစ်လာစေရန် လိုအပ်သည်များကို ယခုအချိန်မှ အစပျိုး၍ စီစဉ်ဆောင်ရွက်သင့်ကြောင်းအဆိုနဲ့ဆက်စပ်တဲ့အတွက် ကျွန်တော်ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ တစ်ဒေါ်လာကို ၆ ကျပ် ပတ်ဝန်းကျင်နဲ့ကျွန်တော်တို့ တရားဝင် သတ်မှတ်ထားတာ အလွန်ကြာပါပြီ။ ကြားထဲမှာလည်း ပြည်သူပြည်သား များ သုံးနိုင်အောင်ဆိုပြီးတော့ FEC ကြားဖြတ်သုံးစွဲတာတို့ ဒါ နိုင်ငံတော်ကနေ စီရင်ဆောင်ရွက်ပေး ပေမယ့် FEC ဈေး၊ နောက်တစ်ခါ ဒေါ်လာငွေစက္ကူဈေး ၊ နောက် ဟွန်ဒီဈေး၊ နောက် Export money ဈေးအမျိုးမျိုး ဖြစ်လျက်ရှိပါတယ်။ အဲဒီပေါ်မှာ အဓိကအားဖြင့် ပွဲစားတွေကနေပြီးတော့ လုပ်ကိုင်စားသွားတာကို အများဆုံး မြင်ရပါတယ်။ နောက် ကျွန်တော်တို့ မြန်မာနိုင်ငံက အဓိက နိုင်ငံခြားမှာ သွားရောက် အလုပ်လုပ်ကိုင်နေတဲ့ လူပေါင်း သန်းပေါင်း ၅ သန်းလောက် ရှိပါတယ်။ အဲဒီရဲ့ ပြန်လာတဲ့ ငွေတွေကလည်း ကျွန်တော်တို့ဆီမှာ ဒေါ်လာတစ်ဒေါ်လာကို ၆ ကျပ်နှုန်းပဲ သတ်မှတ်ထားတဲ့ အတွက်ကြောင့် ဟွန်ဒီဆိုတဲ့ငွေနဲ့ ပြန်ဝင် လာတဲ့အတွက်ကြောင့် နိုင်ငံတော်ကရသင့်တဲ့ အခွန်အခတွေလည်း မရတဲ့အပြင် နိုင်ငံတော်ကနေပြီးတော့ ကျွန်တော်တို့ စာရင်းဇယားတွေ ဆွဲတဲ့နေရာမှာ တော်တော်များများကလည်း မှန်ကန်မှုမရှိတာတွေလည်း တွေ့ရှိရပါတယ်။ အဓိက အတော်များများကျွန်တော်တို့နိုင်ငံတော်က သုံးငွေရငွေဆိုလို့ရှိရင်လည်း တစ်ဒေါ်လာကို ၆ ကျပ် အခြေခံပြီးဆွဲတဲ့အတွက်ကြောင့် ကျွန်တော်တို့စာရင်းဇယားတွေ မမှန်တာတွေလည်းတွေ့ရှိရပါတယ်။ ဒါကြောင့် ဦးသိန်းဝင်း တင်ပြသွားတဲ့ အမေရိကန် တစ်ဒေါ်လာကို ဒီနေ့ ဖြစ်နိုင်မယ့် ဈေးတစ်ခုခု သတ်မှတ်ပြီးတော့ တစ်ဒေါ်လာလျှင် ကျပ်ဘယ်လောက်ဆိုတာကို ပြင်ဆင်သတ်မှတ်ဖို့ သင့်ပါတယ်ဆိုတာ အဲလို သတ်မှတ်တဲ့အတွက်ကြောင့်ဖို့ အခုလို သတ်မှတ်တဲ့အတွက် Trade ဒီနေ့ ကျွန်တော်တို့ ကုန်သွယ် ရာမှာလည်း ဒီ့ထက်ကိုပို ပိုပြီးတော့ ကျွန်တော်တို့ငွေပေါ်မှာ ယုံယုံကြည်ကြည်နဲ့ ပိုပြီးတော့ ကုန်သွယ်နိုင်မှာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ တိုင်းပြည်စီးပွားရေးလည်း ဒီ ထက်ပိုပြီး တစ်ရှိန်ထိုး

တက်လာမှာ ဖြစ်ပါတယ်။ နော က် နိုင်ငံတော်ကလည်း ပြီးခဲ့တဲ့ရက်တွေက နေပြီးတော့ (EPZ) ဆိုတဲ့ ကျွန်တော်တို့ Export Procession Zone တွေ၊ စက်မှုဇုန်တွေ ထူထောင်တော့မှာ ဖြစ်တဲ့ အတွက်ကြောင့် ပြည်ပက လာပြီးရင်းနှီးမြှုပ်နှံတဲ့ ကျွန်တော်တို့ကုမ္ပဏီများ အတွက်ကိုလည်း Confidence ရှိရှိနဲ့ မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံမှာဖြစ်သလို အဓိကအားဖြင့် တရားဝင်နှုန်းတစ်ခု သတ်မှတ်လိုက်တဲ့အတွက်ကြောင့် မြန်မာပြည်ရဲ့စီးပွားရေး တစ်ရှိန်ထိုး တက်လာမယ့် အနေအထားမျိုး ရှိပါတယ်။ နောက်တစ်ခုကတော့ ဟိုးအရင့်အရင်က ကျွန်တော်တို့ငွေ ကို သတ်သတ်မှတ်မှတ် တစ်ဒေါ်လာကို ၆ ကျပ်ကနေပြီးတော့ တစ်ဒေါ်လာကို ဒီညွှန်ကြားစာနဲ့ ပဲ ကျွန်တော်တို့ ၁၉၈၉ ကဆိုရင် ၄၀ နဲ့ ၅၀ ကြားပဲ တစ်ဒေါ်လာကိုရှိပါတယ်။နောက် ၁၉၉၆ - ၁၉၉၇ အထိကိုမှ ၂၀၀ တောင်မပြည့်ပါဘူး။ အဲဒီကနေပြီးတော့မှ တဖြည်းဖြည်းတက်လာတာ ပြီးခဲ့တဲ့ နှစ်ကဆိုရင် ၁၃၀၀ အထိ တက်ပြီးတော့ ဒီနှစ်မှာ၇၀၀ ပတ်ဝန်းကျင်ထိ ပြန်ပြီးကျတဲ့အတွက်ကြောင့် တစ်ဖက်မှာ ပွဲစားတွေအများကြီး လုပ်သလို ဈေးနှုန်းမှာ ကိုင်ပြီးလုပ်သွားတာ လည်း အများကြီး ဖြစ်တဲ့အတွက်ကြောင့် သတ်သတ်မှတ်မှတ် တစ်ဒေါ်လာကို ကျပ်အနေနဲ့ သတ်မှတ်လိုက်မယ်ဆိုလို့ ရှိရင်တော့ တစ်ဖက်ကနေပြီးတော့ နိုင်ငံတော်အတွက် အကျိုးကျေးဇူးတွေ အများကြီး ဖြစ်လာမှာ ဖြစ်ပါတယ်။ အရင့်အရင် အစိုးရ အဆက်ဆက်ကလည်း ဒီငွေကို သတ်မှတ်ဖို့ ကြိုးစားခဲ့ပေမယ့် ကြိုးစားလို့မရဘူးဆိုတာ တစ်ဖက်က IMF က ကျွန်တော်တို့ အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းက ထောက်ခံမှုမရပါဘူး။ဒီနေ့ ဟိုတစ်နေ့တုန်းက ဘဏ္ဍာရေးဝန်ကြီးပြောသွားသလို အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့ကလည်း ကျွန်တော်တို့ မြန်မာနို င်ငံအစိုးရသစ်ကို အကူအညီ ပေးနေပြီဖြစ်တဲ့အတွက်ကြောင့် သတ်မှတ်လို့ရတဲ့ အနေအထားမျိုးရှိပါပြီ။ တကယ်လို့ သတ်မှတ်လိုက်မယ် ဆိုလို့ရှိရင်လည်း ကျွန်တော်တို့အနေနဲ့ ဒီငွေ အပေါ်မှာ နိုင်ငံတော်ကနေ ထိန်းကျောင်းဖို့ လိုပါတယ်။ ဥပမာ တစ်ဒေါ်လာကို ၈၀၀ နဲ့ သတ်မှတ်မယ်ဆိုရင် ၅ရာခိုင်နှုန်း Plus or Minus ကျွန်တော်တို့ ထိန်းကျောင်းဖို့လိုပါတယ်။ တကယ်လို့ ၈၀၀ နဲ့ ၅၀ အတွင်းမှာဆိုရင် နိုင်ငံတော်က ထိုင်ကြည့်ဖို့ ၅၀ နဲ့ ၇၅၀ ကြားမှာ ဆိုလို့ရှိရင်တော့ နိုင်ငံတော်က ထိုင်ကြည့်နေဖို့ လိုပြီးတော့ တကယ်လို့ ၈၅၀ ပေါ် တက်သွားမယ် ဆိုရင်တော့ ဥပမာ- မြန်မာငွေအနေနဲ့နိုင်ငံတော်ကနေပြီးတော့ပြန်ပြီးတော့သိမ်းတဲ့ နည်းစနစ်ကို ပြန်စဥ်းစားဖို့လိုပါတယ်။ တကယ်လို့၇၅၀ အောက်ရောက်သွားမယ်ဆိုရင်တော့ နိုင်ငံတော်မှာရှိတဲ့ အရံငွေ US Dollar ကို ပြန်ပြီးတော့ ဈေးကွက်အတွင်းကို ပြန်ချပေးတဲ့နည်းနဲ့ သုံးမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ရဲ့ ငွေလဲနှုန်းဟာ ၇၅၀ ကနေ

၈၅၀ အတွင်းမှာ တကယ်လို့ကစားသွားမယ့် အနေအထားမျိုးဖြစ်တဲ့အတွက်ကြောင့် တည်ငြိမ်တဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေ ကြည့်မယ်ဆိုလို့ရှိရင်လည်း စင်ကာပူဆိုရင် ဥပမာ - တစ်ဒေါ်လာကို (၁.၄)အကြာကြီး ဖြစ်နေပါတယ်။ ဒီနေ့ ကျွန်တော်တို့ ဒီအမေရိကန် ပိုက်ဆံပေါ့။ US Dollar Crisis ဖြစ်တာတောင်မှ (၁.၂)ကို ကျန်ခဲ့ပါတယ်။ အိမ်နီးနားချင်းနိုင်ငံ ပြန်ကြည့်မယ်ဆိုရင်လည်း ထိုင်းဆိုလည်း တစ်ဘ တ်ကို ကျွန်တော်တို့ တစ်ဒေါ်လာကို ၃၉ ဘတ် ကနေပြီးတော့ အကြာကြီး ဒီလောက် Crisis ကိုတောင်မှ သူ့အနေနဲ့ Point လောက်ပဲထိန်းနိုင်တဲ့ အနေအထားမျိုး ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့လောက် အတက်အကျမများတဲ့အတွက်ကြောင့်ကျွန်တော်တို့နိုင်ငံကိုလာပြီးInvestလုပ်မယ့် နိုင်ငံခြားကုမ္ပဏီ အနေနဲ့လည်းမြန်မာငွေအပေါ်မှာConfidence များများနဲ့ Invest ဒီထက် များများနဲ့လုပ်နိုင်မယ့် အနေအထား မျိုးဖြစ်တဲ့အတွက်ကြောင့် ဒါ ဦးသိန်းဝင်းရဲ့ ကျွန်တော်တို့တင်ပြသွားတဲ့ တစ်ဒေါ်လာ ရဲ့ မြန်မာငွေလဲနှုန်းကို ကျွန်တော့်အနေနဲ့ထောက်ခံတင်ပြပါတယ်။ အဲဒါကြောင့် မလွဲမသွေကျွန်တော်တို့ စီးပွားရေးဖွင့်မယ့် ကာလကြီးမှာတော့ ပထမဦးဆုံး လုပ်ရမယ့်လုပ်ငန်းကတော့ စီးပွားရေးရဲ့ အသက်သွေးဖြစ်တဲ့ ဒီငွေလဲနှုန်းကို သတ်သတ်မှတ်မှတ် သတ်မှတ်ပြီးတော့ဒီ(၆)ကျပ်ကနေပြီးတော့ ဖြစ်နိုင်တဲ့နှုန်းတစ်ခုကို သတ်မှတ်ဖို့ လိုတယ်ဆိုတာလေးကို ကျွန်တော့အနေနဲ့ တင်ပြချင်ပါတယ်။ နောက် အဓိကအားဖြင့် ဒီလိုလုပ်တဲ့အတွက်ကြောင့်လည်း ဟို တစ်ချိန်တုန်းက နိုင်ငံတော်က မလုပ်ခဲ့ရတဲ့အကြောင်း ကလည်း နိုင်ငံတော်ကသုံးငွေဟာ ဒေါ်လာမှအများကြီးမှီတည်နေပါတယ်။ ဒီအချိန်မှာ နိုင်ငံတော်ကနေ ပုဂ္ဂလိကကဏ္ဍကို တင်ပေးလိုက်တဲ့အတွက်ကြောင့် ဒီနေ့ပြန်ပြီးသုံးသပ် မယ်ဆိုရင် နိုင်ငံခြားငွေဒေါ်လာကို ပုဂ္ဂလိကတွေကာ ၅ ရာခိုင်နှုန်းလောက် သုံးပြီးတော့ အစိုးရက ၂၅ ရာခိုင်နှုန်းလောက်ပဲ သုံးတာကိုတွေ့ရှိမှာဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့များ ငွေလဲနှုန်း တစ်ခုခု ကိုသတ်မှတ် လိုက်မယ်ဆိုရင် နိုင်ငံတော်အနေနဲ့ ၂၅ ရာခိုင်နှုန်းပဲ ပြုပြင်ပြောင်းလဲဖို့ လိုတယ် ဆို တာလေး ကျွန်တော်တင်ပြချင်ပါတယ်။ ဒါ ကြောင့် ဦးသိန်းဝင်း ရဲ့ အဆိုဖြစ်တဲ့ အမေရိကန် တစ်ဒေါ်လာနဲ့ ညီမျှတဲ့ မြန်မာကျပ် လဲလှယ်နှုန်းကို ပြင်ဆင်သတ်မှတ်ကြောင်းအဆိုကို ကျွန်တော့် အနေနဲ့ ထောက်ခံခြင်း ဖြစ်ပါတယ်လို့ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ ဆွေးနွေးနိုင်ပါတယ်။

**အချိန်၊ ၁၁း၀၉။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၂)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးနဲ့ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ ဦးဂျေယောဝူကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) ပူတာအိုခရိုင် ကိုယ်စားပြုအမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်း ၏ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာနှင့်ညီမျှသည့် မြန်မာ ကျပ်ငွေလဲလှယ်နှုန်းအား ပြင်ဆင်သတ်မှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနဲ့ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးချက်ကို ဖတ်ကြားတင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ နိုင်ငံတကာနှင့် စီးပွားရေး ကုန်သွယ်မှု တည်ရှိနေသမျှပတ်လုံး အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်ရသည့် အကြောင်းကိစ္စ ရှိနေမည်ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းသည် ၁၉၆၀ ပြည့်နှစ်မှစတင်၍ အမေရိကန်တစ်ဒေါ်လာကို မြန်မာငွေ (၆)ကျပ်နှုန်း သတ်မှတ်ထားရှိခဲ့တာ ယခုဆိုနှစ်(၅၀)ကျော် ကြာပြီးဖြစ်လို့ ဒီကနေ့ခေတ်အခြေအနေနဲ့ သဟဇာတ မဖြစ်တော့ဘဲ စီးပွားကုန်သွယ်မှုမှာ ကမောက်ကမ ဖြစ်ပေါ်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် မှ ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားသောမိန့်ခွန်း ၃၀.၃.၂၀၁၁ တွင် နိုင်ငံမှာ အင်အား(၃)ရပ် တောင့်တင်းနေဖို့လိုကြောင်း၊ ၎င်းတို့မှာ (၁)နိုင်ငံရေးအင်အား၊ (၂) စီးပွားရေး အင်အား၊ (၃) နိုင်ငံတော် ကာကွယ်ရေးအင်အားတို့ ဖြစ်ကြောင်းပြောကြားခဲ့ပြီး၊ တိုင်းရင်းသား ပြည်သူများနှင့်လည်း သဘောထား တစ်ထပ်တည်း ဖြစ်ပါတယ်ခင်ဗျား။

စီးပွားရေးအင်အား တောင့်တင်းအောင်ဆောင်ရွက်ရေးမှာ စီးပွားရေးကဏ္ဍတစ်ရပ်လုံး ချောမွေ့စွာ လည်ပတ်နိုင်ဖို့ ပဓာနလို့ကျွန်တော်တွေးမြင်မိပါတယ်။ စီးပွားရေးကဏ္ဍ ချောမွေ့စွာ လည်ပတ်နိုင်ဖို့ဆိုရင် ကမ္ဘာ့နိုင်ငံများရဲ့ စီးပွားကုန်သွယ်ဖို့၊ ကမ္ဘာ့နိုင်ငံများရဲ့ ငွေလဲနှုန်းနဲ့ လွန်စွာ မကွာဟဖို့ လိုမယ်လို့ယူဆပါတယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံတော် သစ်သည် စီးပွားရေးမူဝါဒအဖြစ်

ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမည့်နိုင်ငံနှင့် ပြည်သူဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး ဖွင့်သင့်တာဖွင့်၊ ပြင်သင့်တာပြင်၊ ဖိတ်ခေါ်သင့်တာဖိတ်ခေါ်ပြီး ပီပီပြင်ပြင် ကျင့်သုံးဆောင်ရွက်သွားမည့် ဈေးကွက်စီးပွားရေးစနစ်ကို ရည်မှန်းသည့်အတွက် အဓိက ပြုပြင်ပြောင်းလဲမှုပြုလုပ်ပေးရမည်မှာ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြင်ဆင်သတ်မှတ်ရေး ဖြစ်ပါတယ်။ လက်ရှိ နိုင်ငံတော်သတ်မှတ် ချက် တစ်ဒေါ်လာ(၆)ကျပ်နှုန်းသာ အစိုးရဌာနများနဲ့ ဘဏ်များ၌သာ ကျင့်သုံးအသက်ဝင်နေခြင်းရှိပြီး လက်တွေ့စီးပွားရေးနယ်ပယ်တွင် ဈေး ကွက်က နေ့စဉ်ရွေ့လျားနေတဲ့ ဈေးနှုန်းအပေါ် လုပ်ကိုင် နေရတာ ဖြစ်ပါတယ်။ လက်တွေ့မကျတော့ဘူး။ လက်တွေ့မှာ အသက်မဝင်နိုင်တော့ဘူး လို့ ထင်ထင်ရှားရှား တွေ့မြင်နေရပါပြီခင်ဗျား။ FDI(Foreign Direct Investment ) နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ် နှံမှုကို ကျွ န်တော်တို့ ကြိုဆိုကြမယ်ဆိုလျှင် ပြင်ပမှလာရောက် ရင်းနှီး မြှုပ်နှံလိုသူများဘက်မှ ရရှိလာမည့် အကျိုးအမြတ်အတွက် စိတ်ချယုံကြည်မှုပေးနိုင်ရန် တရားဝင် ငွေလဲနှုန်း ပြင်ဆင်ပေးရေးသည် အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ပါတယ်။ သို့မှသာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံလိုသူများ ရဲရဲတင်းတင်းနှင့် တရားဝင်လာရောက် ရင်းနှီးမြှုပ်နှံမည့် အကျိုးကျေးဇူး ရရှိမှာဖြစ်ပါတယ်။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိတည်ဆဲအစိုးရ၏ တရားဝင် ငွေလဲနှုန်း (၁)ဒေါ်လာ(၆)ကျပ်သည် တရားဝင် စီးပွားရေးလုပ်ငန်း လာရောက် လုပ်ကိုင် ရင်းနှီး မြှုပ်နှံလိုသူများကို စွဲဆောင်နိုင်မှု မရှိပါ။ တိုးတက်ခေတ်မီသော နိုင်ငံ တော်ကြီးများသည် ကမ္ဘာ အရပ်ရပ်၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရာတွင် ဘဏ်နှင့်ဘဏ်ချင်း တရားဝင်ငွေကြေးဆက်ဆံမှု ကိုသာ လက်ခံပါသည်။ တရားဝင်တစ်မျိုး တရားမဝင် တစ်မျိုးကျင့်သုံးမှ လက်တွေ့အလုပ်လုပ်၍ ရသော အခြေအနေကို လက်ခံနိုင်မှု မရှိပါ။လက်ရှိအခြေအနေမှာ ပို့ကုန်သွင်းကုန်များဆောင်ရွက် နေမှု လုပ်ထုံးတွင် လက်ရှိ ငွေဈေးကြောင့် အစိုးရဘဏ်များ ၌ L/C Letter of Credit ဖွင့်၍ ဆောင်ရွက်သည့် တရားဝင်အပိုင်းနှင့် ဟွန်ဒီစနစ်နှင့်ငွေလွှဲသည့် အောက်လမ်းဟု အလွယ်တကူ သုံးနှုန်းခေါ်ဆိုသည့် အပိုင်းဟူ၍ (၂)ပိုင်းခွဲဆောင်ရွက်နေကြပါတယ်။ယင်းသည် ဥပဒေနှင့်မညီပါ။ နိုင်ငံသားကောင်းမပီသသော လုပ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံ၏ဘဏ္ဍာငွေလည်း ဆုံးရှုံးနစ်နာနေပါသည်။ သို့ရာတွင် လက်ရှိငွေလဲနှုန်းကြောင့်လက်တွေ့ထိုသို့ဖြစ်နေပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံခြားခရီးသွားလုပ်ငန်းကဏ္ဍ အခြေအနေကိုလည်း တင်ပြ လိုပါတယ်။ နိုင်ငံခြားခရီးသွားဧည့်သည်များကို တစ်ဦးလျှင် US ဒေါ်လာ(၂၀၀)ကျပ် ကန့်သတ်ချက်နဲ့ ငွေလဲလှယ်ပေးပါတယ်။သဘောကတော့ နိုင်ငံခြားသားဧည့်သည်တစ်ယောက်အနေနဲ့ မြန်မာနိုင်ငံ

အတွင်းမှာ ဒေါ်လာ(၂၀၀)ပဲ သုံးစွဲခွင့်ပြုတာ ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းရဲ့ ရည်ရွယ်ချက်မှာ နိုင်ငံခြားငွေရရှိဖို့ဖြစ်သော်လည်းအဲဒီအကန့်အသတ်ကြောင့် စီးပွားရေးလုပ်ငန်းကိုဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားထားသလို သက်ရောက်လျက်ရှိပါတယ်။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားခရီးသွားလုပ်ငန်းကို အမှီပြုအားထား လုပ်ကိုင်လျက်ရှိတဲ့ ဟိုတယ်လုပ်ငန်း၊စားသောက်ဆိုင် လုပ်ငန်း၊ ကျောက်မျက်ရတနာ၊ လက်ဝတ်ရတနာလုပ်ငန်း၊ မြန်မာ့အနုပညာလက်ရာ အမှတ်တရ ပစ္စည်းအရောင်းဆိုင်လုပ်ငန်းများကိုလည်း အကန့်အသတ် ဖြစ်ပေါ်စေပါတယ်။ စီးပွားဖွံ့ဖြိုး မှု အတွက် အဟန့်အတား ဖြစ်နေပါတယ်။ ဒါတွေကြောင့်ပြင်ဆင်၍ ပေးသင့်တယ်လို့ ကျွန်တော် လေးလေးနက်နက် ယုံကြည်ပါတယ်။ ခေတ်မီတိုးတက်ဖွံ့ဖြိုးသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ချီတက်လျှောက်လှမ်းတဲ့ လမ်းခရီးမှာ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ အဟန့်အတားဖြစ်နေသော လှေကားကြီးမှာ ငွေလဲနှုန်း တစ်ဒေါ်လာ (၆)ကျပ်သတ်မှတ်ချက် လှေကားကြီးဖြစ်ပါတယ်။ ယနေ့ ကမ္ဘာ့နိုင်ငံများ ကျင့်သုံးလျက် ရှိသော ငွေလဲနှုန်းရှင်တစ်ခု သတ်မှတ်၍ ကမ္ဘာ့စီးပွားရေး အခြေအနေအပေါ် ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်၍ စီးပွားရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင် များနှင့် ညှိနှိုင်းပြီး ခေတ်နဲ့လျော်ညီသော ငွေလဲနှုန်း ပြင်ဆင်သတ်မှတ်ပေးရန် လိုအပ်ကြောင်း ထောက်ခံအပ်ပါတယ်။ယင်းသို့ခေတ်နှင့် လျော်ညီသော (၁)ဒေါ်လာငွေလဲနှုန်း ပြင်ဆင်သတ်မှတ် ပေးပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်အဟန့်အတားဖြစ်နေသော လှေကားကြီးကို ကျွန်တော်တို့ တက်လှမ်းကျော်ဖြတ်၍ နိုင် ငံတော်နှင့် ပြည်သူတို့ စီးပွားရေးအရ ကမ္ဘာကို ရင်ဘောင်တန်း နိုင်ကြမည်ဟု ယုံကြည်ပါသဖြင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်း ၏ အဆိုကို ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ၊** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(**၈**)မှ ဦးသိန်းလှိုင် ဆွေးနွေးနိုင်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဦးသိန်းလှိုင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာ ပါလို့ ဦးစွာ

ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် ဖြစ်ပါတယ်။ ဒီနေ့ ဦးသိန်းဝင်း တင်သွင်းသွားတဲ့ အမေရိကန်(၁)ဒေါ်လာနှင့်ညီမျှသည့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းအား ပြင်ဆင် သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား ထိုက်တွန်းသည့်အဆိုကိုတင်သွင်းသွားတဲ့အဆိုမှာလည်း ပြည့်စုံစွာတင်ပြထားပြီး ကျွန်တော့်ရှေ့က ဆွေးနွေးသွားတဲ့ ပုဂ္ဂိုလ်များရဲ့ ဆွေးနွေးချက်များဟာလည်း ကောင်းမွန်ပြည့်စုံနေတာတွေ့တဲ့အတွက် ကျွန်တော့်အနေနဲ့အကျဉ်းချုံးပြီး တင်ပြသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ မြန်မာနိုင်ငံရဲ့ ငွေကြေးလဲလှယ်မှုပြဿနာများ ရှိနေတာကို အားလုံးလက်ခံကြပြီး အလုပ်ရုံဆွေးနွေးပွဲများကျင်းပ၊ အကြံကောင်းဉာဏ်ကောင်း များတောင်းခံပြီး နိုင်ငံတော်စီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျွန်တော်တို့ အားကြိုးမာန်တက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေတာကို တွေ့ရတဲ့အတွက် ကျွန်တော်အနေနဲ့ လွန်စွာ ဝမ်းမြောက် ဝမ်းသာ ဖြစ်မိပါကြောင်းနှင့် ကြိုဆိုအပ်ပါကြောင်း ဦးစွာပထမပြောကြားလိုပါတယ်။မြန်မာနိုင်ငံမှာ လတ်တလောဖြစ်ပေါ်နေတဲ့ ငွေလဲလှယ်နှုန်းပြဿနာများဟာ မြန်မာနိုင်ငံရဲ့ ငွေလဲလှယ်မှုစနစ်ကို ပြုပြင်ပြောင်းလဲရန် အခွင့်ကောင်းတစ်ရပ် အခြေအနေကောင်းတစ်ရပ် ဖြစ်တယ်ဆိုတာကို ညွှန်ပြ နေပါတယ်။ ထိုအခွင့်ကောင်းကိုယူ၍ နိုင်ငံတကာ စံချိန်စံညွှန်းမီတဲ့ နိုင်ငံခြားငွေ ဈေးကွက်တစ်ခု တည်ထောင်ဖို့ ဆောင်ရွက်ထားသင့်ပါတယ်။ ထိုဈေးကွက်ကပင် အသင့်အတင့် တည်ငြိမ်သော ငွေလဲလှယ်နှုန်းကို ညွှန်ပြပေးသွားမှာဖြစ်ပါတယ်။ ဗဟိုဘဏ်အနေနဲ့ ငွေလဲလှယ်နှုန်းကိုစီးပွားရေး စီမံခန့်ခွဲမှုမှာ ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန် ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများ အသီးသီးကိုသွားရောက်ပြီး အလုပ်လုပ်ကိုင်နေတဲ့ လူများစာရင်း ကိုလည်း ကျွန်တော်တို့ ပြုစုထားသင့်ပါတယ်။ ဘာကြောင့်လဲဆိုရင် ပြည်ပ မှာထွက်ပြီး အလုပ် လုပ်ကိုင်နေတဲ့ပုဂ္ဂိုလ်များဟာအဲဒီအချိန်မှာ မြန်မာငွေလဲလှယ်နှုန်း မြန်မာငွေနဲ့ အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းကိုပြင်ဆင်သတ်မှတ်ပြီးလျှင်စာရေးဝင်ဝင်ရောက်လာမှာဖြစ်တဲ့အတွက်ကျွန်တော်တို့ဟာ အဲဒီကနေပြီးတော့မှ ကျွန်တော်တို့ ဝင်ငွေမြောက်မြားစွာကိုရရှိမှာ ဖြစ်ပါတယ်။ ငွေလဲလှယ်နှုန်း ကျခြင်း၊တက်ခြင်း အကျိုးဆက်များကြောင့် ငွေကြေးပြဿနာမှ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးပြဿနာများအဖြစ်သို့ အသွင်ကူးပြောင်းသွားတတ်ပါတယ်။ဒါကြောင့်မို့လို့ ငွေလဲလှယ်နှုန်း ပြဿနာကို အချိန်ကိုက်ဖြေရှင်းရန်လိုပါတယ်။ အဲဒီလို ဖြေရှင်းရာမှာ ရှုပ်ထွေးဖြေရှင်းရမှုခက်တဲ့ နည်းပညာဆိုင်ရာကိစ္စရပ်များနှင့် ကြုံတွေ့လာနိုင်တဲ့အတွက် အတွေ့အကြုံများစွာရှိတဲ့ အပြည်ပြည်

ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ထံမှ နည်းပညာအကူအညီတောင်းခံထားပြီးဖြစ်သည်ဟု ကြားသိရသဖြင့် ကျွန်တော်ဝမ်းသာကြိုဆိုအပ်ပါတယ်။ ကမ္ဘာမှာဖြစ်ပေါ်နေတဲ့ အမေရိကန်ဒေါ်လာ ယုံကြည်စိတ်ချရမှု နည်းပါး လာခြင်းကြောင့် အမေရိကန်ဒေါ်လာနေရာမှာ ရွှေများကို အစားထိုး စုဆောင်းလာကြတာဖြစ်တဲ့အတွက် ရွှေဈေးနှုန်းဟာ နိုင်ငံအသီးသီးမှာ တဟုန်ထိုး တိုးတက်လျက် ရှိပါတယ်။ မြန်မာနိုင်ငံမှာ သတ်မှတ်လိုက်တဲ့ ငွေလဲလှယ်နှုန်းကြောင့် ရွှေများ စီးဝင်စီးထွက်ခြင်း ပြဿနာများ ကြုံတွေ့လာဖွယ်ရှိမယ်ဖြစ်ပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိရန် လိုအပ် မယ်လို့ ထင်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာရှိတဲ့ ငွေလဲလှယ်မှု အမျိုးမျိုးကို တစ်မျိုးတည်း ဖြစ်အောင်လည်း နိုင်ငံရဲ့လက်ရှိ ငွေပေးငွေယူရှင်းတမ်းများ၊ သာမန်စာရင်းများတွင် ချမှတ်ထားတဲ့ အတားအဆီးများကို ဖယ်ရှားသွားဖို့ လိုအပ်မှာလည်း ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေနဲ့ အကြံပြုတင်ပြလိုတဲ့ အချက်များကတော့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဘဏ် တို့မှာ နိုင်ငံခြားငွေလုပ်ငန်းများကို မနိုင်မနင်း ဆောင်ရွက်နေကြရတဲ့အတွက် လုပ်ငန်းရှင် များအတွက် မလိုအပ်တဲ့ ကြန့်ကြာမှုများ ဖြစ်ပေါ်နေပါတယ်။ ဒါကို ကျွန်တော်တို့ ကုစားဖို့အတွက် ဘဏ်အချင်းချင်း ယုံကြည်မှုများ ပိုမိုရရှိလာစေရန်၊ ရရှိလာကြပြီး ပုဂ္ဂလိကဘဏ်များကိုလည်း နိုင်ငံခြားငွေကြေးဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုပေးနိုင်ရန် ၊ နိုင်ငံခြားသုံးငွေ တရားဝင် ရရှိသူများအား ကျွန်တော်တို့ ပြည်တွင်းပြည်ပမှာ နိုင်ငံခြားငွေကို တရားဝင်ကိုင်ဆောင် သုံးစွဲခွင့် ပြုရန်နဲ့ FEC များကိုလည်း မြန်နိုင်သမျှ အမြန်ဆုံး ရုပ်သိမ်းပေးရန်တို့ကို ကျွန်တော် အကြံပြု တင်ပြရင်း ဦးသိန်းဝင်း ရဲ့ အဆိုကို ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ၊** ။ဆက်လက်ပြီးမွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဒေါက်တာဗညားအောင်မိုး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။လေးစားအပ် သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကြွရောက်လာသော ဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီး များ၊ လွှတ်တော်ကိုယ်စားလှယ်များ တို့အား မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျွန်တော် အမှတ်(၇)မဲဆန္ဒနယ်မြေ မွန်ပြည်နယ်ရေးမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုးဖြစ်ပါတယ်။ အခု ကျွန်တော်ဆွေးနွေးခွင့်ရတဲ့ အဆိုကတော့အမေရိကန် တစ်ဒေါ်လာနှင့်ညီမျှသည့် မြန်မာကျပ်ငွေလဲလှယ်နှုန်းအား ပြင်ဆင်သတ်မှတ်ရန်ဆိုတဲ့ ဦးသိန်း ဝင်း စစ်ကိုင်းတိုင်း အမှတ် (၉)မဲဆန္ဒနယ်ရဲ့အဆိုကို ဆွေးနွေးခွင့်ရတဲ့အတွက်ကြောင့် အထူးပဲ ကျေးဇူး တင်ပါတယ်။ ကျွန်တော့်အမြင်ကတော့ နည်းနည်းလေးကွာခြားမှုတစ်ခုရှိတယ်။ခုနတုန်းက လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် ဆွေးနွေးတာနဲ့ လည်း ဆင်တယ်။ ဘာလဲဆိုတော့ ငွေလဲနှု န်းကို ကျွန်တော်တို့တွေ့ကြုံဖူးတာက အသေသတ်မှတ်တာဟာ ယုတ္တိမရှိဘူး။ အလုပ်မဖြစ်ဘူး။ ဥပမာ ကျွန်တော်တို့ လွန် ခဲ့တဲ့(၁၀)နှစ်တုန်းက အာရှမှာ စီးပွားရေးကျဆင်းတဲ့ အချိန်မှာ အင်ဒိုနီးရှားက စီးပွားရေး စတက်လာတဲ့အချိန်မှာ အဲဒီပြဿနာနဲ့ ရင် ဆိုင်တဲ့အခါမှာကျတော့ သူကလည်း ရုတ်တရက်အတွေ့အကြုံ မရှိတဲ့အခါကျတော့ တ စ်ခါတည်း သူလည်း နှုန်း ကိုကိုင်ထားတယ် ကျပ်ကျပ်ကိုင်ထားတယ်။ အဲဒါက ပိုထိတယ်။ အဲဒီတော့ ကမ္ဘာ့ပညာရှင် တွေ IMF ကရော အားလုံး သူ့ကို အကြံဉာဏ်ပေးပြီးတော့ ဒီလဲနှုန်းကို အသေကိုင်မထားနဲ့ သူတို့ဆိုလိုတာက ပေါက်ဈေးအတိုင်းပေါ့ Floating မျောထားတဲ့ သဘောမျိုး၊ ပေါက်ဈေး၊ အများရဲ့ဈေး၊ ဈေးကွက် ကဈေး အဲဒီဈေးမျိုး ဖြစ်အောင်လုပ်ပါဆိုတော့မှ အင်ဒိုနီးရှားက အဲတော့မှ လက်လွှတ်လိုက်တယ်။ ကျွန်တော်တို့မှာကျတော့ အဲဒီ (၆)ကျပ်နဲ့ဟာကတော့ အကြာကြီးပေါ့ ခေတ်အဆက်ဆက်ပေါ့။

အဲဒီတော့ ယခုလက်ရှိ ငွေရေးကြေးရေးကိစ္စ၊ ဒီမိုကရေစီနိုင်ငံတွေမှာ ကျင့်သုံးတဲ့ စနစ်က ငွေလဲနှုန်းကို အသေမဆုပ်ကိုင်ထားဘူး။ နောက်ပြီးတော့ ကိုက်ညီတဲ့ပေါက်ဈေးနဲ့ပဲ အဓိကထိန်းထားတယ်။ ခုန ကိုယ်စားလှယ်ကြီး ပြောသွားတဲ့အတိုင်း ငွေကို ဘဏ်ကနေပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းကပဲဖြစ်ဖြစ် ဒါကို ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့လိုတယ်။ နောက်ပြီးတော့ အဲဒီလို လွှတ်ထားတဲ့အခါမှာဘာကယ်လို့ဈေးနှုန်းက ဗမာပိုက်ဆံဈေးသိပ်တက်များသွားပါတယ်။ကျွန်တော်တို့ ကျပ်ငွေဆိုရင် ဒါကနစ်နာမှုရှိတယ်။အဲဒီတော့ ကျွန်တော်တို့က ခုနကဒေါက်တာခင်ရွှေ ပြောသလိုပဲ ဒေါ်လာပိုက်ဆံကို ကျွန်တော်တို့မှာ ရှိသလောက်များများ ဝယ်လိုက်ရင် ဒေါ်လာပိုက်ဆံဈေးတော့ နည်းနည်းတက်လာတယ်။ ကျွန်တော်တို့ ပြည်တွင်းအတွက်ပေါ့ ။ ပြည်တွင်းထဲမှာ တကယ်လို့ ကျွန်တော်တို့ ကျပ်ငွေက တန်ဖိုးကျတယ် ဆိုရင် ကျွန်တော်တို့က ဒေါ်လာကို များများဝယ်လိုက်။ အဲဒီသဘောမျိုးပေါ့။ ကျပ်ငွေတန်ဖိုးကျအောင် ဒေါ်လာကို များများရောင်းထုတ်လိုက် ။ အဲဒီ သဘောမျိုးပေါ့။ အဲဒီတော့ ကျွန်တော်တို့ဟာ ဒီလို ကျွန်တော်တို့ ထိန်းသိမ်းခြင်းအားဖြင့် ဒီငွေရဲ့

ဈေးနှုန်းဟာ ပေါက်ဈေးအတိုင်းဖြစ်မှ၊ ခဏတော့ Investment လုပ်တဲ့သူက သိပ်မနစ်နာဘူး။ နောက် ငွေပို့တဲ့လူကလည်း ဒီအတိုင်းပဲ၊ တကယ်လို့ ကျွန်တော်တို့က ဆုပ်ထားတယ်ဆိုပါတော့၊ ဒီကနေ့ တစ်ဒေါ်လာကို ၇၅ဝ၊ ဒါကို အသိအမှတ်ပြုပြီး ဒါတစ်ခုတည်း ဈေးအတိုင်းပဲ သတ်မှတ်ထားမယ်ဆိုပါတော့ ၊ အပြင်က ကျွန်တော်တို့ ဗမာပြည်ကို ကျွန်တော်တို့ တိုင်းပြည်ကို ငွေပို့မယ့် အလုပ်သမားတွေက ၇၅ဝ ထက် ဈေးများတဲ့နေရာကို ဝယ်မယ်။ တစ်ဒေါ်လာကို ၇၅ဝ ထက် ပိုများများရတဲ့နေရာမှာ အဲဒီကျွန်တော်တို့ရဲ့ပိုက်ဆံပို့ နေတဲ့သူက၊ အလုပ်သမားက အဲဒီနေရာကနေ တစ်ဆင့် ဆိုလိုတာက တရားမဝင်တဲ့နည်းနဲ့ ပဲ ပို့ကြတယ်။ ကျွန်တော်တို့ ဒီလိုငွေဈေးနှုန်းကို အသေသတ်မှတ်ထားရင် ခုနတုန်းကလည်းပဲ ကျွန်တော်တို့ ဈေးကွက်စီးပွားရေးစနစ် ပုံစံမျိုးပဲ ကျွန်တော်တို့ အဲလိုမချုပ်ကိုင်ထား ဖို့၊ သင့်တော်သလို ကျွန်တော်တို့ အနေနဲ့က ဘဏ္ဍာရေး ပညာရှင် မဟုတ်ဘူး၊ စီးပွားရေးပညာရှင် မဟုတ်ဘူး၊ ဒါပေမယ့် ကျွန်တော်တို့ရဲ့ စီးပွားရေး ပညာရှင်တွေ ဒါတွေကို အများကြီးမြင်နိုင်ပါတယ်လို့ ထင်ပါတယ်။

နောက်ပြီးတော့ IMF နဲ့ ကျွန်တော်တို့အစိုးရ ဒီကနေ့ ချိတ်ဆက်တာဟာ အင်မတန်မှ ကောင်းတဲ့ အလားအလာပဲ။ ကျွန်တော်တို့ပိုက်ဆံ ကျွန်တော်တို့ကျပ်ငွေခိုင်မာလာဖို့နဲ့ ဖြစ်လာမယ့် နောက်ပြီးတော့ ဘဏ်စနစ်ကောင်းဖို့၊ ခေတ်မီဖို့၊ Service ကောင်းဖို့၊ Service စရိတ် သက်သာဖို့၊ နောက် အာမခံရှိဖို့၊ အဲဒါလည်း အရေးကြီးပါတယ်။ ဒါဟာ ကျွန်တော်တို့ IMF နဲ့ ဆက်ဆံပြီးတဲ့ နောက်ပိုင်း ဒါတွေဟာ တ စ်ဆင့်ဖြစ်လာမယ်လို့ ကျွန်တော် ထင်ပါတယ်။ အဲတော့ ကျွန်တော်တို့ဟာ သင့်တင့်လျောက်ပတ်တဲ့ ငွေလဲနှုန်း၊ မှန်ကန်တဲ့ ငွေလဲနှုန်းရှိပြီးတော့ ဘဏ်စနစ် ကောင်းလာမယ်ဆိုရင် ကျွန်တော်တို့ ဒီကနေ့ နိုင်ငံခြားဝင်ငွေဟာ ဘာမှထပ်မလုပ် ဝင်ငွေအလုပ် အသစ် ထပ်မလုပ်ရပါဘူး ကျွန်တော်တို့ နိုင်ငံခြားဝင်ငွေဟာ ဘီလီယံပေါင်း မြောက်များစွာတိုးလာ နိုင်ပါတယ်လို့ ကျွန်တော် မြင်တယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ တင်ပြချင်တာက ငွေလဲနှုန်းကို အသေမသတ်မှတ်ဖို့ ဈေးကွက်ရဲ့ ဈေးနှုန်းအတိုင်းထားရှိပြီးတော့ အစိုးရအနေနဲ့၊ ဘဏ္ဍာရေးဌာန အနေနဲ့ ထိန်းကျောင်းပေးဖို့ဆိုတာကို ကျွန်တော်ဆွေးနွေးချင်ပါတယ်။ အဲဒီတော့ ဒီအဆိုမှာ ဈေးနှုန်းကိုသတ်မှတ်ခြင်းဆိုတဲ့ စကားလုံးကလွဲလို့ ကျွန်တော်အားလုံး ထောက်ခံပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ။** ။ အဆိုနဲ့စပ်လျဉ်း၍ ဘဏ္ဍာရေးနဲ့အခွန်ဝန်ကြီးဌာနမှ ပြန်လည်ဖြေရှင်းဆွေးနွေးဖို့ရှိရင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၁။**

**ဦးဝင်းသန်း၊ (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)။** ။လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်း ရဲ့ အဆိုပြုတင်ပြလာခြင်းအပေါ် ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားတင်ပြပေးသွားပါမယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်း ဝင်း ရဲ့ မြန်မာနိုင်ငံရဲ့ ငွေကြေးစနစ်နဲ့ ငွေကြေးပေါ်လစီဟာ မိမိနိုင်ငံပို့ကုန်မြှင့်တင်ရေးနှင့်ကုန်သွယ်မှုတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေခြင်း၊ လက်ရှိကျင့်သုံးနေတဲ့ ဈေးကွက်စီးပွားရေးစနစ်နှင့် ကိုက်ညီမှုမရှိခြင်း၊ မှောင်ခိုငွေကြေး ဈေးကွက်ကို ဖြစ်ပေါ်စေခြင်း၊ မှောင်ခိုငွေကြေးဈေးကွက်ကို အားပေးရာရောက်နေခြင်း စသည်တို့ကြောင့် နိုင်ငံခြားငွေလဲလှယ်နှုန်းပေါ်လစီကိုပြုပြင်ပြီး နှုန်းအမျိုးမျိုးဖြစ်မှုမရှိစေရေးအတွက် FEC ကို ဖျက်သိမ်းလျက်မြန်မာကျပ်ငွေနှင့် အမေရိကန်တစ်ဒေါ်လာ လဲလှယ်နှုန်းကို ကမ္ဘာ့ရွှေဈေးနှင့် အမေရိကန်ဒေါ်လာ (မြန်မာ့ရွှေဈေး၊ မြန် မာ့ငွေကြေးနှင့် အမေရိကန်ဒေါ်လာ ဈေးကွက်ပေါက်ဈေး) နယ်စပ်ဒေသအသီးသီးမှာရှိတဲ့ တစ်ဖက်နိုင်ငံများနှင့်ငွေလဲလှယ်နှုန်း စတာတွေကို လိုက်လျောညီထွေမှုရှိတဲ့ အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှတဲ့ မြန်မာကျပ်ငွေလဲလှယ်နှုန်းကို ပြင်ဆင်သတ်မှတ်သင့်ပါကြောင်း အဆိုပြုတင်ပြလာတာကို ကျွန်တော် အသေးစိတ် ရှင်းလင်းတင်ပြပေးသွားပါမယ်။

နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျွန်တော်တို့ ကျင့်သုံးလျက်ရှိတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူပြုနိုင်စေရန်အတွက် နိုင်ငံတော်မှ ဘဏ္ဍာရေးမူဝါဒ Fiscal Policyနှင့် ငွေကြေးမူဝါဒ Monetary Policy တို့ကို ချမှတ်ဆောင်ရွက်လျက် ရှိပါတယ်။ ဘဏ္ဍာရေးမူဝါဒအနေနဲ့ နိုင်ငံတော်ရဲ့ ရသုံးငွေတွေကို နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုး တိုးတက်စေဖို့နှင့် ပြည်သူတွေရဲ့ စား ဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းများ တိုးတက်မြင့်မားစေဖို့

ရွေးရှုပြီး နိုင်ငံတော်အကြီးအကဲများရဲ့ လမ်းညွှန်ချက်နဲ့အညီ နှစ်စဉ် ချိန်ဆဆောင်ရွက်ခဲ့ပါတယ်။ တစ်ဖက်ကလည်း ငွေကြေးမူ ဝါဒနဲ့ ပြည်တွင်းသုံး ကျပ်ငွေရဲ့ တန်ဖိုးကို ခိုင်ခံ့တည်မြဲစေဖို့အတွက် ပြည်တွင်းကုန်စျေးနှုန်းများ တည်ငြိမ်စေ ရေး၊ နိုင်ငံခြား ငွေပေးငွေယူရှင်းတမ်းအခြေအနေ ရှင်သန်ကောင်းမွန်ရေး၊ ချေးငွေပမာဏ၊ ငွေကြေးပမာဏနှင့် အတိုးနှုန်းများ စသည်တို့ကို အစီအစဉ် တကျနှင့် ဟန်ချက်ညီညီ ရှိနေစေရေးတို့ကို ဆော င်ရွက်ရပါတယ်။ အဲလိုဆောင်ရွက်ရာမှာ ငွေရေးကြေးရေးနှင့်ဆိုင်တဲ့ လုပ်ငန်းများဖြစ်တဲ့အတွက် ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရသကဲ့သို့ နိုင်ငံတော်အတွင်း ထိရောက်တဲ့ ငွေပေး ချေမှုစနစ်၊ ငွေကြေးလွယ်ကူမှု၊ ကြွေးမြီပေးဆပ်နိုင်မှု၊ အခြေခံသော ငွေရေးကြေးရေးစနစ်ရဲ့ နည်းလမ်းတကျ ဆောင်ရွက်မှုတို့ကို တိုးတက်ကောင်းမွန်အောင် ဖော်ဆောင်လျက်ရှိပါတယ်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင် ငံတော် ဗဟိုဘဏ်တို့ဟာ ချမှတ်ထားတဲ့ဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးမူဝါဒတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့အတွက်နိုင်ငံတော်အတွင်းဘဏ်စနစ်နဲ့ ငွေရေးကြေးရေးအခြေအနေများ တည်ငြိမ်ခိုင်မာမှုကို ရရှိခဲ့ပြီး ၂၀၀၈ ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်း ဖြစ်ပွားချိန်မှာတောင် ကျွန်တော်တို့ နိုင်ငံတော်ကို ကြီးမားတဲ့ ထိခိုက်မှုမျိုးမဖြစ်အောင် ကာကွယ်ပေးနိုင်ခဲ့ပါတယ်။

သို့ရာတွင် ၂၀၀၈ ခုနှစ်၊ အမေရိကန်ပြည်ထောင်စုမှ စတင်ခဲ့တဲ့ ကမ္ဘာ့ငွေရေးကြေးရေး အကျပ်အတည်းများ ဖြစ်ပေါ်လာပြီးနောက် ဒီနေ့အချိန်အထိ ကမ္ဘာတစ်ခုလုံးရဲ့ စီးပွားရေးနှင့် ငွေရေးကြေးရေး အခြေအနေတွေဟာ တည်ငြိမ်မှုရရှိဖို့ ကြိုးပမ်းနေရဆဲဖြစ်ကြောင်း စီးပွားရေး ပြန်လည်နလံထူလာစေဖို့ ကြိုး ပမ်းနေရဆဲဖြစ်ကြောင်း အားလုံးတွေ့မြင်ကြ ရမှာ ဖြစ်ပါတယ်။ ကမ္ဘာသုံးငွေကြေးဖြစ်တဲ့ အမေရိကန်ဒေါ်လာ၏ ဆက်တိုက်အားပျော့နေမှုကြောင့် မြန်မာကျပ်ငွေနှင့် ဖလှယ်နှုန်းအပေါ်မှာ ယခုအခါမှာ ပိုမိုထိခိုက်လာကြောင်း တွေ့ရှိရပါတယ်။

လက်ရှိ မြန်မာနိုင်ငံမှာ အစိုးရက တရားဝင်သတ်မှတ်ထားတဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်း၊ အပြိုင်စျေးကွက်မှာ ဖြစ် ပေါ်နေတဲ့ နိုင်ငံခြားငွေလဲလှယ် နှုန်း၊ နိုင်ငံခြားငွေလက်မှတ် FEC ငွေလဲလှယ်နှုန်း၊ ဟွန်ဒီငွေ လဲလှယ်နှုန်း၊ Earning ငွေလဲလှယ်နှုန်း၊ Account Transfer ငွေလဲလှယ်နှုန်း စတာတွေနဲ့ ငွေလဲလှယ်နှုန်းအမျိုးမျိုး ဖြစ်ပေါ်လျက်ရှိနေတာကြောင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ရှုပ်ထွေးမှုနှင် ့ အဆင်မပြေမှုများကို ဖြစ်ပေါ်စေပါတယ်။

ဒီအခြေအနေတွေကို ကုစားဖို့အတွက် တစ်ခုတည်းသော နိုင်ငံခြားငွေ လဲလှယ်နှုန်းကို သတ်မှတ် ဆောင်ရွက်ဖို့ လိုအပ်လာတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံတော်ဘဏ်က နိုင်ငံခြားငွေ လဲလှယ်နှုန်း ပေါင်းစည်းရေး လုပ်ဆောင်ဖို့အတွက် လိုအပ်တဲ့ လေ့လာပြင်ဆင်မှုများကို ပြုလုပ်ခဲ့ပြီးတော့ နိုင်ငံခြားငွေလဲလှယ်နှုန်းပေါင်းစည်းခြင်း Exchange Rate Unification ကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) International Monetary Fund နှင့်ပူးပေါင်းပြီး ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

Exchange Rate ဟာ နိုင်ငံရဲ့ Monetary Policy မှာ အရေးကြီးတဲ့ ကိရိယာတစ်ခု ဖြစ်ပြီး အထူးအလေးထား ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ နိုင်ငံခြားငွေလဲလှယ်နှုန်း သတ်မှတ်ရေး အတွက် ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး၊ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်း၊ နယ်စပ်ဒေသငွေလဲလှယ်နှုန်းတွေကိုကြည့်ပြီး သင့်လျော်တဲ့ ဖလှယ်နှုန်းသတ်မှတ် ခြင်းဟာလည်း ပြီးပြည့်စုံမှာမဟုတ်ပါဘူး။ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲသတ်မှတ်မှုကို လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန်နဲ့ ဆောင်ရွက်မယ်ဆိုရင်လည်း နိုင်ငံ၏စီးပွားရေးလူမှုရေး၊ အခြေအနေများအပေါ် ဆိုးဝါးတဲ့ အကျိုးသက်ရောက်မှုတွေ ရှိနိုင်တာကိုလည်း သတိပြုပြီး လုပ်နေရတဲ့ အနေအထား ရှိပါတယ်။ နိုင်ငံခြားငွေလဲလှယ်နှုန်း သတ်မှတ်ခြင်းဟာ နိုင်ငံတော်ရဲ့စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု အခြေအနေ GDP ပြည်ပကုန်သွယ်မှုအခြေအနေ၊ ငွေဖောင်းပွမှုနှုန်း၊ နိုင်ငံတော်ရဲ့ ရသုံးမှန်းခြေ ငွေစာရင်း အခြေအနေနှင့် ပြည်ပကြွေးမြီများ အခြေအနေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ၊ နိုင်ငံတော်ရဲ့ သီးသန့်နိုင်ငံခြားငွေပမာဏ၊ ဖြစ်ပေါ်မည့် နိုင်ငံခြားငွေဈေးကွက်ကိုတည်ငြိမ်အောင် ထိန်းသိမ်းနိုင်ဖို့ လိုအပ်တဲ့ အတတ်ပညာ၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်၊ အခြေခံ အဆောက်အအုံနှင့်လိုလောက်တဲ့ ရန်ပုံငွေပမာဏ စတာတွေ ကို ကျွန်တော်တို့ ဘက်စုံထောင့်စုံမှ စဉ်းစားသုံးသပ် ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ International Monetary Fund ရဲ့ အဖွဲ့ ဝင် နိုင်ငံများဟာ မိမိနိုင်ငံမှာကျင့်သုံးတဲ့ စီးပွားရေးမူ ဝါဒနှင့် လိုက်လျောညီထွေမှုရှိတဲ့ နိုင်ငံခြားငွေ လဲလှယ်မှုနှုန်း အစီအစဉ်ကို ရွေးချယ်ကျင့်သုံးခွင့်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့၊ အဖွဲ့ဝင်နိုင်ငံများအနေနဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းကို ရှိသ င့်တာထက် မြင့် တက်နေတယ် ဆိုလို့ရှိရင်လည်း ပြန်လည်လျှော့ချသတ်မှတ်နိုင်ခွင့်ရှိပါတယ်။ ထို့အတူရှိသင့်ရှိထိုက်တဲ့အဆင့်ထက် အောက်ကိုလျော့ကျနေရင်လည်း ပြန်လည်ပြင်ဆင်သတ်မှတ်ခွင့်ရှိပါတယ်။ဖြင့် အပြည်ပြည်ဆိုင်ရာ

ငွေကြေးရန်ပုံငွေအဖွဲ့၊ အဖွဲ့ ဝင်နိုင်ငံတိုင်းဟာ မိမိတို့ ကျင့်သုံးတဲ့ ငွေလဲလှယ် နှုန်း အစီအစဉ် Exchange Rate Arrangement နဲ့ ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ကို အသိပေးဖို့နဲ့ ငွေလဲလှယ်နှုန်းအစီအစဉ်မှာ မည်သည့်ပြောင်းလဲမှုကိုမဆို ကျွန်တော်တို့ အပြည်ပြည်ဆိုင်ရာငွေကြေး ရန်ပုံငွေအဖွဲ့ကို အသိပေးရန်လိုအပ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှာ အပြည်ပြည်ဆိုင်ရာငွေ ကြေးရန်ပုံငွေအဖွဲ့ကို ဝင်ရောက်ခဲ့ပြီးတော့ မိမိရဲ့ငွေကြေးကို S.D.Rနဲ့ ပထမဆုံး ချိတ်ဆက်သတ်မှတ်ခဲ့တဲ့ ကျွန်တော်တို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အဖွဲ့ဝင်နိုင်ငံ ဖြစ်ပါတယ်။ ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ မြန်မာကျပ်ငွေကို S,D,R (၁)ယူနစ်ကို ကျပ် ၅.၈၀၇၁၇ နဲ့ ချိတ်ဆက်သတ်မှတ်ခဲ့ပါတယ်။ တစ်ဖန် ၁၉၇၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ မှာမြန်မာကျပ်ငွေကိုS,D,R (၁) ယူနစ်ကို ကျပ် ၇.၇၄၂၈၉ နဲ့ လည်းကောင်း၊ ၁၉၇၇ ခုနှစ်၊ မေလ ၂ ရက်နေ့မှာ ကျပ် ၈.၅၀၈၄၇ နှင့်လည်းကောင်း အသီးသီး ပြင်ဆင်သတ်မှတ်ခဲ့ပြီး၊ အခု အချိန်မှာ လက်ရှိ တရားဝင် နိုင်ငံခြားငွေလဲလှယ်နှုန်းဟာ S,D,R (၁)ယူနစ်ကို ၈.၅၀၈၄၅ နဲ့ ညီမျှတယ်လို့ သတ်မှတ်ထားပါတယ်။ နိုင်ငံတော်အတွက် နိုင်ငံခြားငွေ အများအပြား ရရှိလာ စေဖို့နဲ့ မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသည်များ လာ ရောက်လည်ပတ်တဲ့ အခါ လွယ်လင့်တကူ လဲလှယ်သုံးစွဲနိုင်ဖို့ ရည်ရွယ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်က၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ နိုင်ငံခြားငွေလက်မှတ် FEC များကို ထုတ် ဝေပေးခဲ့ပါတယ်။ နိုင်ငံခြားငွေ လက်မှတ်များကို ယူရို၊ ယန်း၊ ပေါင်စတာလင်၊ ဆွစ်ဖရန့်၊ အမေရိကန်ဒေါ်လာအပြင် ထုတ်ယူခွင့်ရှိတဲ့ ခရီးသွား ချက်လက်မှတ်များဖြင့် လဲလှယ်နိုင်ပြီး၊ FEC(၁)ယူနစ်ကို အမေရိကန် ဒေါ်လာ တစ်ဒေါ်လာနှင့် ညီမျှကြောင်း သတ်မှတ်ထားပါတယ်။

ဒါကြောင်မို့ Exchange Rate သတ်မှတ်ဆောင်ရွက်ရာမှာ နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားကိုလည်းကောင်း၊ နေ့စဉ် လူမှုစီးပွားရေးဘဝများကိုလည်းကောင်း၊ ထိခိုက်မှု မရှိစေရန် ဦးစားပေးပြီးIMF နှင့် ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ Exchange Rate Unification လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးပါက FEC ရုပ်သိမ်းရေးကိစ္စဟာ အလိုအလျောက် ပါသွားမှာဖြစ်ပါတယ်။ FEC ရုပ်သိမ်းတဲ့အခါမှာလည်း FEC ကို စတင် ထုတ်ဝေစဉ်ကပင် FEC တစ်ယူနစ်ဟာ အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှတယ်လို့ သတ်မှတ်ထားရှိပြီး ထုတ်ဝေခဲ့တာ ဖြစ်တဲ့အတွက် FEC အစား FEC နှင့်ညီမျှတဲ့ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာကိုဖြစ်စေ သို့မဟုတ် အဲဒီအချိန်မှာ ဖြစ်ပေါ်နေတဲ့ ဈေးကွက်ပေါက်ဈေးနှင့်ညီမျှတဲ့ ကျပ်ငွေကိုဖြစ်စေ လဲလှယ်ပေးသွားမှာ

ဖြစ်ပြီး၊FEC လက်ဝယ်ကိုင်ဆောင်ထားသူများ နစ်နာမှုမရှိစေရေးအတွက် စနစ်တကျ စီစဥ်ဆောင်ရွက် ပေးသွားမှာ ဖြစ်ပါတယ်။

ဒီ့အပြင် တည်ဆဲနိုင်ငံခြားသုံးငွေလဲလှယ်မှုစည်းမျဥ်းအက်ဥပဒေ(၁၉၄၇)ခုဟာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိတဲ့ ဥပဒေများမှာ ပါဝင်လျက်ရှိနေပြီး ခေတ်ကာလနှင့် မကိုက်ညီတဲ့ ပြဋ္ဌာန်းချက်များကို ခေတ်ကာလနှင့် ကိုက်ညီစေရန်နှင့် နိုင်ငံတော်ရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက် အပံ့ဖြစ်စေဖို့အတွက် ကျွန်တော်တို့ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းပြီး ပြင်ဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ၊** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း တင်သွင်းတဲ့ အမေရိကန်တစ်ဒေါ်လာနဲ့ညီမျှတဲ့ မြန်မာကျပ်ငွေ လဲလှယ်နှုန်းအား ပြင်ဆင်သတ်မှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည် ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။ ဒီလို ဆောင်ရွက်ရာမှာ ဆန္ဒမဲပေး ခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တပ်ရပ်၍ ဆန္ဒပြု တဲ့နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။ ဒီလိုဆန္ဒရယူရာမှာ သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့နေရာများမှာမတ်တပ်ရပ်ပြဖို့ ဖြစ်ပါတယ်။ ထိုင်နိုင်ပါပြီ။

မတ်တပ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ (၄၀)ဦးနှင့်အထက် ရှိတဲ့အတွက် ဦးသိန်းဝင်း ရဲ့အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု လွှတ်တော် အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။လွှတ်တော်အစည်းအဝေးကို နေ့လယ် ၁၃း၁၅ နာရီအချိန်မှာ ပြန်လည်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၄၅ နာရီတွင် ခေတ္တရပ်နားပြီး ၁၃း၁၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး၊** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည် ။]

**အခမ်းအနားမှူး** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးထွန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေးအမြဲတမ်းကော်မတီတစ်ရပ် ဖွဲ့စည်းရေးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးထွန်းလွင် တင်သွင်းသည့် မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတစ်ရပ် ဖွဲ့စည်းရေးအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါတယ်။

**အချိန်၊ ၁၃း၁၅။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြည်သူ့ငွေစာရင်းကော်မတီဝင်၊တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေးကော်မတီဝင် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော် ထောက်ခံဆွေးနွေးမယ့် အဆိုကတော့ ကချ င်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလွင် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံ အတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေးအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖတ်ကြားခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ထာဝရငြိမ်းချမ်းရေးဆိုသည်မှာ မငြိမ်းချမ်းရင် ထာဝရငြိမ်းချမ်းရေးဆိုတာဟာ မရနိုင်ပါဘူး။ ထာဝရငြိမ်းချမ်းရေးရအောင် မတူညီတဲ့အချက် တွေကို ခေတ္တဘေးဖယ်ပြီး တူညီတဲ့အချက်တွေ ကို ပေါင်းစပ်ရပါမယ်။ ပေါင်းစပ်တဲ့နေရာမှာ နိုင်ငံတော်ရဲ့ အမျိုးသားရေးမူဝါဒကို ဦးထိပ်ထားပြီး ဦးစွာပေါင်းစပ်ရပါမယ်။ အမျိုးသားရေး မူဝါဒကတော့ အများသိတဲ့အတိုင်း တို့တာဝန် အရေး(၃)ပါး ဖြစ်ပါတယ်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်မြဲရေးတို့ပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တို့ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွား လာတဲ့ ပြည်တွင်းသောင်းကျန်းမှု သမိုင်းကြောင့် နှစ်ပေါင်း (၆၀)ကြာတဲ့အထိ တစ်နိုင်ငံလုံး ရာနှုန်းပြည့် တည်ငြိမ်အေးချမ်းမှု မရရှိသေးပါဘူး။ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်တိုးတက် နိုင်မည်၊ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီဖော်ဆောင်နိုင်မည်။ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်၊ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်တယ်ဆိုတဲ့ ဖော်ပြချက်တို့ဟာ ကျွန်တော်တို့ နိုင်ငံတော်အစိုးရသစ်ရဲ့ သဘောထား ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုကလည်း ပြည်သူ့သဘောထားတွေကို အောက်ပါအတိုင်း ဖော်ပြလျက်ရှိပါတယ်။ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်၊ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်၊ ဆူပူမှု ကိုမလိုလား၊ ဆူပူအကြမ်းဖက်မှု ဖန်တီးသူ ဝိုင်းဝန်းဖယ်ရှား အထက်က ဆိုခဲ့တဲ့အတိုင်း တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာပါ။ ကျွန်တော်တို့နိုင်ငံမှာ ပြည်တွင်းသောင်းကျန်းမှုမီးဟာ နှစ်ပေါင်း များစွာ တောက်လောင်ခဲ့ပါတယ်။ ဒီကိစ္စအတွက် အဖြေအမျိုးမျိုး ရှာခဲ့ပါတယ်။ လက်နက်စွဲကိုင်ပြီး

တိုက်ခိုက်ကြတယ်။ တွေ့ဆုံဆွေးနွေးပြီး အဖြေရှာခဲ့ ကြတယ်။ ဟိုလွန်ခဲ့တဲ့ အနှစ်လေးငါးဆယ် က ဖဆပလခေတ်မှသည် တော်လှန်ရေးကောင်စီအစိုးရ ၊ လမ်းစဉ်ပါတီအစိုးရ၊ တပ်မတော်အစိုးရ စသည်ဖြင့် အစိုးရ အဆက်ဆက်ကပါပဲ။ ငြိမ်းချမ်းရေး ကို လူတိုင်း လိုလားကြပါတယ်။ ငြိမ်းချမ်းမှ တည်ငြိမ်အေးချမ်းမှာပါ။ ဒါမှဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကိုဆောင်ရွက်နိုင်မှာပါ။ တည်ငြိမ် အေးချမ်းမှုရရှိအောင် ယခင်တပ်မတော်အစိုးရလက်ထက်က ဆောင်ရွက်ခဲ့တဲ့အတွက် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ကြီး ၁၇ ဖွဲ့ အပါအဝင် အဖွဲ့ပေါင်း ၄၀ ကျော် ဥပဒေဘောင်အတွင်း ရောက်ရှိ လာခဲ့ကြပါတယ်။ ဒါကြောင့် ဘယ်တုန်းကမှ မရခဲ့ဘူးတဲ့ တည်ငြိမ် အေးချမ်းမှုကို ရရှိနိုင်ခဲ့ပြီး နိုင်ငံတော်ရဲ့ ဒေသအသီးသီးမှာ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့တိုင်းပြည် ဒီမိုကရေစီအစိုးရက တပ်မတော်အစိုးရလက်ထက်က ရရှိ ခဲ့တဲ့ ယာယီ ငြိမ်းချမ်းရေးကို ထာဝရငြိမ်းချမ်းရေးအဖြစ် ကြိုးပမ်းအားထုတ်လျက်ရှိပါတယ်။ ဒါပေမယ့် ထာဝရ ငြိမ်းချမ်းရေးလုပ်ဖို့အတွက်ကတော့ အတည်ပြုပြီးဖြစ်တဲ့ အခြေခံဥပဒေအရ သတ်မှတ်ချက်တွေ ရှိပါတယ်။ တပ်မတော်ဆိုရင် တစ်ခုတည်းသော တပ်မတော်ဖြစ်ရမယ်။ တပ်မတော်မှာ တပ်မတော် တစ်ခု၊ နှစ်ခု၊ သုံးခု၊ လေးခု စသည်ဖြင့်မရှိရပါဘူး။ မရှိလည်း မရှိသင့်ပါဘူး။ ပါလီမန်ခေတ်တုန်းက မြန်မာ့သမိုင်းမှာ တပ်မတော်သာမကပဲ လက်နက်ကိုင် အဖွဲ့တွေ အများကြီးရှိပါတယ်။ ပျူစောထီး၊ ပြည်စောင့်ရဲ စတာတွေပါ။ ပြဿနာတွေ အမျိုးစုံတက်လာပါတယ်။ သူတို့အားလုံး ဖျက်သိမ်းပြီး တပ်မတော်အတွင်း သွတ်သွင်းဖွဲ့စည်းထားရပါတယ်။ အဲဒီအချိန်အခါအရ တစ်သွေးတစ်သံတစ်မိန့် ဖြစ်အောင်လုပ်ခဲ့ရပါတယ်။ ဒါမှလည်း နိုင်ငံတော် ရဲ့ (Malitarymight) ထူထောင်နိုင်မှာပါ။ စစ်တပ်အင်အားကောင်းမှ တိုင်းတပါးတွေရဲ့ ထိပါးမှု လွတ်ကင်းမှာပါ။ သာဓက - ပထမမြန်မာ နိုင်ငံတော်၊ ဒုတိယ မြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်တို့ ဖြစ်ပါတယ်။ အဲဒီလို စစ်အင်အားတောင့်တင်းတဲ့ မြန်မာနိုင်ငံကို ဘယ်တိုင်းတစ်ပါးမှ ကျူးကျော်မှု ပြုခွင့် မရပါဘူး။ ကုန်းဘောင်ခေတ် နောက်ပိုင်းမှာ စစ်အင်အားလျော့နည်းလာပြီး မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ပြီး တစ်မျိုးသားလုံး သူ့ကျွန်ဘဝ ရောက်ခဲ့ရပါတယ်။ ကျွန်ဘဝရဲ့ခါးသီးမှုကို ကျွန်တော်တို့ ဘိုးဘွားဘီဘင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ခံစားကြရတာတွေ အသိပါပဲ။ ဒါ ကြောင့် ပြည်တွင်းတည်ငြိမ် အေးချမ်းပြီး အင်အား တောင့်တင်းတဲ့ ဒီမိုကရေ စီ နိုင်ငံတော်သစ် တည်ဆောက်ဖို့ အရေး ကြီးလိုအပ် နေပါတယ်။ အဲဒီအချိန်မှာ လက်နက်ကိုင် အဖွဲ့(၅)ဖွဲ့ဟာ နိုင်ငံတော်က စိတ်ရှည်ရှည်ထား ပြီး စည်းရုံးဖိတ်ခေါ်နေကြသော်လည်း

အကြမ်းဖက်မှု၊ ပစ်ခတ်မှု၊ ဖောက်ခွဲမှုတွေဟာ ဆက်လက် လုပ်ဆောင်နေကြဆဲ ဖြစ်ပါတယ်။ အဓိကကတော့ ကျွန်တော်တို့ ကရင်ပြည်နယ်မှာ KNU အဖွဲ့နဲ့ ကချင်ပြည်နယ်က KIA အဖွဲ့တို့ ဖြစ်ပါတယ်။ ကျန်တဲ့အဖွဲ့တွေ(၃)ဖွဲ့ကတော့ အများသိကြတဲ့အတိုင်းပဲ ကျွန်တော်အမည် မဖော်ပြတော့ပါဘူး။ အဲဒီအဖွဲ့ကြီး (၅)ဖွဲ့ကို ကျွန်တော်မေးခွန်း မေးပါရစေ။ ဘာတွေ လိုချင်တာလဲ၊ ဘာတွေ လုပ်ချင်တာလဲ၊ ကိုယ့်တိုင်းရင်းသားတွေကို မချစ်ကြဘူးလား။ တိုင်းရင်းသားတွေ အေးအေးဆေးဆေး နေချင်တာကို မမြင် ချင်ကြဘူးလား။ တိုင်းပြည်တိုးတက် တာကို မလိုချင်ကြဘူးလား။ ကိုယ့်တိုင်းပြည်ကိုယ့်ပြည်နယ် တိုးတက်တာ မဖြစ်စေချင်ဘူးလား။ တော်လှန်နေတယ်ဆိုတာ ဘာကိုတော်လှန်နေတာလဲ။ ဘာရလဒ်တွေရလဲ။ ဘယ်သူက ဘယ်သူ့ကို မတရားလုပ်လို့လဲ၊ စည်းကမ်းမရှိသွားလာနေထိုင်ဆုံးကြတာလား။ ကောင်းကောင်းမွန်မွန်အေးအေးချမ်းချမ်း စည်းစည်းလုံးလုံး မနေချင်ကြတော့ဘူးလား။ ဒီတော့ ဟိုဘက်ဒီဘက် ညှိနှိုင်းပြီး နိဂုံးချုပ်ဖို့ ဖြစ်ဖို့ ရှာရပါမယ်။ ပဋိပက္ခတွေ အဆုံးသတ်ရပါ့မယ်။ ဒါမှ ပြည်တွင်းငြိမ်းချမ်းပြီး တ စ်နိုင်ငံလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှာပါ။ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်စည်းလုံးရေး အတွက် အားလုံးက ဝိုင်းဝန်းပြီး လုပ်ပေးကြမှာပါ။ တကယ့်စစ်မှန်တဲ့ စေတနာ ကောင်းနဲ့ ကျွန်တော်တို့ ငြိမ်းချမ်းရေး အဖြေရှာ ကြပါစို့။ ဟိုတုန်းက ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ ကြပါတယ်။ ဒါပေမယ့် မရိုးသားတဲ့ သဘောတွေ ရှိကြပါတယ်။ မဖြစ်နိုင်တဲ့ တောင်းဆို ချက်တွေ ကို တောင်းဆိုကြပါတယ်။ တောင်းဆိုချက်တွေက သူ့ဘက်၊ ကိုယ့်ဘက် နားလည်မှု၊ စာနာမှု၊ မျှမျှတတတောင်းဆိုရမှာပါ။ တကယ်စစ်မှန်တဲ့ စေတနာကောင်းနဲ့ တောင်းဆိုရမှာပါ။ အဲဒီလိုဆိုရင်တော့ ငြိမ်းချမ်းရေးနဲ့ဝေးနေကြဦးမှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ပြည်တွင်းသောင်းကျန်းမှုရှိတဲ့ နိုင်ငံတွေ အလျင်အမြန်တိုးတက်နေကြပါပြီ။ ကျွန် တော်တို့ အာဆီယံနိုင်ငံဖြစ်တဲ့ ဗီ ယက်နမ်၊ ကမ္ဘောဒီးယား၊ မလေးရှား၊ စင်္ကာ ပူ စတာတွေဟာ အတော့်ကို တိုးတက်နေကြပါပြီ။ အိမ်နီးချင်း ထိုင်းနိုင်ငံတောင် ကျွန်တော်တို့ထက် အများကြီး ရှေ့ရောက်နေပါပြီ။ ရောက်ဖူးသူတွေရှိကြပါတယ်။ တရုတ်နိုင်ငံဆိုရင် ၁၉၄၉ ခုနှစ်က ကျွန်တော်တို့နဲ့ မရှေးမနှောင်း လွတ်လပ်ရေးကို ထူထောင်နိုင်ခဲ့ပါတယ်။ အခုဆို ကမ္ဘာ့ Super Power နိုင်ငံကြီးတောင် ဖြစ်နေပါပြီ။ သူတို့နိုင်ငံတွေမှာ ပြည်တွင်းစစ် မရှိပါဘူး။ အလွန်တရာမှ တည်ငြိမ်အေးချမ်းပါတယ်။ အဲဒါကြောင့် လျင်မြန်စွာ တိုးတက်လာနေကြတာပါ။ အာရှကျားတွေ၊ အာရှနဂါးတွေ ဖြစ်နေကြပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော့်အနေနဲ့ နောက်ထပ်ထပ်ပြလိုတာကတော့ နိုင်ငံတော်အစိုးရနဲ့ဘောထားခြင်းမတိုက်ဆိုင်တဲ့ လက်နက်ကိုင် ညီအစ်ကိုတွေကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် အမျိုးသားလွှတ်တော် ကနေ စကားပါးလိုက်ပါတယ်။ စိတ်ချလက်ချနဲ့ ငြိမ်းချမ်းရေးကမ်းလှမ်းမှုကို ကြိုဆိုကြပါ။ လာလည်း လာခဲ့ကြပါ။ ကရင်ပြည်နယ် အတွက်ကတော့ ကရင် အမျိုးသားတစ်ယောက်အနေနဲ့ ကျွန်တော် ရှေ့က မားမားမတ်မတ်ရပ်တည်ပြီး တာဝန်ယူဆောင်ရွက်ပေးပါမယ်။ ကျွန်တော်တို့ ကရင်ပြည်နယ် အပိုင်းတွင် ထာဝရငြိမ်းချမ်းရေးကို တစ်ပြည်လုံးကလိုလားနေကြပါတယ်။ ဒုတိယကမ္ဘာစစ်အပြီးမှာ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ခဲ့ တဲ့ ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံ တို့ကို လေ့လာလျှင် ထာဝရငြိမ်းချမ်းရေးကို ဂျပန်နိုင်ငံက တည်ဆောက်နိုင်တဲ့အတွက် တိုင်းပြည်တိုး တက်လာခဲ့တာ၊ အဲဒါတွေဟာ လက်တွေ့သာဓကဖြစ်ပါတယ်။ အဲဒါကြောင့် သံသယကင်းကင်း နှောင်ကြိုးမဲ့ရှင်းရှင်း နဲ့ ညီအစ်ကိုတိုင်းရင်းသားတွေ စည်းလုံးပြီး ထာဝရ ငြိမ်းချမ်းရေးကို အတူ တည်ဆောက်ကြ ပါစို့လို့ တင်ပြရင်း ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းလွင် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ် အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေးအဆိုကိုလေးလေးနက်နက်ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၂၄။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီးစစ်ကိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာစင်းမြင့်အောင် ဆွေးနွေးနိုင်ပါတယ်။

**အချိန်၊ ၁၃း၂၄။**

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာ ပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင် ဖြစ်ပါတယ် ။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလွင် တင်သွင်း သွားတဲ့ မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး၊ တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး

အမြဲတမ်းကော်မတီတစ်ရပ် ဖွဲ့စည်းရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ရဲ့ဆွေးနွေးချက်ကို ဖတ်ကြားတင်ပြခွင့် ပြုပါရန်လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင် ငံဟာ တိုင်းရင်းသားလူမျိုးပေါင်း စုံ စုပေါင်း နေထိုင်ကြတဲ့ ပြည်ထောင်စုနိုင်ငံကြီး ဖြစ်ပါတယ်။ သမိုင်းတစ်လျှောက်ပြန်ကြည့်ရင် ကိုယ့်မင်း ကိုယ့်ချင်းနဲ့ နိုင်ငံ တော်ကြီးကို တစ်စည်းတစ်လုံးတည်း ဖြစ်အောင် မင်းနဲ့ ပြည်သူ ကြည်ဖြူစွာ တည်ဆောက်ခဲ့ကြတယ်။ ထိန်းသိမ်းခဲ့ကြတယ်။ ကာကွယ်ခဲ့ကြပါတယ်။ ဒီလို စည်းလုံးညီညွတ် ခိုင်မာတောင့်တင်းတဲ့ နိုင်ငံတော်ကြီးဟာ တစ်ချိန်မှာ စည်းလုံးညီညွတ်မှုပြိုကွဲ တိုင်းပြည်အင်အား ချည့်နဲ့ပြီး နယ်ချဲ့လက်အောက်ရောက်ခဲ့ရပါတယ်။ နယ်ချဲ့လက်အောက် နှစ်ပေါင်း(၁၀၀)ကျော် နေခဲ့ရပြီးတဲ့နောက် အမြော်အမြင်ရှိတဲ့ တိုင်းရင်းသားလူမျိုးများဟာ စည်းလုံးညီညွတ်စွာ တော်လှန် တိုက်ခိုက်ခဲ့ကြ ဆွေးနွေးဆောင်ရွက်တောင်းဆိုခဲ့ကြလို့ လွတ်လပ်ရေး ရခဲ့ပါတယ်။ လွတ်လပ်ရေး ရပေမယ့်လည်း နယ်ချဲ့ရဲ့ Devide and Rule အရ အယူဝါဒအမျိုးမျိုးနဲ့ ပဋိပက္ခများ ဖြစ်ခဲ့ရ ပါတယ်။ ဒီလိုပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ဖို့ အစိုးရအဆက်ဆက် ဆောင်ရွက်ခဲ့ကြ ပါတယ်။ ဒါပေမယ့် ညှိနှိုင်းလို့မရကြလို့ သမိုင်းကြောင်းမလှ ဖြစ်ခဲ့ရပါတယ်။ နို ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေး အစိုးရလက်ထက်မှာတော့ စိတ်ရင်းစေတနာကောင်းတွေနဲ့ တိုင်းပြည် နဲ့လူမျိုးအတွက်အလေးထားဆောင်ရွက်ခဲ့လို့ငြိမ်းချမ်းရေးအသီးအပွင့်တွေ ခံစား ခဲ့ကြရပါတယ်။ ဒီလိုရရှိပြီးဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ပျောက်ကွယ်သွားမှာကို ပြည်သူပြည်သား တွေ အားလုံးအထူးစိုးရိမ်နေကြပါတယ်။ ဒီနေရာမှာ သာဓကတစ်ခုတင်ပြချင်ပါတယ်။ ကျွန်တော် ငယ်စဉ်ကျောင်းသားဘဝ ၁၉၆၇၊ ၁၉၇၂ ခုနှစ်ဝန်းကျင်က မြန်အောင်မြို့နဲ့ ကျုံပျော်မြို့တွေ မှာ နေခဲ့စဉ်က ဧရာဝတီတိုင်းဟာ မငြိမ်းချမ်းခဲ့ပါဘူး။ အဲဒီတုန်းက ဒီမြို့တွေကိုသွားဖို့ မီးရထားလမ်းနဲ့ ရေလမ်းကိုသာ အားကိုးခဲ့ရပါတယ်။ အခုအချိန်မှာတော့ ဧရာဝတီတိုင်းဒေသကြီးဟာ ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာလို့ ဒေသတစ်ခုလုံး လမ်းကွန်ယက်တွေနဲ့ အချိန်တိုအတွင်း သွားလာ နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်အောင်မြို့နယ်မှာ မမြရေလှောင်တမံနဲ့ ကညင် ရေလှောင်တမံ၊ ကြံခင်း မြို့နယ်မှာ ကွန်ချောင်းရေလှောင်တမံ၊ အင်္ဂပူမြို့နယ်မှာ နန်ကသူရေလှောင်တမံတို့ကို တည်ဆောက်

နိုင်ခဲ့လို့ ဒေသခံပြည်သူပြည်သားများရဲ့ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနို      င်ခဲ့ပါတယ်။ ဒီလို ပဋိပက္ခတွေ၊ သဘောကွဲလွဲမှုတွေဟာ လူတွေရဲ့ ပရောဂကြောင့် ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ ဒါဟာ ရှောင်လွဲလို့ရနိုင်တဲ့ နည်းလမ်းရှိတဲ့၊ ဖြေရှင်းလို့ရတဲ့ အကြောင်းတရားတွေ ဖြစ်ပါတယ်။ ဒီအကြောင်းတရားတွေ မရှိတော့ရင် မကောင်းတဲ့အကျိုး တရားတွေ ဖြစ်လာမှာ မဟုတ်ပါဘူး။ ဒီလိုငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုတွေကို နိုင်ငံတစ်ဝန်းလုံး ရရှိသွားဖို့ကို တိုင်းရင်းသား အားလုံးက မျှော်လင့်စောင့်စားနေကြပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်      အားလုံးကလည်း ဝိုင်းဝန်းဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားရမယ့် တာဝန်ကိုယ်စီ ရှိနေကြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး စသော တို့တာဝန်အရေး(၃)ပါးကို တိုင်းရင်းသားအားလုံးက ရပ်တည်ပြီး ဖွံ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်သွားကြရပါမယ်။ ဒါဟာ ထာဝရတည်တံ့မယ့် ငြိမ်းချမ်းရေးကိုရရှိပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်သွားနိုင်မှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီးတည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတစ်ရပ် ဖွဲ့စည်းရေးအဆိုကို ထောက်ခံတင်ပြ အပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၂၉။**

**ဥက္ကဋ္ဌ။**      ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၉။**

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။**      ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမန်း ကံညွန့် ဖြစ်ပါတယ်။ ကချင်ပြည်နယ်      မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းလွင်  ရဲ့ မြန်မာ နိုင်ငံအတွင်း ထာဝရ ငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတစ်ရပ် ဖွဲ့စည်းရေးအဆိုကို

ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ဆွေးနွေးမှုကို ဖတ်ကြား ဆွေးနွေးခွင့် ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးမန်းကံညွန့်၊ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ငြိမ်းချမ်းရေးဆိုတဲ့ စကားကြားရတာနဲ့ ကျွန်တော့် ရင်ထဲမှာ တဒိန်းဒိန်းခုန်လာပြီး ကြက်သီး တဖြန်းဖြန်း ဖြစ်လာ ပါတယ်။ ငြိမ်းချမ်းရေး ကို ဘယ်သူ တွေ အလိုချင်ဆုံးလဲလို့ ဆန္ဒတောင်းရင် ပထမဦးဆုံး အလိုချင်ဆုံးက နှစ်ဖက်လက်နက်ကိုင် တိုက်ပွဲဝင်နေကြတဲ့ တပ်ဖွဲ့ဝင်တွေ နဲ့ သူတို့ရဲ့ မိသားစုတွေပါပဲ။ ဒုတိယကတော့ လက်နက်ကိုင်တိုက်ပွဲ ဖြစ်ပွားနေတဲ့ဒေသက ပြည်သူတွေပါပဲ။ စစ်ပွဲကို အမုန်းဆုံးနဲ့ အဆန့်ကျင်ဆုံးကတော့ စစ်ပွဲရဲ့အနိဋ္ဌာရုံကို ကိုယ်တိုင်တွေ့မြင်ခံစားနေကြရတဲ့ စစ်သားတွေပဲ ဖြစ်ပါတယ်။ ဒါဖြင့် သူတို့ဘာကြောင့် စစ်တိုက်နေကြလဲဆိုရင်တော့ တပ်မတော်သား တွေအဖို့တော့ ကျွန်တော်တို့ အဘိုးအဘွားတွေ အသက်သွေးချွေး ကိုယ်လက်အင်္ဂါတွေနဲ့ ဆုံးရှုံး ခံပြီး ရယူခဲ့ တဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ဆုံးရှုံးပျောက်ကွယ် မှာစိုးလို့ မတိုက်လျှင် မဖြစ်လို့ တိုက်နေ ရတာပါ။ ဒါ ဖြင့်ရင် တစ်ဖက်တိုင်းရင်းသား လက်နက်ကိုင်တွေအနေနဲ့လည်း သူတို့ဘက်က အဖြေတစ်ခုတော့ ရှိမှာပါပဲ။ စစ်တိုက်တာကို မလိုလားတဲ့ ရည်ရွယ်ချက်ခြင်းတူပြီး စစ်မတိုက်ကြရအောင် လုပ်ဆောင်နိုင်တဲ့ နည်းလမ်းတစ်ခုတော့ ရှိမှာပါ။ ရှိခဲ့လို့လည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့ ငြိမ်းချမ်းရေးယူပြီး ပြည်သူလူထုနဲ့လက်တွဲကာ ဒေသဖွံ့ဖြိုးရေးတွေ လုပ်နေခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် တချို့နေရာတွေမှာ တချို့အဖွဲ့တွေအတွက်ကတော့ နည်းလမ်းကို ရှာမတွေ့သေးဘဲ ဖြစ်နေပါတယ်။ အဲဒီ နည်းလမ်းတွေကို ရှာ တွေ့နိုင်ဖို့အတွက် အဖွဲ့တစ်ဖွဲ့ ရှိသင့် ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ငြိမ်းချမ်းရေးမယူခင်က အခြေအနေနဲ့ ငြိမ်းချမ်းရေးယူပြီးတဲ့နောက်မှာ ပြောင်းလဲသွားတဲ့ အခြေအနေတစ်ချို့ကို မီးမောင်း ထိုးပြချင်ပါတယ်။ ကရင်ပြည်နယ်မှာ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလအတွင်း DKBA စတင်ပေါ်လာ ခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မတိုင်ခင်က ကရင်ပြည်နယ်အတွင်းမှာ နေရာအနှံ့ တိုက်ပွဲတွေ ရှိနေခဲ့ ပါတယ်။ တပ်မတော်သားတွေရဲ့ အသက်ပေါင်းများစွာဒေါနတောင်တန်းတစ်လျှောက် ပေးဆပ်ခဲ့ရ ပါတယ်။ တိုက်ပွဲမှာထိမှန်လို့ ကျဆုံးခဲ့ရသူ၊ ငှက်ဖျားရောဂါကြောင့်သေကြရတာလည်းများပါတယ်။ တပ်မတော်မှာ မိသားစုဝင်တွေရဲ့ မျက်ရည်တွေဟာ သံလွင်မြစ်ရေတွေနဲ့ နှိုင်းမယ်ဆိုရင် ယခုတိုင်

မခမ်းနိုင်ပါဘူး။ တပ်မတော်သားတွေရဲ့ အသက်စွန့်ခဲ့ကြရသူတွေ၊ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့ဝင်တွေရဲ့ အသက်ပေါင်းများစွာလည်း ဒေါနတောင်တစ်ဝိုက်မှာ ဆုံးရှုံးခဲ့ကြပါတယ်။ ကရင်ရိုးရာစကားပုံရှိပါတယ်။ ကုလားမတောင် မှာ အရိုးတောင်လို ပုံလိမ့်မယ်တဲ့။ တကယ်ပဲ ဖြစ်ခဲ့သလိုပါပဲ။ ၁၉၈၀ ခုနှစ်မှ ၁၉၉၀ ခုနှစ်ကြားကာလတွေမှာ တိုက်ပွဲတွေ ပြင်းထန်ခဲ့ပါတယ်။ ဒီအချိန်က ငှက်ဖျားရောဂါဟာလည်း ကြောက်စရာကောင်းအောင် သေကြေကြရပါတယ်။ သောင်ရင်းမြစ်ရေနဲ့အတူ ဒီဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူတွေရဲ့ မျက်ရည်တွေ စီးဆင်းခဲ့ပါတယ်။ ကျွဲနှစ်ကောင်ခတ်တဲ့ကြားမှာ မြေဇာပင်မခံနိုင်ပါဘူး။ နှစ်ဘက်တိုက်ပွဲတွေကြားမှာ ပြည်သူတွေလည်းသေကြရပါတယ်။ ကိုယ်လက်အင်္ဂါတွေ စွန့်ကြရပါတယ်။ ရွာတွေမှာလည်း လယ်မလုပ်အားပါဘူး။ စစ်ကြောင်းတွေ ရှောင်ရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ စစ်သားစုဆောင်းတာ ရှောင်ရ။ အလုပ်လုပ်စား မအားကြပါဘူး။ အိမ်တွေဆိုရင် အင်ဖက်မိုးအင်ဖက်ကာ မလုံတလုံနဲ့ လှည်းလမ်း လူသွားလမ်းပဲ ရှိပါတယ်။ အိမ်တိုင်းမှာ ဗုံးခိုကျင်းတွေ တူးထားရပါတယ်။ နှစ်ဖက်တပ်တွေ ရွာထဲမှာ တိုက်ပွဲဖြစ်မှာကို ဒေသခံပြည်သူတွေ အလွန်ကြောက်ကြပါတယ်။ ကျွန်တော် တစ်ခါတစ်ခါ စဥ်းစားမိခဲ့ပါတယ်။ တိုက်ပွဲမှာ နှစ်ဘက်ပစ်ခဲ့တဲ့ ဗုံးသီးတွေရဲ့ တန်ဖိုးနဲ့ စာသင်ကျောင်းတွေ ဆောက်ခဲ့ရင်၊ ပညာရေးကဏ္ဍ သုံးခဲ့ရင် တိုင်းရင်းသားကလေးတွေ ကရင်ပြည်နယ်မှာရှိသလောက် Ph.D ဘွဲ့ရ ပညာတတ်ကြီးတွေ ဖြစ်ကုန်မှာပဲ၊ ဆေးရုံ၊ ဆေးပေးခန်းတွေ ဆောက်လိုက်ရင် ကရင်ပြည်နယ် တစ်ခုလုံး ရောဂါကင်းစင်နယ်မြေတွေ ဖြစ်သွားမှာပဲလို့ စိတ်ကူးယဥ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုအချိန်က စစ်ပွဲတွေရဲ့အနိဋ္ဌာရုံကို မီလိုက်သူတွေသိကြပါတယ်။ ဒီအနိဋ္ဌာရုံတွေကြားမှာပဲ DKBA အဖွဲ့ပေါ်ပေါက်လာဖို့ သန္ဓေတည်ခဲ့ပါတယ်ဆိုရင် မှားမယ် မထင်ပါဘူး။ ၁၉၉၄ ခုနှစ် DKBA ပေါ်ပေါက်လာတဲ့အခြေအနေကို အနည်းငယ်တင်ပြချင်ပါတယ်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလမှာ KNU တွေဟာ စစ်ရေးနိုင်ငံရေး နှစ်ဖက်ညှပ်တိုက်တဲ့ နည်းဗျူဟာကြောင့် မဲသဝေါစခန်းကိုတိုက်ခဲ့ကြပါတယ်။ အရေးအခင်းဖြစ်နေတဲ့ကြားက တပ်မတော်ဟာမဲသဝေါစခန်းကို ခက်ခက်ခဲခဲ ပြန်တိုက်ရာက KNU စခန်းတွေကို တစ်ခုပြီးတစ်ခု ဆက်တိုက်ခဲ့ပါတယ်။ ထိုကာလဟာ ကရင်ပြည်နယ်သွေးချောင်းစီးတဲ့ကာလပါ။ KNU တပ်တွေဟာ နယ်စပ်တစ်လျှောက်မှာရှိတဲ့ သူတို့ရဲ့ အခိုင်အမာစခန်းတွေ တစ်ခုပြီးတစ်ခု ဆုံးရှုံးရသလို အသေအပျောက် များခဲ့ပါတယ်။ သူတို့ရဲ့ မိသားစုတွေလည်း ထိုင်းနိုင် ငံဘက် ထွက်ပြေးခဲ့ရပြီး ဒုက္ခသည် အဖြစ် ခိုလှုံခဲ့ကြရပါတယ် ။

ကိုယ့်မြေကိုချစ်တဲ့ ကိုယ့်တိုင်းပြည်ကို ခင်တွယ်တဲ့ ကရင်တိုင်းရင်းသား လက်နက်ကိုင်မိသားစုတွေ ထိုင်းနိုင်ငံ၊ ဒုက္ခသည်စခန်းမှာ မနေလိုကြပါဘူး။ ဒါ့ အပြင် KNU အဖွဲ့ တိုက်ပွဲတွေများတော့ စစ်သားစုဆောင်းရတာတွေ များလာပါတယ်။ အဓမ္မအစုခံရတဲ့ ကရင်တိုင်းရင်းသား လက်နက်ကိုင် အများစုဟာ ရိုးသားစွာလယ်ယာလုပ်ကိုင်စားတဲ့ ဗုဒ္ဓဘာသာ ကရင်တိုင်းရင်းသားတွေ ဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးကို အထူးလိုလားခဲ့ကြလို့ဒေသငြိမ်းချမ်းအောင် သံလွင်မြစ်ရိုးတစ်လျှောက် ဘုရားတည်ပြီး သာသနာပြန့်ပွားအော င် ဆောင်ရွက်ခဲ့တဲ့ မြိုင်ကြီးငူ ဆရာတော် ဦးသုဇန ရဲ့ သာသနာပြုလုပ်ငန်းတွေကို ယုံယုံကြည်ကြည် ပါဝင် လာရင်းက KNU အတွင်းမှာ ဗုဒ္ဓဘာသာ နဲ့ ခရစ်ယာန်ဘာသာရေး ကိုးကွယ်မှု အပေါ် မူတည်ပြီး စိတ်ဝမ်းကွဲ စရာက စခဲ့တာပါ။ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ကျွ န်တော်တို့တပ်တွေ လှိုင်းဘွဲ့ -မဲသဝေါ ကားလမ်း ဖောက်နေတဲ့အချိန်မှာပဲ DKBA အရေးအခင်း ဖြစ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ရက်ကပဲ စစ်သုံးကားလမ်းကိုကာကွယ်ရင်း KNU နဲ့ ကျွန်တော်တို့ တိုက်ပွဲတွေဖြစ်နေရာကDKBA နဲ့ DKBO မြိုင်ကြီးငူမှာ ဖွဲ့စည်းပြီးတာနဲ့ ကျွန်တော်တို့ လက်တွဲပြီးတော့မှ KNU ရဲ့ အဓိက မာနယ်ပလော စခန်းကို အတူတိုက်ခဲ့ကြပါတယ်။ အံ့သြဖို့ အလွန်ကောင်းပါတယ်။ DKBA စစ်သည်တွေနဲ့ ကျွန်တော်တို့ စစ်သည်တွေဟာ တိုက်ပွဲကာလ အတွင်း အတူစား၊ အတူအိပ် ရင်းနှီးစွာနေကြပါတယ်။ ရိက္ခာမလောက်ငှရင် မျှတပြီး စားကြတယ်။ ဖျားနာရင်၊ ထိခိုက်ဒဏ်ရာရရင် နွေးထွေးစွာ ပြုစုကုသပေးပါတယ်။ အားတဲ့အချိန် စကားလက်ဆုံ ပြောကြပါတယ်။ ဒါပေမဲ့ သူတို့ပြောတဲ့အထဲမှာ ပြီးခဲ့ တဲ့တိုက်ပွဲအကြောင်း မပါပါဘူး။ တစ်ဦးနဲ့တစ်ဦး အထင်လွဲမယ့် စိတ်နာမယ့် စကားတွေ ရှောင်ကြပါတယ်၊ ဒါတွေ ဘယ်သူမှ သင်ပေးရတာမဟုတ်ပါဘူး။ မဲသဝေါ ဝင်ပေါက်ကနေ ဒုက္ခသည် အဖြစ် ထိုင်းနိုင်ငံမှာရှိနေတဲ့ DKBA မိသားစုတွေ ပြန်ဝင်လာတဲ့အခါ ကျွန်တော်တို့ တပ်မတော်သားတွေဟာ အဝတ်အစားထုပ် ထမ်းပြီး ကားပေါ် လိုက်ပို့တယ်။ ထမင်းထုပ်တွေ ပေးတယ်၊ ကလေးတွေ ဝိုင်းချီတယ်၊ ရိက္ခာတွေ ဝေမျှပေးခဲ့ပါတယ်။ အိမ်ကနေ စိတ်ဆိုးပြီး ထွက်သွား ရာက ပြန်လာတဲ့ ညီအ စ်ကိုမောင်နှမတွေ အိမ်ကိုပြန်လာတာကို ကြိုသလို ဝမ်းသာ အားရ ကြိုကြပါတယ်။ အဲဒီအချိန်က မဲသဝေါစခန်းမှာ တာဝန်ထမ်းဆောင်ခဲ့ရတဲ့ စစ်သည်တွေဆိုရင် ဝမ်းသာလွန်းလို့ မျက်ရည်လည်ခဲ့ရပါတယ်။ KNU စခန်းတွေကို တိုက်တဲ့အခါမှာလည်း ကျွန်တော်ဟာ ထိသေစီးအထက်က ဂျာကနိုးလူစ ခန်းနဲ့ ပဟောက်မှားစခန်းကို သိမ်း ပိုက်ခဲ့ရပါတယ်။ စခန်းပေါ် တက်တက်ချင်းမှာ မိုင်းတွေ တွေ့ရပါတယ်။ KNU တွေကတော့မရှိတော့ပါဘူး။ စခန်းက ကိုက်၇၀ ပတ်လည်လောက်ရှိတာ မိုင်းအလုံး၈၀ ကျော်

ဖော်ခဲ့ရပါတယ်။ တစ်ယောက်မှ မိုင်းမထိပါဘူး။ ဘာကြောင့်လဲဆိုတော့ ဖော်လို့ရတဲ့ မိုင်းအလုံး ၈၀ မှာ စနက်တံပါတာ ၁၀ လုံးလောက်ရှိပြီးကျန်အလုံး ၇၀ လောက်က စနက်မပါဘဲထောင်ခဲ့တာ ဖြစ်ပါတယ်။ ဘာလဲဆိုတော့ DKBA တပ်ဖွဲ့တွေ့ရဲ့လက်ကျန် KNU အဖွဲ့တွေဟာ လုပ်ဖော်ကိုင်ဘက် တွေဖြစ်လို့ သွေးက စကားပြောတာပါ။ DKBA တက်လာရင် မိုင်းမထိအောင်၊ မိုင်းထောင်ခိုင်း တာကို မငြင်းရဲလို့ ထောင်ရပေမယ့် Fuse မပါဘဲ ထောင်ခဲ့တာပါ။ နောက်တော့ စနက်တံ ထည့် ထားတဲ့ ပလစ်စတစ်အိတ်ကို စခန်းခြံစည်းရိုးဘေးမှာ စွန့်ပစ်တာ ပြန်တွေ့ခဲ့ရပါတယ်။ ဒါတွေဟာ စစ်မတိုက်ချင်ဘဲ တိုက်နေရပေမဲ့ ငြိမ်းချမ်းရေးကို အားလုံး လိုချင်တယ်ဆိုတဲ့ ပြယုဂ်ပါပဲ။

အလားတူပါပဲ ၁၉၉၇ ခုနှစ် ဟောင်သရောငြိမ်းချမ်းရေးအဖွဲ့ ဖထီးသမူယ်တို့ လက်နက်နဲ့ ငြိမ်းချမ်းရေးလဲလှယ်စဉ်ကလည်း ကျွ နိတော်ဟာ အဓိက နေရာမှာ ပါဝင်ခဲ့ပါတယ် ။ အတူပါ လာတဲ့ ငြိမ်းချမ်းရေးအကျိုးဆောင် ဖဒိုဦးငွေတင်နဲ့ DKBA ဗိုလ်ကျော်သက်တို့က ဦးသမူး ဟဲ နဲ့ ချက်ချင်းဆက်သွယ်ပြီး ငြိမ်းချမ်းရေးစကားတွေ ပြောနေပေမယ့် လူချင်းမတွေ့ရတော့ လုပ် လို့ မရပါဘူး။ အဲဒီညနေမှာဘဲ ဖထီးသမူး ဟဲရဲ့ တပ်ဖွဲ့တစ်ချို့ ရှောင်ပြေးနေရင်းက ကျွန်တော်တို့နဲ့ တိုက်ပွဲဖြစ်ပါတယ်။ နောက်တစ်နေ့မှာ ကျွန်တော့်တပ်ရင်း နာဂရွာထဲဆင်းတဲ့အခါ ရွာသူကြီးအဖိုးတွေ စုပြီး ကျွန်တော့်ကို စောင့်နေတယ်။ ဖထီးသမူဟဲတပ်က ဗိုလ်ကြီး ကြည်ဝင်း ကို လှည်းအသင့် ထားပြီး သွားခေါ်ပေးတယ်။ ဗိုလ်ကြီးကြည်ဝင်း နဲ့ ကျွန်တော် စကားပြောပြီးတော့ ကျွန်တော်က ဗိုလ်မှူးကြီးဟန်တင့် သတင်းပို့ ဗိုလ် ကြီးကြည်ဝင်း က ဦးသမူးဟဲ သတင်းပို့နဲ့ ညှိ နှိုင်းမှု အဆင် လည်းပြေရော အမိုးတို့ဟာ ဝမ်းသာလွန်းလို့ မျက်ရည်လည်ပြီးတော့ ငိုကြပါတယ်။ နှစ်ဖက်ရဲဘော် တွေလည်း ငယ်ပေါင်းကြီးဖော် တွေလိုပါပဲ ခင်မင်ရင်းနှီးစွာ ဆက်ဆံခဲ့ကြပါတယ်။ ဖထီးသမူဟဲ အဖွဲ့ဟာလည်း လက်နက်နဲ့ငြိမ်းချမ်းရေး ရယူနိုင်ခဲ့ပါတယ်။ ထိုစဉ်က ဖထီး သမူးဟဲ အဖွဲ့ ငြိမ်းချမ်းရေး ရယူအောင် လုပ်ပေးခဲ့တဲ့ DKBA တပ်ဖွဲ့ဝင်တစ်ဦး မိသားစုထဲကနေ အခန့်မသင့်လို့ စိတ်ကောက်ပြီး အိမ်က ထွက်သွားခဲ့ပါတယ်။ အဲဒီညီလေးကို ကျွန်တော် ဘယ်သူနဲ့ပြန်ခေါ်ရမလဲ ကျွန်တော် အလွန်ပဲ ဝမ်းနည်းမိပါတယ်။

DKBA အဖွဲ့၊ ဟောင်သရောငြိမ်းချမ်းရေးအဖွဲ့၊ ဖဒိုအောင်ဆန်း ငြိမ်းချမ်းရေးအဖွဲ့တွေ၊ ဦးထိန်မောင် ငြိမ်းချမ်းရေးအဖွဲ့တွေ ဝင်လာပြီးတဲ့နောက် ကရင်ပြည်နယ်ထဲမှာ သိသိသာသာ အေးချမ်းခဲ့ပါတယ်။ ဖွံ့ဖြိုးတိုးတက်ခဲ့ပါတယ်။ လမ်းတံတားတွေကောင်းလာခဲ့ပါတယ်။ နိုင်ငံတော်က

သံလွင်တံတား၊ ဂျိုင်းတံတား၊ ဇာသပြင်တံတား ၊ဒေါင်လန်းတံတား မဟာဗျူဟာ လမ်းမကြီးတွေ တည်ဆောက်ပေးခဲ့သလို DKBA နဲ့ ငြိမ်းချမ်းရေးအဖွဲ့တွေကလည်း ကျေးရွာချင်းဆက်လမ်းတွေ၊ မြို့နယ်ချင်းဆက်လမ်းတံတားတွေ ဆောက်ပေးခဲ့ပါတယ်။ DKBA တပ်ရင်း ၉၀၇ ကဆောက်ခဲ့တဲ့ မဲကလာချောင်းကူးတံတားဟာ မြဝတီ သေဘောဘိုးဒေသနဲ့ ဝေါလယ်ဒေသမှာ ပေ ၁၈၀ အထက် မြစ်ကူးတံတားကြီး ဖြစ်ပါတယ်။ အုံ့ဩစရာကောင်းအောင် အင်ဂျင်နီယာပညာရှင်ကြီးတွေမပါဘဲ ဦးစောလားဖွယ်(ခ)ဗိုလ်နှုတ်ခမ်းမွေး နဲ့ သူ့တပ်ဖွဲ့ဝင်တွေ ဆောက်ခဲ့သလို၊ မဲပလဲချောင်းကူး တံတားဟာလည်းDKBA စောချစ်သူ အဖွဲ့ဆောက်ခဲ့တာပါပဲ။ ကျွန်တော် ၁၉၉၉ ခုနှစ်မှ ၂၀၁၀ ခုနှစ် အထိ ဘားအံနဲ့ ဝေးကွာခဲ့ပါတယ်။ ၂၀၁၀ ခုနှစ် ပြန်ရောက်တဲ့အခါမှာကရင်ပြည်နယ်ကို အံ့ဩဖွယ် တိုးတက်နေတာ မြင်တွေ့ရပါတယ်။ ရွာတိုင်းမှာ ကားပိုင်တွေရှိသလို အိမ်တိုင်းမှာ ဆိုင်ကယ်တွေ ရှိပါတယ်။ ရွာက အိမ်တွေဟာ ယခင်လို ဖက်မိုးဖက်ကာ မဟုတ်တော့ဘဲ တိုက်အိမ်၊ သွပ်မိုးတွေ ဖြစ်လာနေပါတယ်။ ရွာအထိ လျှပ်စစ်မီးတွေ ရနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်တစ်ခုလုံး တိုးတက်လာတာကတော့ မဟုတ် ပါဘူး။ သံတောင်မြို့နယ် နဲ့ ဖာပွန်မြို့နယ်ထဲက ဘောဂလိကြီး ၊ ဘူဇာခွီး၊ ခေးမူဒေသတွေ ကတော့ ပိုပြီး ဆုတ်ယုတ်ခဲ့ပါတယ်။ KNU ရဲ့ No Men Land လူမရှိရ အမိန့် အောက်မှာ ကွမ်းသီးခြံတွေ၊ ဒူးရင်းခြံတွေ၊ တညင်းခြံတွေ၊ ဖာလာတွေ ပျက်စီး ကုန်ပါတယ်။ တစ်နှစ် တစ်နှစ် ဘောဂလိကြီး ၊ ရေသိုးကြီးရွာတွေကထွက်တဲ့ ဒူးရင်းသီးဟာ အရည်အသွေးကောင်းသလို ဈေးကောင်းလည်း ရပါတယ်။ ဒူးရင်းခြံပိုင်ရှင်တွေ၊ ဒူးရင်းသီးကုန်သည်တွေ ဘောဂလိကြီးသားတွေ ချမ်းသာကြပေ မယ့် ရေသိုးကြီး ကျော်ရင်ပဲ ရွာပျက်တွေ ခြံပျက်တွေဖြစ်ပြီး နှမြောဖို့ကောင်းအောင် ကွမ်းသီးပင် တွေ၊ ဒူးရင်းပင်တွေဟာ ပြုစုသူ မဲ့ခဲ့ရပါတယ်။ အကယ်၍များ မောင်းတံကြီး၊ စီကဲဒိုး၊ ပြောင်မသို၊ ဘူဇာခွီး၊ ကလဲမူ၊ တခွီးဒို၊ ခေးမူဒေသ ရွာသားတွေ နေခွင့်ရမယ်၊ အေးချမ်းမယ်ဆိုရင် သီးနှံ ရောင်းဝယ်တာနဲ့တင် ချမ်းသာကြမှာပါ။ အခုတော့ လမ်းတွေအားလုံး မိုင်းအပြည့်နဲ့မိုင်းလွတ်လမ်း ရှောင်သွားနေကြရပါတယ်။ တောင်ပိုင်းတိုင်း စစ်ဆင်ရေး နယ်မြေထဲဝင်ရတဲ့ တပ်မိသားစုတွေရဲ့ ရင်ထဲကစကားတွေ ပြောထွက်ခွင့်ရရင် ဝမ်းနည်းကြေကွဲစရာပြောကြမှာပါ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ဒါကြောင့် ငြိမ်းချမ်းရေးရပြီးတဲ့ ဒေသနေပြည်သူတွေ ငြိမ်းချမ်းရေးပျက်ပြားမှာ အ လွန်ပဲ စိုးရိမ်ပါတယ်။ နှစ်ပေါင်း (၂၀)အတွင်း ငြိမ်းချမ်းခဲ့တဲ့ဘဝကို

မပျက်စီးစေချင်ကြပါဘူး။ ငြိမ်းချမ်းရေး မရသေးတဲ့ဒေသတွေ ငြိမ်းချမ်းရေး ရချင်ပါတယ်။ ပကတိရိုးသားစွာနဲ့ တိုင်းရင်းသား ပြည်သူလူထု အကျိုးကိုသာ ရှေးရှုပြီး ငြိမ်းချမ်းရေးတံခါး ဖွင့်ဝင်လာစေချင်ပါတယ်။ ဝင်လာလို့ရအောင် ဆောင်ရွက်ပေးမည့် ငြိမ်းချမ်းရေး စေတမန်တွေ ပေါ်လာစေချင်ပါတယ်။

ဒါပေမယ့် သမိုင်းတစ်လျှောက် ငြိမ်းချမ်းရေး ရစေချင်လွန်းလို့ ဆန္ဒစောပြီး ဥပဒေ က ကန့်သတ်ထားတဲ့ဘောင်ကို ကျော်မိတဲ့အခါ ငြိမ်းချမ်းရေးမရဘဲ ကိုယ်တိုင်ငြိစွ န်းခဲ့ကြလို့ ဥပ ဒေ အရ အရေးယူခံကြရတဲ့ဖြစ်စဉ်တွေလည်း ရှိခဲ့တာကြောင့် ဆင်ခြင်ပြီး သင်ခန်းစာယူ ဆောင်ရွက် ဖို့လည်း လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ငြိမ်းချမ်းရေး တည်ဆောက်ထိန်းသိမ်းဆောင်ရွက်ရာမှာ ပါဝင်ဖို့ အဖွဲ့တစ်ဖွဲ့ လိုအပ်ပါတယ်။ ယခု ကျွန်တော်တို့ အမျိုးသားလွှတ်တော် ပထမအကြိမ် ဒုတိယ အစည်းအဝေး ပထမနေ့ မှာပဲ တိုင်းရင်းသားရေးရာနဲ့ ငြိမ်းချမ်းရေးကော်မတီကို လွှတ်တော် ကိုယ်စားလှယ်(၁၀)ဦးနဲ့ ဖွဲ့ခဲ့ပြီးပါပြီ။ သို့ပေမယ့် ရေးရာကော်မတီ ဖြစ်တာကြောင့် အမြဲတမ်း ကော်မတီကဲ့သို့ လုပ်ဆောင်မှု အခွင့်အရေး များ ရှိပါ့မလား။ ဘယ်လိုပဲဖြစ်ဖြစ် ထို ကော်မတီ ကိုလည်း ထောက်ခံပါတယ်။ လှိုက်လှဲစွာ ကြိုဆိုပါတယ်။ သူ့ထက်ပို ပြီး လုပ်ခွင့်ကျယ်ပြန့်တဲ့ အမြဲတမ်းကော်မတီများ ဖွဲ့စည်းပေးခဲ့ရင် ပိုပြီးဝမ်းသာကြည်နူး ကျေးဇူးအထူးတင်ပါမယ်ခင်ဗျား။

နိဂုံးချုပ်အနေနဲ့ ကျွန်တော် မန်းကံညွန့် သည် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးထွန်းလွင် ၏ အဆိုဖြစ်တဲ့ မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတစ်ရပ် ဖွဲ့စည်းရေး အဆိုအား လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်း တင်ပြနိဂုံးချုပ်ပါတယ်၊ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၃။**

**ဥက္ကဋ္ဌ ။** ။ဆက်လက်ပြီး ကချင် ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၃။**

**ဦးစံပြည့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသောအမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသား လွှတ်တာ် ကိုယ်စားလှယ် ဦးထွန်းလွင် အဆိုတင်သွင်းတဲ့ မြန်မာနိုင်ငံအတွင်း ထာဝရ ငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတစ်ရပ် ဖွဲ့စည်းရေး အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော့် အနေနဲ့ အချိန်ကို ငဲ့ကွက်သောအားဖြင့် အဓိပ္ပာယ်ကွဲလွဲမှုများ မဖြစ်ပွားစေရန်အတွက် ဖတ်ကြား တင်ပြခွင့် ပြုနိုင်ပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးစံပြည့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ တည်နေရာ မြေပထဝီအနေအထား ကောင်းမွန်မှု၊ ရှေးဘုရင်ခေတ်က သမိုင်းအစဉ်အလာ ကောင်းမွန်မှု၊ သယံဇာတ ပေါများကြွယ်ဝမှုနဲ့ ဉာဏ် ရည်ဉာဏ်သွေး မြင့်မားတဲ့လူများ နေထိုင် လျက်ရှိကြတဲ့ ဂုဏ်ပုဒ်များနဲ့ ပြည့်စုံတဲ့ နိုင်ငံဖြစ်သော်လည်း တခြား ပတ်ဝန်းကျင် နိုင်ငံများနဲ့ နှိုင်းယှဉ်လျှင် တိုးတက်မှုနှေးကွေးလျက်ရှိတဲ့ နိုင်ငံအဖြစ် မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတိုးတက်မှု နှေးကွေးနေရတဲ့ အဓိက အကြောင်းအရင်းဟာ အဆိုရှင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းလွင် ဆွေးနွေးသွားတဲ့ နိုင်ငံတော် လွတ်လပ်ရေးရပြီးတဲ့နောက် အချင်းချင်း သွေးကွဲမှု၊ သဘောထား မတိုက်ဆိုင်မှု၊ အယူဝါဒ အစွဲအလမ်းကြီးမှု၊ လူမျိုးရေး အမြင်ကျဉ်းမြောင်းမှု များကြောင့် တိုင်းရင်းသားလက်နက်ကို င် ဆန့်ကျင်မှုများ အများအပြား ပေါ်ပေါက်ခဲ့ကြတဲ့ အတွက်ကြောင့်ပဲဆိုတာ တွေ့မြင်ရမှာဖြစ်ပါတယ်။ တ စ်နည်းအားဖြင့် ခေတ်အဆက်ဆ က်ကာလ တစ်လျှောက်လုံး ပြည် တွင်းစစ်ဖြစ်ပွားပြီး တိုင်းပြည်မငြိမ်းချမ်းတဲ့အတွက် တိုးတက်မှု နောက်ကျ ကျန်ရစ်ခဲ့ရတာဖြစ်ကြောင်း မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်ကြီး အစဉ်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရန်အတွက် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှသာ ရရှိနိုင်မယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူးခင်ဗျား။ ဒါကြောင့်မို့ ကျွန်တော်တို့ ပြည်သူတွေ အားလုံးဟာ ထာဝရငြိမ်းချမ်းရေးဆိုတဲ့အချက်ကို ဦးနှောက်ထဲ နှလုံးသားထဲမှာ သံမှိုစွဲသလို စွဲနစ် ထားပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် အလေးအနက် ကြိုးစားဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ယခုအချိန်မှာ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေတဲ့ကာလဖြစ်ပြီး ပြည်သူတို့ရဲ့ဆန္ဒသဘောထားကို လွှတ်တော်ကိုယ်စားလှယ်များမှတဆင့် လွတ်လပ်စွာ လွှတ်တော်သို့ တင်ပြပြီး အကောင်အထည် ဖော်ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်း ကို ရရှိနေပြီ ဖြစ်တဲ့ အတွက် တိုင်း ရင်းသား စည်းလုံး ညီညွတ်မှုကို ဆောင်ရွက်ရန် အခွင့်အသာဆုံး အချိန်အခါဖြစ်တာကြောင့် ဒီအခွင့်အရေးကို လက်မလွှတ်စတမ်း အသုံးချနိုင်အောင် ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်ထောင်စု အစိုးရက လက် နက်ကိုင်ပဋိပက္ခများ ဖြေရှင်းရန် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့က ကြေညာချက်အမှတ် ၁/၂၀၁၁ ဖြင့် ငြိမ်းချမ်း ရေးဆွေးနွေးရန် ဖိတ်ခေါ်ထားခဲ့ပြီး ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်က နိုင်ငံ တော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတို့ အကြိမ်ကြိမ် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း နှစ်ဖက်သဘောတူညီမှု အပြီးတိုင် မရရှိနိုင်ဘဲ ဆွေးနွေးမှု ပျက်ပြားခဲ့တာချည်းပင်ဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ဥပမာအနေဖြင့် တင်ပြရရင် နိုင်ငံတော်အစိုးရနှင့် (KIO) (KIA)အဖွဲ့အစည်းတို့ ငြိမ်းချမ်းရေး ဆွေးနွေးမှုကို ၁၉၆၃ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၆၈ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၈၀ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၉၄ ခုနှစ် အပစ်အခတ်ရပ်စဲမှုဆွေးနွေးခြင်း တစ်ကြိမ်နှင့်၂၀၁၁ ခုနှစ်၊ ဇွန်လမှ ယခုအချိန်အထိ အပစ်အခတ် ရပ်စဲမှု အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ်မှ ၂၀၁၀ ခုနှစ်ထိ ၁၆ နှစ်တာကာလ အပစ်အခတ်ရပ်စဲရန် သဘောတူညီမှု ရရှိခဲ့ခြင်းမှ လွဲပြီးတော့ ကျန်ဆွေးနွေးမှု များဟာ အထမမြောက်ပဲ ပျက်ပြားခဲ့ကြတာချည်းပင် ဖြစ်ပါတယ်။ ယခု ငြိမ်းချမ်းရေးဆွေးနွေးဖို့ အခွင့်အလမ်းရလာခဲ့မယ်ဆိုရင် ယခင် အကြိမ်ကြိမ်ပြုလုပ်ခဲ့တဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှု ပျက်ပြား ခဲ့ရတဲ့ အဓိကအကြောင်းအရင်းကို သေသေချာချာအဖြေရှာဖော်ထုတ်ပြီး အောင်မြင်အောင် ညှိနှိုင်း ဆောင်ရွက်နိုင်ဖို့ အထူးလိုအပ်ပါတယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အပြည့်အ ၀ မရနိုင်လျှင် ကျွန်တော်တို့ ရည်မှန်းထားတဲ့ အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး ဖြစ်မြောက်ရေး ပန်း တိုင်ကိုရောက်ရှိရန် ခက်ခဲနေဦး မှာ ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေဖြင့် ထာ၀ရငြိမ်းချမ်းရေး ကို ရရှိတည်ဆောက်နိုင် ရန်မှာ သမိုင်းကဖြစ်ပျက်ခဲ့တဲ့သူများတယ် ငါမှန်တယ်ဆိုပြီး တစ်ဖက်နဲ့တစ်ဖက် ထောက်ပြပြောဆို ငြင်းခုန်နေကြမယ့်အစား ဖြစ်ပျက်ခဲ့မှု အလုံးစုံကို သင်ပုန်းချေပြီး ပြည်သူပြည်သားတွေ ရဲ့ဘ၀ အေးချမ်းသာယာ၀ပြော တိုးတက်ဖို့ ဘယ်လို အကောင်အထည်ဖော် ဆောင်ရွက်ကြမလဲဆိုတဲ့ အချက်ကို တိုင်းပြည်တိုးတက်အောင်ဆောင်ရွက်လိုသူချင်း ပွင့်ပွင့်လင်းလင်းရင်းရင်းနှီးနှီး တွေ့ဆုံ

ညှိနှိုင်းအဖြေရှာဖို့ အလျင်အမြန် လိုအပ်လျက်ရှိနေပါကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်တို့ဟာ လူမျိုးစွဲ၊ ဒေသစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဘာသာစွဲ တွေမရှိပဲ ကိုယ်ကျိုးစီးပွားနဲ့ အာဏာ ရလိုမှုတွေလည်းမရှိဘဲ တိုင်းပြည်နဲ့ ပြည်သူပြည်သားတွေရဲ့ ဘဝတိုးတက်အောင် ဆောင်ရွက် လိုတဲ့ ရိုးရှင်းတဲ့စိတ်ထားသာ ရှိကြမယ်ဆိုရင် တစ်ဖက်နဲ့တစ်ဖက် ချစ်ကြည်လေးစား အသိအမှတ် ပြုမှု၊ အပြည့်အဝ ယုံကြည်မှု၊ မျှမျှတတ စဥ်းစားဆောင်ရွက်တတ်မှုနဲ့ သံသယကင်းတဲ့ ဆွေးနွေး ညှိနှိုင်းမှုမျိုး ပြုလုပ်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှု အပြည့်အဝနဲ့ သံသယကင်းမှုလည်း ငြိမ်းချမ်းရေးဆွေးနွေးမှု အောင်မြင်နိုင်မှာဖြစ်ပြီး ရှေ့ဆက်လုပ်ရတဲ့လုပ်ငန်းများ လွယ်ကူစွာ တိုးတက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှာ ဖြစ်ပေါ် နေတဲ့ ပဋိပက္ခများကို ဖြေရှင်းတဲ့နေရာမှာ အကြမ်းမဖက်တဲ့ နိုင်ငံရေးနည်းလမ်းနဲ့ ညှိနှိုင်းပြေလည် စေခြင်းဟာ ပြည်သူလူထုအတွက်ရော တိုင်းပြည်အတွက်ပါ အကောင်းဆုံး ဖြစ်ပါတယ်။ တွေ့ဆုံ ဆွေးနွေးညှိနှိုင်းမှု နည်းမျိုးစုံအသုံးပြုပြီး ဆောင်ရွက်သွားကြဖို့ အထူးလိုအပ်လျက် ရှိပါတယ်။ နောက်ဆုံး မလွဲမရှောင်သာ မည်သည့်နည်း နဲ့မျှ ဖြေရှင်းလို့မရတဲ့အခါကျမှ လက်နက်နဲ့ စစ်ရေး နည်းဖြင့် ဖြေရှင်းသင့်တာ ဖြစ်ပါတယ်။ လက်နက်နဲ့တိုက်ခိုက် အနိုင်ယူလို့ တိုင်းပြည်ကို အေးချမ်း သာယာတိုးတက်အောင် ဆောင်ရွက်နိုင်ကောင်း ဆောင်ရွက်နိုင်မှာဖြစ်သော်လည်း ထာဝရငြိမ်းချမ်းမှု ကိုရရှိနိုင်မှာ မဟုတ်ကြောင်း သမိုင်းက သာဓကပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိဂုံးချုပ် တင်ပြ ဆွေးနွေးလိုတာကတော့ နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၊ အခြားအဖွဲ့အစည်းများအကြား ဖြစ်ပွားတဲ့ ပဋိပက္ခများကို ငြိမ်းချမ်းစွာအဖြေရှာခြင်း၊ ငြိမ်းချမ်းစွာ အဖြေရှာဖွေနိုင်ရန် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလွင် အဆိုတင်သွင်းတဲ့ မြန်မာနိုင်ငံ အတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းနိုင်ရေး အမြဲတမ်း ကော်မတီတစ်ရပ် ဖွဲ့စည်းရေးအဆိုကို အလေးအနက် ထောက်ခံပါကြောင်း တင်ပြဆွေးနွေး အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၅၂။**

**ဥက္ကဋ္ဌ၊** ။ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ်ဗိုလ်မှူးမောင်မောင်ကြီး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၂။**

**ဗိုလ်မှူးမောင်မောင်ကြီး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ပြန်တမ်းဝင်အမှတ် ကြည်း/၂၂၁၃၀ ဗိုလ်မှူးမောင်မောင်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးထွန်းလွင် ၏ မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတစ်ရပ် ဖွဲ့စည်းရေးဆိုတဲ့ အဆိုနဲ့ ပတ်သက်ပြီး ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်၏ ထောက်ခံဆွေးနွေးချက်အား ဖ တ်ကြားရှင်းလင်းခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဗိုလ်မှူးမောင်မောင်ကြီး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အထက်ပါ အဆိုနဲ့ပတ်သက်ပြီး အချက် (၆)ချက်တင်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမအချက် အနေနဲ့ကတော့ ပြည်တွင်းသောင်းကျန်းမှု ဖြစ်ပေါ် လာပုံနဲ့ နိုင်ငံရေး မတည်ငြိမ်မှုကြောင့် နိုင်ငံတော်တိုးတက်မှုနှောင့်နှေးခဲ့ရပုံနဲ့ ပတ်သက်ပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ တိုင်းရင်းသားလူမျိုး ပေါင်းစုံ ၁၃၅ မျိုး မှီတင်းနေထိုင်ကြတာကို တွေ့ရပါတယ်။ ကာလရှည် စွာ တိုင်းရင်းသားအချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အေးအတူပူအမျှနဲ့ နေထိုင်ခဲ့ကြပါတယ်။ ကိုလိုနီနယ်ချဲ့တို့ဟာ ၃ ကြိမ်တိုင်တိုင် ကျူးကျော်သိမ်းပိုက်မှုကိုခံခဲ့ရပြီး Divide and Rule ခေါ်တဲ့ သွေးခွဲအုပ်ချုပ်မှုစနစ်ကြောင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပျက်ပြားပြီး အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ လွတ်လပ်ရေးနှင့်အတူ ကိုလိုနီအမွေဆိုးဖြစ်တဲ့ ပြည်တွင်းလက်နက်ကိုင် ဆူပူသောင်းကျန်းမှုကြီး ပေါ်ပေါက်ခဲ့ရပါတယ်။ ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်ကာလများမှာ ပြည်တွင်းသောင်းကျန်းမှုများ ရှိနေခဲ့တာကြောင့် ကျွန်တော်တို့ နိုင်ငံတော်ကြီး ဟာ ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျခဲ့တာကိုတွေ့မြင်ရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ပြည်တွင်းသောင်းကျန်းသူများရှိတဲ့ အရပ်ဒေသမှာ

ပြည်သူများဟာ အတိဒုက္ခရောက်ခဲ့ကြရပြီး ၎င်းဒေသတွေမှာ ငြိမ်းချမ်းမှုမရှိတဲ့အတွက် ဖွံ့ဖြိုး တိုးတက်မှု နောက်ကျကျန်ခဲ့တာကို တွေ့မြင် ရမှာ ဖြစ်ပါတယ်။ ပြည်တွင်းသောင်းကျန်းမှုများ ရှိနေခြင်းကြောင့် နိုင်ငံရေးမတည်မငြိမ်ဖြစ်ကာ စီးပွားရေး တိုးတက်အောင် မဆောင်ရွက် နိုင်ခဲ့ တာကို တွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်အနေနဲ့ကတော့ ၁၉၈၈ခုနှစ် နောက်ပိုင်းတပ်မတော်အစိုးရအနေနဲ့ ပြည်တွင်းသောင်းကျန်းမှု အဖွဲ့များနဲ့ ငြိမ်းချမ်းရေးရရှိခဲ့ပြီး၊ နိုင်ငံတော်တိုးတက်ရေးအားဆောင်ရွက်ခဲ့မှုနဲ့ ပတ်သက်ပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။ကျွန်တော်တို့ နိုင်ငံမှာ ၁၉၈၈ ခုနှစ်၌ နိုင်ငံမတည်မငြိမ် ဖြစ်ကာ တိုင်းပြည်ပြိုကွဲမယ့် အခြေအနေများကြောင့် တပ်မတော်က မလွှဲမရှောင်သာသည့် အခြေအနေများအရနိုင်ငံတော်အာဏာကို လွှဲပြောင်းထိန်းသိမ်း တာဝန်ယူခဲ့ရပါတယ်။ အဲဒီအချိန်ကစပြီး အစိုးရအဆက်ဆက် မဖြေရှင်းနိုင်ခဲ့တဲ့ လွတ်လပ်ရေးနှင့် အတူ ပေါ်ပေါက်ခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင် ဆူပူသောင်းကျန်းမှုများနိဂုံးချုပ်စေရန် ငြိမ်းချမ်းရေး တည်ဆောက်မှုကို စတင် ခဲ့ပါတယ်။ ပြည်တွင်းသောင်းကျန်းသူ များဟာ ၎င်းတို့ရဲ့မှားယွင်းတဲ့ လုပ်ရပ်တွေကို သိမြင်လာကြပြီး နိုင်ငံတော်နှင့် ငြိမ်းချမ်းရေးယူခဲ့ကြတဲ့ လက်နက်ကိုင်အဖွဲ့ပေါင်း ၁၇ ဖွဲ့နဲ့ အဖွဲ့ငယ်ပေါင်းများစွာရှိတဲ့အနက် ဒီကနေ့ အခြေအနေမှာ လက်နက်ကိုင် သောင်းကျန်းသူ အနည်းငယ်သာ ရှိတော့တာကို တွေ့ရမှာဖြစ်ပါတယ်။ အမျိုးသားရေးမူဝါဒအဖြစ် တို့ တာဝန် အရေးသုံးပါးကို ချမှတ်ပြီး နိုင်ငံရေးဦးတည်ချက်အဖြစ် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ လက်နက်ကိုင် အဖွဲ့အစည်းများကို တရားဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရေးအတွက် ဖိတ်ခေါ်ကမ်းလှမ်းခြ င်း၊ စိတ်ရှည် လက်ရှည် အချိန်ပေး ၍ တွေ့ဆုံဆွေးနွေးခြင်း၊ တ စ်ဖက်မှလည်း တို င်းရင်းသားများအတွက် ခေတ်နောက်ကျနေသော နယ်စပ် ဒေသများမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။ မှန်ကန်သော အမျိုးသားနိုင်ငံရေး လမ်းစဉ်နှင့် စေတနာပါတဲ့ အကောင်အထည်ဖော် ဆောင်ရွက်မှုတွေကြောင့် လက်နက်ကိုင် ဆူပူ သောင်းကျန်းမှုများ တစ်ပြည်လုံးနီးပါး ချုပ်ငြိမ်းအောင် တည်ဆောက်နိုင်ခဲ့တာကို တွေ့ရပါတယ်။ နိုင်ငံတော်အနေနဲ့ နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ဝန်ကြီးဌာနအသစ်တစ်ခုကို တိုးချဲ့ ဖွဲ့စည်းခဲ့ပြီး မြန်မာပြည်အနှံ့ ဖွံ့ဖြိုးရေးဒေသ(၂၄)ခုကို ဖွဲ့စည်းကာ ဘက်စုံဖွံ့ဖြိုးတိုး တက်အောင်

ဆောင်ရွက်ပေးနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါဟာလည်း ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့တာကြောင့် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တတိယအချက်ကို ဆက်လက်တင်ပြသွား မှာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအချို့မှာ ပြည်တွင်းငြိမ်းချမ်းမှု မရှိတဲ့အတွက် တိုင်းပြည်ပျက်စီးယိုယွင်းပြီး ပြည်သူများဟာ သေကြေပျက်စီး အတိဒုက္ခရောက်နေရပုံနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ယနေ့ နိုင်ငံတကာကိုကြည့်ရင် အီ ရတ်၊ အာဖဂန် နစ္စတန်၊ လစ်ဗျားနိုင်ငံတွေမှာ ပြည်တွင်းငြိမ်းချမ်းရေး မတည်ဆောက်နိုင်တဲ့အတွက် အဲဒီနိုင်ငံမှာရှိတဲ့ ပြည်သူများဟာ သေကြေပျက်စီးနေကြတာကို မီဒီယာများမှာ တွေ့မြင်နေကြရပါတယ်။ နောက်တစ်ချက်အနေနဲ့ကတော့ ငြိမ်းချမ်းရေးရရှိခြင်း စေ့စပ်ဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က ပြည်တွင်းသောင်းကျန်းမှုများကြောင့်နိုင်ငံတော်တည်ငြိမ် အေးချမ်းမှုမရှိတဲ့အတွက် နိုင်ငံတော်ဟာ တိုးတက် သင့်သလောက်မတိုးတက်ခဲ့တာကို ကျွန်တော်တို့တ စ်တွေအားလုံး သိရှိပြီးဖြစ်ပါတယ်။ ပြည်တွင်း သောင်းကျန်းမှုမရှိခဲ့တဲ့ အိမ်နီးချင်းနိုင်ငံများဟာ နှစ်ပေါင်း ၄၀၊ ၅၀အတွင်းမှာ တိုးတက်မှုရှိခဲ့တာ အထင်အရှား တွေ့မြင်နေရမှာ ဖြစ်ပါတယ်။ ကျွန်တော် ပဥ္စမအချက်အနေနဲ့ ဆက်လက်ပြီး ဆွေးနွေး တင်ပြရရင် တိုင်းပြည်ငြိမ်းချမ်းသာယာဝပြောပြီး လူမှုဘဝတိုးတက်မြင့်မားရေး၊ အဖက်ဖက်မှ ဘက်စုံဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် နိုင်ငံတော်မှ ငြိမ်းချမ်းရေး ဆွေးနွေးရန် ကြေညာချက်များ ထုတ်ပြန်၍ ဆောင်ရွက်ခဲ့ပုံနဲ့ ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့အနေနဲ့ ကြေညာချက် အမှတ် (၁/၂၁)ကို ၂၀၁၁ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှာ ထုတ်ပြန်ကြေညာပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပါတယ်။ အဲဒီလို ဖိတ်ခေါ်ထုတ်ပြ န်ခဲ့တာဟာလည်း ကျွန်တော်တို့တိုင်းပြည် ငြိမ်းချမ်းသာယာဝပြောပြီး လူမှုဘဝမြင့်မားတိုးတက် လာစေဖို့အတွက် အဖက်ဖက်မှ ဘက်စုံ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေဖို့ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆဋ္ဌမအချက်အနေနဲ့ကတော့ ကျွန်တော်တို့ တိုင်းပြည်ဟာ အစဉ်ထာဝရငြိမ်းချမ်းစေရေးအတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် အမြဲတမ်းကော်မတီတစ်ရပ်ဖွဲ့စည်းသင့်ပါတယ်။ ဘာကြောင့် ဖွဲ့စည်းသင့်လဲဆိုရင် ကျွန်တော်တို့တိုင်းပြည် လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ငြိမ်းချမ်းပြီး

တိုင်းပြည်တည်ငြိမ်နေမှသာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒီလို ငြိမ်းချမ်းရေး အမြဲထာဝရ ရရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးမယ့် အဖွဲ့အစည်းတစ်ရပ် မဖြစ်မနေ လိုအပ်နေတာကြောင့် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်အားဖြင့် တင်ပြရမယ်ဆိုရင် ပြည်တွင်းသောင်းကျန်းမှု ထာဝရငြိမ်းချ မ်းရေး ရရှိစေရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး လက်ရှိ ပကတိအခြေအနေနဲ့ လိုက်လျော ညီထွေ မှန်ကန်တဲ့စေ့စပ်ဆွေးနွေးမှုများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ဖို့ယခု အခြေအနေမှာ မရှိမဖြစ် လိုအပ်နေတဲ့အချိန်ဖြစ်တဲ့အတွက် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးထွန်းလွင် ရဲ့ မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှုရှည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတစ်ရပ် ဖွဲ့စည်းရေးဆိုတဲ့အဆိုကို လေးလေးနက်နက်ထောက်ခံတင်ပြ ဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၄း၀၂။**

**ဥက္ကဋ္ဌ။** ။ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၀၂။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးထွန်းလွင် ၏ အဆိုကို ကျွန်တော် ဆက်လက်ဆွေးနွေးပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အခြေခံဥပဒေမှာ နိုင်ငံတော်သည် တိုင်းရင်း သားလူမျိုးပေါင်းစုံ နေထိုင်ရာနိုင်ငံ ဖြစ်သည်ဟု ဖော်ပြထားသည်။ အထက်ပါ ဥပဒေအခန်းကလည်း အပိုဒ်(၆)၌လည်း ပြည်ထောင်စု တိုင်းရင်းသားများ စည်းလုံးညီညွတ်မှု မပြို ကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး ဟုဖော်ပြထားပါသည်။ အခြေခံဥပဒေ၌ ပါရှိ သည့်အတိုင်း မြန်မာနိုင်ငံ၌ ရှိနေကြသော လူမျိုးစုများသည် နှစ်ပေါင်းများစွာကပင် နိုင်ငံအတွင်း အေးအတူပူအမျှ အတူတကွ နေထိုင်လာခဲ့ကြသော ညီအစ်ကိုတိုင်းရင်းသား များပင် ဖြစ်ကြ ပါသည်။ ဘာသာဓလေ့၊ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ ကွဲပြားခြားနားမှု ရှိသော်လည်းပဲနိုင်ငံအရေးနှင့်ပတ်သက်လာလျှင် အားလုံး အညီအမျှ အတူတကွ ထမ်းဆောင်ရွက်ကြခြင်း ဖြစ်ပါတယ်။ သို့သော် ခေတ်အဆက်ဆက်က အစိုးရများသည် အထက်ကဖော်ပြသော ကျွန်ုပ်တို့၏ အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး တိုင်းရင်းသား

စည်းလုံးမှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အကောင်အထည်ဖော်တဲ့ နေရာ၌ တိုင်းရင်းသား စည်းလုံး ညီညွတ်မှုအပေါ် ဆောင်ရွက်ချက်များ၌ အားနည်းနေသည်ကို တွေ့ရပါသည်။ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုသာ စိုက်မတ်မတ်ဆောင်ရွက်နေသည်ကို တွေ့ရမှာဖြစ်ပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရကာစကပင် တိုင်းရင်းသား ခေါင်းဆောင်များအချင်းချင်း ညီညွတ်မှုမရှိသဖြင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများသည် ယနေ့တိုင်အောင် ခံစားနေရတဲ့အချိန် ဖြစ်ပါတယ်။

အမျိုး သားပြန်လည်စည်းလုံးညီညွတ်ရေး ဆိုရာ၌ အာဏာတစ်ဖက်တည်း အစိုးရ တစ်ဖက်တည်း ဆန္ဒသဘောထားအတိုင်း မရနိုင်သလို တစ်ဖက်အတိုက်အခံများ၏ ဆ န္ဒအတိုင်း လည်း မဖြစ်နိုင်ပါ။ ဘာဖြစ်လို့လဲ ဆိုတော့ ၁၉၆၃ ခုနှစ် တော်လှန်ရေးအစိုးရလက်ထက်၌ ပြည်တွင်းငြိမ်းချမ်းရေးကို ဗိုလ်မှူးကြီး လှဟန် ခေါင်းဆောင်သောအဖွဲ့ကို ပြုလုပ်ခဲ့ပါတယ်။ ထိုစဥ်က တောတွင်းလက်နက်ကိုင် တော်တော်များများ ခေါင်းဆောင်များ ရန်ကုန်မြို့ကို လာရောက် ကြပါတယ်။ ဥပမာ- သခင်စိုး၊ ရဲဘော်ဌေး၊ ကျော်ဇံရှီးမန်းဘဇံ၊ ဗိုလ်လင်းထင်၊ စောဟန်သာမွေး စသည့်ပုဂ္ဂိုလ်များ ရောက်လာကြတယ်။ ဒါပေမယ်လို့ အစိုးရ၏ စီမံသတ်မှတ်သော စည်းကမ်းချက် များကို ထိုပုဂ္ဂိုလ်တချို့တွေက မလိုက်နာနိုင်တဲ့အတွက် ငြိမ်းချမ်း ရေးအစီအစဉ် မအောင်မြင်ပဲ ပြန်သွားကြတယ်လို့ မှတ်မိပါတယ်။ စောစောက စော ဟန်သာမွေး နဲ့ ဗိုလ်လင်းထင် သာလျှင် ငြိမ်းချမ်းရေး သဘောတူညီကြတယ်လို့ ကျွန်တော်မှတ်မိပါတယ်။အကြောင်းကတော့ အဲဒီနေရာမှာ ကျွန်တော် နည်းနည်းလေး ဆွေးနွေးတင်ပြချင်တာက ခေါင်းဆောင်များဟာ မိမိအတ္တစွဲ ပုဂ္ဂိုလ်ရေး ကိုသာ ဦးစားပေးပြီးတော့ ဒေသခံပြည်သူလူထု၊ ကျေးလက်နေ ပြည်သူလူထုအရေးကို စဥ်းစား သလား၊ မစဥ်းစားဘူးလားဆို တာ ကျွန်တော့်အတွေ့အကြုံအရ (၂)ခုတင်ပြဆွေးနွေးပါမယ်။ ကျွန်တော် ၁၉၇၄ ခုနှစ် ရွှေလင်းယုန် စစ်ဆင်ရေးမှာ ပုသိမ်အနောက်ပိုင်း သလပ်ခွာဘက် ဗိုလ်ကွက်ကော် လက်နက်ချတဲ့အထဲမှာ ကျွန်တော်တို့ ရောက်ခဲ့ပါတယ်။ ကျွန်တော်တို့ သင်္ဘောနဲ့ သလပ်ခွာ အနောက်ဘက်ကျေးရွာတစ်ရွာက လူတွေတင်ပြီးတော့ သယ် ဆောင်လာတဲ့အခါမှာ သင်္ဘောပေါ်မှာ ရောက်လာတဲ့သူတွေကလေးတွေ၊ လူကြီးတွေမေးတဲ့အခါမှာ ခင်ဗျားတို့ဘာဖြစ်လို့ ဒီသူပုန်ဖြစ်ရသလဲ မေးတဲ့အခါမှာ မဟုတ်ဘူးတဲ့။ ကျွန်မတို့ လွတ်လပ်ရေးရတော့မယ် ပြောတယ်တဲ့ ဘယ်မှမသွားရဘူး။ တစ်လက်မတောင်မရောက်ဘူးတဲ့ စာသင်ကျောင်းလည်း မရှိဘူး။ ပုသိမ်လည်း မသိဘူးတဲ့။ ကျွန်တော်တို့ ဒီလိုပဲ လွတ်လပ်ရေး ရမယ်။ လွတ်လပ်ရေး ရတော့မယ်ပြောနေလို့

ကျွန်တော်တို့ ကျွန်မတို့ ဒီတော ထဲမှာပဲ ဒီထဲမှာပဲ တောင်ယာခုတ် လယ်ထွန်ပြီးနေရပါတယ်။ ခရစ္စမတ်တို့ လွတ်လပ်ရေးနေ့ ဒီလိုပဲနေရပါတယ်လို့ ပြောတယ်။ အဲဒီတော့ သုံးသပ်မိတဲ့အခါမှာ ကျေးလက်နေပြည်သူလူထု ဘာမှမသိတဲ့ လူတွေဟာ ဘဝတိုးတက် ရေးအတွက် အဟန့်အတား မဖြစ်အောင် မလုပ်ပေးနိုင်တာဟာ တိုင်းပြည်ချစ်ပါတယ်ဆိုတဲ့ ခေါင်းဆော င်တွေရဲ့ လုပ်ဆောင် ချက်ဟာ မှန်သလား။ မမှန်ဘူးလားဆိုတာ လွှတ်တော် ကိုယ်စားလှယ်ကြီးများသိဖို့ အရေးကြီး ပါတယ်လို့ ကျွန်တော့်အတွေ့အကြုံအရ ဆွေးနွေးခြင်း ဖြစ်ပါတယ်။ ဒုတိယအနေနဲ့ ၁၉၈၀ ခုနှစ်မှာ ဘားအံနှင့်ကော့ကရိတ်ကို သင်္ဘောနဲ့သွားတဲ့အခါမှာ ကျေးရွာတစ်ရွာရောက်တယ်။ ကျေးရွာတစ်ရွာ ရောက်တဲ့အခါမှာ ကျွန်တော်တို့ သင်္ဘော ဆိုက်တဲ့အခါမှာ လူတွေကြည့်တော့ အိမ်တွေ့တယ်။ လူတွေတစ်ယောက်မှ တက်မလာဘူး။ ကျွန်တော်တို့တ က်သွားတဲ့အခါမှာ အိမ်တစ် အိမ်သွားတဲ့ အခါမှာ အမျိုးသမီးနဲ့ ကလေးတစ်ယောက်ရှိပြီးတော့ ကျွန်တော်တို့ မေးတဲ့အခါမှာ ကျွန်တော်တို့ ဒီဘယ်သူပဲလာလာ လာရင်လည်း ဒီဘက်က တပ်ကလာရင်လည်း ကျွန်မတို့ကြောက်ရတယ်၊ ဟိုဘက်က လာရင်လည်း ကျွန်မတို့ကြောက်ရတယ်။ ဘာဖြစ်လို့လည်း ဆိုရင် ဒီဘက်ကလာရင် ပေါ်တာဆွဲတယ်၊ ကြက်တွေ၊ ဝက်တွေ အဆမတန်ဈေးနဲ့ ယူတယ်။ ကျွန်မတို့ စိတ်ဆင်းရဲတယ်။ ဟိုဘက်က လာရင်လည်း ကျွန်မတို့စစ်တပ်ကိုပေးရသလား။ ကျောင်းတက်ရသလား ဆိုပြီးတော့ သူတို့က ရိုက်တယ်။ အဲဒီတော့ ဒီရွာမှာလည်း မနေချင်ကြတော့ဘူးလို့ ရှင်းပြတာကို ကျွန်တော်တို့ တွေ့ရတယ်။ ဒါကြောင့်မို့လို့ ခုနလို ဦးကံညွန့် ဆွေးနွေးသလိုပဲ တကယ့်ကျေးလက်ဒေသလူထုရဲ့ ဘဝကို ကြည့်ရှုမယ်လို့ဆိုရင် ဒီခေါင်းဆောင်များ ခေါင်းဆောင်များဆိုတော့ကာ ဟိုဘက်ဒီဘက်ပေါ့ ခေါင်းဆောင်များရဲ့ ငါဆိုတဲ့ဥစ္စာပြည်သူလူထုအတွက်ကို ကျေးလက်ဒေသလူထုအတွက် ကိုယ်ချင်း မစာနာဘဲဒီလုပ်ဆောင်ချက်ဖြစ်တယ်လို့ကျွန်တော်မြင်ပါတယ်။ဒါကြောင့် ပြည်တွင်းငြိမ်းချမ်းရေးဟာ လူတိုင်းလူတိုင်း တကယ်လိုအပ်လို့ တကယ်လူတိုင်းရဲ့ တာဝန်ဖြစ်တယ်ဆိုတာကို ကျွန်တော့် အတွေ့အကြုံ အရ ဆွေးနွေးချင်ပါတယ်။ ထိုသာဓကများကြောင့်လည်း အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး ဆောင်ရွက်ရာတွင် နှစ်ဦးနှစ်ဖက် သဘောတူသော ယထာဘူတ ကျသည့် အခြေခံမူများရှိရန် လိုအပ်ပါတယ်။ ပြည်တွင်းလက်နက် ကိုင် ပဋိပက္ခကြောင့် တိုင်းပြည်ဖွံ့ဖြိုး တိုးတက်မှု ကျဆုံးသည်ကို အားလုံးအသိပင် ဖြစ်သည်။ ဒီနေ့ ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ပြည်နယ်အစိုးရများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်များ ဖန်တီးပေးထားပြီးဖြစ်သည့်အပြင် မြန်မာ့မြေပေါ်မှ တိုင်းရင်းသားအားလုံး တန်းတူအခွင့်အရေးဖြင့် ဒီမိုကရေစီစနစ်အရအုပ်ချုပ်ရေး၊ တရားစီရင်ရေး၊

ဥပဒေပြုရေးမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်နိုင်ရေး အခွင့်အရေးပေးထားပါတယ်။ သေနတ်သံ၊ ဗုံးသံများသည် ပြည်သူလူထု တို့အတွက် ရင်မောဝမ်းနည်းဖွယ်ရာ အနိဋ္ဌာရုံ များသာ ဖြစ်တာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ နိုင်ငံအတွက်လည်း သမင်မွေးရင်းကျားစားရင်း ဖြစ်နေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဥပမာ - မကြာခင် ဇွန်လကပဲ တာလေဖက်မှာ မီးတိုင် ၃ လုံး အဖျက်သမားတွေက ဖျ က်ဆီးခဲ့ပါတယ်။ မေးမြန်းကြည့်တဲ့အခါမှာ အဲဒီ မီးတိုင် တစ်နေ့ကို တရုတ်ပြည်ထဲကို ရောင်းရတဲ့ငွေဟာ တစ်နေ့ကို သိန်းပေါင်း၅၀၀ လို့ပြောတယ်။ ၃ လ အတွင်းမှာ ကျွန်တော်တို့ နိုင်ငံတော်အတွက် ဘယ်လောက်ရှုံးတယ်ဆိုတာကို ငြိမ်းချမ်းရေး မရှိတဲ့အတွက် သာဓက ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ယခုအချိန်မှာ နိုင်ငံအတွက်လည်း သမင်မွေးရင်း ကျားစားရင်း ဖြစ်နေရတယ်။ ဒါ့အပြင် တိုင်းရင်းသားအား လုံး စုံစုံညီညီနဲ့ တိုင်းရင်းသား ပွဲတော်ကြီး မြင်တွေ့ရအောင် တစ်နည်းအားဖြင့် ငြိမ်းချမ်းရေး ပွဲတော်ကြီးကို မြင်တွေ့ရအောင် တိုင်းရင်းသားများနဲ့ ညှိနှိုင်းဆွေးနွေးရန် လိုအပ်လာပါတယ်လို့ ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ကျွန်တော်တို့ အိမ်ရှေ့ကပူ အိမ်နောက်က မချမ်းသာဖြစ်နေရသည်ကို ကိုယ်စားလှယ်တော်ကြီးများ အားလုံးအသိပင်ဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်ကြီး ဖြစ်လာအောင် ဒီမိုကရေစီနည်းဖြင့်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ အခြားတစ်ဖက်တွင်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် သံသယရှိပြီးတော့ လက်မခံနိုင်သောပြည်တွင်းပြည်ပ အတိုက်အခံနိုင်ငံရေးအင်အားစုလည်းရှိပါတယ်။ အတိုက်အခံ အင်အားစုများကြောင့် နိုင်ငံတော်အစိုးရ၏ ခေတ်မီ တိုးတက်သော ဒီမိုကရေစီ နိုင်ငံတော် တည်ထောင်ရေးဆောင်ရွက်ရာ၌ အဟန့်အတားများစွာ ဖြစ်ပေါ်စေပါတယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံအား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသာယာရေးနဲ့ နိုင်ငံတော်အတွင်းရှိ အင်အားစုအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် အလွန်လိုအပ်လှ၍ အရေးကြီးလှပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံအားသည် ပြည်တွင်းမှာသာ ရှိသည်။ ဘေးပြောတာကို မယုံနဲ့၊ သွေးပြောတာကို ယုံဖို့ လိုအပ်ပါတယ်။ တိုင်းရင်းသား အပေါင်းတို့ အတိတ်က ကြုံတွေ့ခဲ့ရသော ခါးသီးသော မြန်မာ့သမိုင်းကြောင်းကို သင်ခန်းစာယူပြီး ဖွံ့ဖြိုးသာယာသော တိုင်းရင်းသားပေါင်းစုံတို့

စုံညီစွာပါဝင်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရန်အတွက် ပြည်ထောင်စုသား တိုင်းရင်းသားကိုယ်စီ တာဝန်ရှိကြသည် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်သည့် အားလျော်စွာ ပြည်သူ့မျက်နှာကို ထောက်၍ သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်သလို သမိုင်းတွင် တာဝန်မကျေ သူများ မဖြစ်ကြရန်လည်း အလွန်အရေးကြီးပါကြောင်း ဆွေးနွေးဖော်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတကြီး ဦးဆောင်သော အစိုးရသစ်အနေဖြင့် ယနေ့လုပ်ဆောင် ရသော အခြေအနေကောင်းများမှ တစ်ဆင့် တိုင်းရင်းသားခေါင်းဆောင်များ၊ အခြားအတိုက်အခံ ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေး၍ အမျိုးသားစည်း လုံးညီညွတ်ရေးအတွက် ဆောင်ရွက် ရာ၌ လိုအပ်လျက်ရှိသည့် မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် အမြဲတမ်းကော်မတီတစ်ရပ် ဖွဲ့စည်းရန်လိုအပ်ကြောင်း ဦးထွန်းလွင် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)၏ အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးပါတယ်။ ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၁၂။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၂။**

**ဒေါ်ခင်ဝိုင်းကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်မကတော့ ရန်ကုန်တိုင်း မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ရှင့်၊ ကျွန်မကတော့ နိုင်ငံသားတစ်ဦးရဲ့ တာဝန်သိစိတ်၊ တိုင်းချစ်ပြည် ချစ်စိတ်၊ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို မြတ်နိုးတန်ဖိုး ထားတဲ့စိတ်နဲ့အတူ ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်မြေ အမှတ်(၉) ဦးထွန်းလွင် ရဲ့ မြန်မာ နိုင်ငံအတွင်း ထာဝရတ ည်ငြိမ်ပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်း ကော်မတီတစ်ရပ် ဖွဲ့စည်းရေးဆိုတဲ့ အဆိုကို ကျွန်မ ထောက်ခံ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ကျွန်မတို့ အားလုံးဟာ ဒီမိုကရေစီနိုင်ငံတော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆောက်ပုံဖော်နေကြသူများ

ဖြစ်ပါတယ်။ ဒါကြောင့်မို့ စဉ်းစားဆောင်ရွက်ပုံဖော်ဖို့ ကြုံလာတိုင်း ကြုံလာတိုင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပြဋ္ဌာ န်းချက်များနဲ့လည်း ညှိနှိုင်းတည့်မတ်ကြရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၁(ဂ)မှာ နိုင်ငံသားတိုင်းသည် ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်လို့ပြဋ္ဌာန်းထားပြီး အခြေခံဥပဒေ ပုဒ်မ ၃၈၇ ကတော့ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓါတ်ကို အခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်း သာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်သင့်သည်လို့ ပြဋ္ဌာန်း ထားပါတယ်။ ဒီဥပဒေ(၂)ရပ်ကို ရည်ညွှန်းပြီးတော့ ဒီဥပဒေ(၂)ရပ်အရ နိုင်ငံသားတစ်ဦးရဲ့ တာဝန်ကိုလည်းကောင်း ပြည်သူလူထုက ရွေးချယ်တာဝန်ပေးအပ်ခံရတဲ့ ပြည်သူ့ကိုယ်စားလှယ် တစ်ဦးရဲ့ တာဝန် ကိုလည်းကောင်း ကျွန်မဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့် ။ ယခုကဲ့သို့ ခေတ်ပြောင်း စနစ်ပြောင်း သမိုင်းစာမျက်နှာသစ်ဖွင့်ပြီးတော့ ဒီမိုကရေစီနိုင်ငံတော် အုတ်မြစ်ချ စတင်တည်ဆောက်နေတဲ့အခါမှာ ကိုယ်စားလှယ်တော်ကြီးများနှင့်တကွ ကျွန်မထို့စ်တွေ ပါဝင်ခွင့်ရခြင်းဟာ အင်မတန်ရတောင့်ရခဲအခွင့်အရေးကြီးတစ်ရပ်ဖြစ်ပြီး မိမိကိုယ်ကို ဂုဏ်ယူနေကြရမှာဖြစ်သလို ချထားတဲ့အုတ် မြစ်ခိုင်ခံ့ရန်လည်း ကြီးမားသော တာဝန်ကိုယ်စီရှိကြောင်း ကျွန်မပြောကြား လိုပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံတော်ဟာ သမိုင်းအစဉ်အလာ ကြီးမားခဲ့တဲ့ နိုင်ငံတော်ဖြစ်တာနဲ့အညီ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော် အသီးသီးမှာ ကျွန်မတို့ဟာ ကျွန်မတို့ရဲ့ အခု လောလောဆယ် ရှိနေတဲ့ နယ်နိမိတ်အပြင် အာသံ၊ မဏိပူရ၊ ယိုးဒယားဇင်းမယ်စသည်ဖြင့် ပြည်ပနိုင်ငံများအထိပါ အာဏာစက် ဖြန့်ကျက်နိုင်ခဲ့တဲ့ အစဉ်အ လာ ကြီးမားတဲ့နိုင်ငံတော် ဖြစ်ပါ တယ်။ ဒါပေမယ့် အင်္ဂလိပ်မြန်မာစစ်ပွဲ သုံးကြိမ်ရှုံးပြီးတဲ့နောက်မှာ ကျွန်မတို့မြန်မာနိုင်ငံဟာ ကိုယ်စားလှယ်တော်ကြီးများ သိကြတဲ့အတိုင်း နယ်ချဲ့လက်အောက်ကို ကျရောက်ပြီးတဲ့အခါကျတော့ကိုလိုနီနိုင်ငံအဖြစ် ရောက်ခဲ့ရပါတယ်။ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကိုမြတ်နိုးတဲ့ လွတ်လပ်ရေးနဲ့အချုပ်အခြာအာဏာပျောက်ဆုံးသွားမြိုတော့မှ နယ်ချဲ့ရဲ့နှိပ်စက်မှုဒဏ်ကိုမခံနိုင်တဲ့ ကျွန်မတို့ တိုင်းရင်းသားပြည်သူအပေါင်းအတူတူလက်တွဲပြီး စည်းလုံးညီညွတ်မှုစွမ်းအားနဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများအား အသက်ပေါင်းများစွာ စတေးပြီး သွေးနဲ့ရင်းပြီး ဆင်နွှဲခဲ့ကြသောကြောင့်လည်းကောင်း၊ အစဉ်အလာကြီးမားတဲ့

တပ်မတော်ရဲ့ ပြည်သူလူထုကို ဦးဆောင်ကောင်းမှုကြောင့်လည်းကောင်း ၁၉၄၈ ဇန်နဝါရီ ၄ ရက်မှာ လက်လွတ်ဆုံးရှုံးခဲ့ရတဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည်မှာ ယနေ့အထိ ဖြစ်ပါတယ်။ ဒါပေမယ့် လည်း အဲဒီလို လွတ်လပ်ရေး ရပင်ရငြား သော်လည်း တိုင်းပြည်ကို ပြန်လည်ထူထောင်ရမယ့်အစား ဝါဒ စွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲ တွေကြောင့် လက်နက်တွေစွဲကိုင်ပြီး တိုင်းရင်းသား အချင်းချင်း သွေးချောင်းစီး တိုက်ပွဲတွေ ဆယ်စုနှစ်များစွာ ဖြစ်ပွားခဲ့သည်မှာ ကိုယ်စားလှယ်တော်ကြီးများ အသိဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့် ။ ယခုကဲ့သို့သော အ ရေးကြီးသော အချိန်အခါ အခြေအနေတွင် လွှတ်တော်ထဲသို့ရောက်ရှိနေကြသောကျွန်မတို့၏ လွှတ်တော်ကိုယ်စားလှယ်တော်များ၏တာဝန်မှာလည်း လွန်စွာကြီးမားကြောင်းအားလုံးသိရမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်၊ နိုင်ငံသားတိုင်း ကျေပွန်ကြရမည့်တာဝန်မှာ ပြည်ထောင်စု မပြိုကွဲရေး တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဖြစ်သော အမျိုးသားရေး တာဝန်များ ဖြစ်ပါတယ်။ ဒါကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၃ နဲ့ ပြဋ္ဌာ န်းထားပြီး ဖြစ်ပါတယ်။ စာစာက ပုဒ်မ ၃၈၅ အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး အချုပ်အခြာအာဏာနဲ့ နယ်မြေတ ည်တံ့ခိုင်မြဲရေးတို့ကိုလည်း ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဟု ပြဋ္ဌာန်းထားတဲ့အပြင် ပုဒ်မ ၃၈၇ မှာလည်း နိုင်ငံတော် တိုင်းသည် နိုင်ငံသားတိုင်းသည် ပုဒ်မ ၃၈၅ ၊ ကျွန်မစာစာက ဖတ်တဲ့အထဲမှာပါတော့ပါတယ်။ ဒါပေမယ့် ကျွန်မဖတ်ပြီး တော့ ထပ်ပြီးတော့ ပြောအုံးမှာ ဖြစ်ပါတယ်။ ပုဒ်မ ၃၈၇ နဲ့လည်း နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓါတ် ကို အခြေခံ၍ တိုင်းရင်းသားလူမျိုး အချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ရန် တာဝန်ရှိသည်လို့ ထပ်မံပြဋ္ဌာန်းထားသည် ကိုလည်း တွေ့ရမည်ဖြစ်ရာ ကျွန်မတို့ အားလုံး ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောရေးအတွက် တာဝန်ကိုယ်စီရှိကြောင်းနဲ့ တာဝန် ကိုယ်စီရှိသည်နှင့်အညီ တတ်နိုင်သည့်ဘက်မှ ကြိုးပမ်းအားထုတ် ဆောင်ရွက်ကြရမှာ လည်း ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော ဥပဒေများအပြင် မိမိပိုင်ဆိုင်သော မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို တန်ဖိုးထားတဲ့ စိတ်တွေနဲ့ အတတ်နိုင်ဆုံး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အမျိုးသားရေးတာဝန် များကို ကြိုးပမ်း ဆောင်ရွက်ကြရမှာ ဖြစ်ပါ တယ်။ ဒါကို တင်ပြလိုပါတယ်။ လေး စားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။

ပြည်တွင်းငြိမ်းချမ်းရေးရစေဖို့ ပြည်တွင်းစစ်ပွဲများချုပ်ငြိမ်းသွားစေဖို့ ပြည်တွင်းစစ်ရဲ့ ဆိုးကျိုးကို လက်တွေ့ခံစားပြီး ဒုက္ခရောက်နေကြသူများနဲ့အတူ နိုင်ငံတော်၏ လုပ်ငန်းအဝဝအား နှောင့်နှေးကြန့်ကြာစေပြီး နိုင်ငံတော်အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်မှုကို ကြီးစွာသော အနှောင့်အယှက်အတားအဆီး ဖြစ်စေသည့် ပြည် တွင်းစစ်ကို ရပ်စဲစေသကဲ့သို့ ငြိမ်းချမ်းသော အေးချမ်းသောဘဝများကိုလည်း ပြည်သူများကိုအမြန်ဆုံးရရှိစေလိုလှပါသည်။ ယခုကဲ့သို့ လက်နက်ဖြင့် ဖြေရှင်းနေကြသော အဖွဲ့အစည်းအသီးသီးမှာ သူတို့ရဲ့မကျေနပ်ချက်တွေ၊ လိုလားတောင့်တမှုတွေလည်း ရှိနေကြမှာ အမှန်ပဲဖြစ်ပါတယ်။ အဲဒီခံစားချက်တွေ လိုလားချက်တွေကို တွေ့ဆုံဆွေးနွေးညှိ နှိုင်းခြင်းဖြင့်သာ ဆောင်ရွက်ကြ မယ်ဆိုရင် အဖြေလည်းရှာတွေ့ကြမှာဖြစ်သလို အခုလို ဆိုးကျိုးတွေလည်း ပေါ်ပေါက်လာစရာအကြောင်း မရှိဘူးလို့ ယုံပါတယ်။ လက်နက်နဲ့ဖြေရှင်းတာ အပြစ်မဲ့ ပြည်သူတွေရဲ့ သွေးနဲ့ဘဝနဲ့ရင်းပြီး ဖြေရှင်းတာ၊ နိုင်ငံတော်နဲ့ နိုင်ငံတော်ရဲ့ ပြည်သူအတွက် အစစအဆင်ပြေ လွယ်ကူချောမွေ့အောင် ဆောင်ရွက် ထားတဲ့ လမ်းတံတားတွေ ၊ အိုးအိမ်တွေ၊ ရုံးတွေစသည်ဖြင့် ဖောက်ခွဲဖျက်ဆီးတာဟာလည်း မိမိတို့ လိုချင်တာကိုရမယ့် အဖြေမဟုတ်လို့ ခုတ်ရာတခြား ရှရာတခြား ဆိုသလို ဖြစ်နေပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ အဖြေတကယ် ရရှိနိုင်တာကတော့ တစ်ဖက်နဲ့တစ်ဖက် တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီး ဆုံးဖြတ်ခြင်းဖြင့်သာ ရှာဖွေကြရမှာဖြစ်ပါတယ်။ အဲဒီလိုတွေ့ဆုံ တင်ပြညှိနှိုင်းဆွေးနွေးနိုင်ဖို့အတွက် မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်း သိမ်းရေး အမြဲတမ်း ကော်မတီ တစ်ရပ်လည်းအမှန်တကယ်လိုအပ်တာဖြစ်ပါတယ်။ဒါကြောင့် ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးထွန်းလွင် ရဲ့ မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတစ်ရပ် ဖွဲ့စည်းရေးဆိုတဲ့ အဆိုကို ကျွန်မက လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ရှင်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၂၀။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုင်းမြမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၂၀။**

**ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး ပြည်ထောင်စုဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုင်းမြမောင် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ မြန်မာနိုင်ငံအတွင်း ထာဝရ ငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတစ်ရပ် ဖွဲ့စည်းရေး အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဟိုးယခင် ဘိုးဘွား ဘီဘင် လက်ထက်ကတည်းက ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနဲ့ အုပ်ချုပ်နေထိုင်လာခဲ့တာဟာ ၁၈၈၅ ခုနှစ် မှာ ကျွန်တော်တို့နိုင်ငံဟာ သူ့ကျွန်ဘဝကို ရောက်ရှိခဲ့တာဟာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အဲဒီကျွန်ဘဝကနေ လွတ်မြောက်အောင် ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများ တစိတ်တဝမ်းထဲ ညီညီညွတ်ညွတ်နဲ့ တွန်းလှန်ခဲ့ လို့ လွတ်လပ်ရေးကို ရရှိခဲ့တာဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးတဲ့အခါမှ အယူဝါဒအမျိုးမျိုး စိတ်သဘောထား အမျိုးမျိုး သဘောထား ကွဲလွဲမှုများကြောင့် ပြည်တွင်းစစ်များ တောက်လောင်ခဲ့ရာ နှစ်ပေါင်း ၄၀ ကျော် ၅၀ အတွင်း ကျွန်တော်တို့ ပြည်သူလူထုတစ်ရပ် လုံး ပြည်သူပြည်သားများ တို က်ပွဲကြားကနေ ကျီးလန့်စာစား ဘဝဒုက္ခအမျိုးမျိုးနဲ့ နေထိုင်လာခဲ့ရတာ ဖြစ်ပါတယ်။ တိုက်ပွဲများကြောင့် လူမှု စီးပွားရေးဘဝနဲ့ နိုင်ငံတော်တိုးတက်ရေး နောက်ကျခဲ့ရပါတယ်။ အနီးစပ်ဆုံး ကျွန်တော်တို့ အိမ်နီးချင်း တရုတ်နိုင်ငံဟာ ကျွန်တော်တို့ နိုင်ငံထက် နောက်ကျပြီး လွတ်လပ်ရေးရခဲ့ပေမယ့် ယခုလက်ရှိမှာ ကျွန်တော်တို့ နိုင်ငံထက်အဆပေါင်းများစွာ တိုးတက်ထွန်းကားနေတာကို တွေ့မြင် ရမှာဖြစ်ပါတယ်။ ကျွ န်တော်တို့နိုင်ငံဟာ ဘဝပေးကုသိုလ်အရ မြေပေါ်မြေအောက် ရေပေါ် ရေအောက် သယံဇာတများ သူများနိုင်ငံထက် သာလွန်လျက်ရှိနေရက်သားနဲ့ ဘာ့ကြောင့်စီးပွားရေး တိုးတက်မှု ဖွံ့ဖြိုးတိုးတက်မှု နောက်ကျ ကျန်ခဲ့လဲဆိုလို့ရှိရင် သုံးသပ်ရရင် အဓိကဟာ ပြည်တွင်း စစ်ပွဲများကြောင့်ဖြစ်တယ်လို့ ယူဆမိပါတယ်။ သာဓကအားဖြင့် တင်ပြရရင် ၁၉၉၀ နောက်ပိုင်းမှ စပြီးတော့မှ နဝတ၊ နအ ဖ အစိုးရလက်ထက်က စပြီးတော့မှ ပြည်တွင်းငြိမ်းချမ်းရေး ကို ရယူပြီး တော့မှ နိုင်ငံတော်ရဲ့ အဖက်ဖက်က လိုလားနေတဲ့ လိုအပ်ချက်များဖြစ်တဲ့ လမ်းတံတားများ၊ ကောလိပ်တက္ကသိုလ်ကျောင်းများ၊ စာသင်ကျောင်းများ၊ ဆည်မြောင်းတာတမံများ၊ ကုန်သွယ်ရေး

လုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ ရေအားလျှပ်စစ်စက်ရုံများ တိုးချဲ့ဆောက်လုပ်နိုင်ခဲ့ပါတယ်။ ပြည်သူများအားလုံး လက်တွေ့ တွေ့မြင်နေရတာ ဖြစ်ပါတယ်။ မိမိတို့သွားလိုရာခရီးကို နေ့ချင်းညချင်း လိုရာခရီးကို ရောက်အောင်သွားနိုင်ခဲ့တယ်။ မိမိစီးပွားရေး လုပ်ငန်းကိုင်ငန်း များကိုလည်း လွ တ်လွတ်လပ်လပ် သွားလာလုပ်ကိုင် ခဲ့ရလို့ ပြည်တွင်းမှာရှိတဲ့ ပြည် သူလူထုအားလုံး စီးပွားရေးများ တစ်ဆထက်တစ်ဆ တိုးတက်လာတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ် ကြီးများခင်ဗျား။ ယခု ကျွန်တော်တို့ ကချင်ပြည်နယ်မှာ အောက်မြေဒို့ပကန္တကြောင့် ၉-၆-၂၀၁၁ နေ့မှ စတင်ပြီးတော့ တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့ရာ လမ်းတံတားများ အကြီးအငယ်ပေါင်း ၄၀ကျော် ပျက်စီးခဲ့ပြီး အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးခဲ့ရပါတယ်။ ထို့အတူ နိုင်ငံတော်ရဲ့ တပ်မတော်သားများလည်း အသက်များ ဆုံးရှုံးခဲ့ရတာဖြစ်ပါတယ်။ နောက်ပြီး ကုန်သွယ်ရေးလုပ်ငန်း လမ်းကြောင်းများ ပိတ်ခဲ့ရပါတယ်။ လူမှုစီးပွားရေး အခွင့်အလမ်းများလည်းများစွာ ဆုံးရှုံးနစ်နာခဲ့ရပါတယ်။ ဒါဟာ စစ်ပွဲရဲ့အကျိုးရလဒ်သာဖြစ်ပါတယ်။ စစ်ပွဲဟာ ဘယ်ရှုထောင့်ကပဲကြည့်ကြည့် ကောင်းကျိုး တစ်ခုမှ မပေးပါဘူး။ ကျွန်တော်တို့တစ်တွေဟာ တစ်အူတုံဆင်း ညီရင်းအစ်ကို မောင်ရင်းနှမတွေ ဖြစ်ကြပါတယ်။ ဘယ်သူ့ အသားကိုထိထိ ကိုယ့်အသားနာတာနဲ့ အတူတူပါပဲ၊ ကျွန်တော်တို့က ကျွန်တော်တို့ ကချင်တိုင်းရင်းသားများ အဆိုအရ အူကို ဆွဲရင်လည်း အသည်းပါ နာရပါတယ်။ နှလုံးနာရပါတယ်။ ကျွန်တော်ရိုးရှင်းပွင့် လင်းစွာနဲ့ တင်ပြပါရစေ။ မိသားစုတစ်စု လင်မယား ကတောက်ကဆတ်ဖြစ်လို့ အိုးခွက်ပန်းကန် ရိုက်ခွဲပြီး စိတ်ဆိုးပြေလို့ ပြန်တည့်ရင် နောက်ဆုံး ကိုယ်ပဲပြန်ဝယ် ရပါတယ်။ မိဘက ပြန်ဝယ်ထည့်မပေးရင် သားသမီးများဟာ ဝါးကျည်တောက်နဲ့ ချက်ပြီး ဖက်နဲ့ ထည့်စားယုံပါပဲ ။ ဖက်နဲ့တော့ မထည့်စားပါရစေနဲ့ခင်ဗျား။ ကြုံလို့ တင်ပြချင်ပါတယ်။ ကျွန်တော်တို့ မြစ်ကြီးနား - ဗန်းမော်ကားလမ်းဟာ သွားလာရေးကောင်းလာခဲ့တာ ၄-၅ နှစ် ပဲရှိပါသေးတယ်။ ဒါတောင်မှ အဆုံးမသတ်ရသေးပါဘူး။ ယခု ကျွန်တော်တို့ မိုးမောက်-ဗန်းမော် ကားလမ်းဟာဆိုရင် မုန့်လင်မယား ကြော်တဲ့အိုးနဲ့ တူနေပါတယ်။ အများပြည်သူ ခရီးသွားလာမှုမှာ အလွန်စိတ်ဆင်းရဲလျက် ကြုံတွေ့နေရပါတယ် ။ အဲဒီလို လိုအပ်ချက်တွေ ထည့်ပြီးမှ တိုးချဲ့ပြုပြ င်လုပ်ရမယ့် အပြင် လက်ရှိ ရှိပြီးသားဟာများကိုလည်း ယခုလို ဖျက်ဆီးပစ်ကြတာကို ကျွန်တော်တို့ ပြည်သူပြည်သားများ အားလုံးဟာ ရင်ထုမနာ ဖြစ်ကြရပါတယ်။ စစ်ပွဲရဲ့ဒဏ်ကြောင့် ယခုအခါ ကျွန်တော်တို့ ကချင်ပြည်နယ်မှာ ဒေသခံပြည်သူများ

မိမိအိုးအိမ်၊ လယ်ယာ၊ ကျွဲနွား တိရစ္ဆာန်များကို စွန့်ခွာပြီး မိမိအသက်လုံခြုံမယ့် နေရာမှာရှာပြီး ထွက်ပြေးတိမ်းရှောင်နေကြရတဲ့စစ်ပြေးဘဝရောက်နေကြရပါတယ်။၂၇- ၈ -၂၀၁၁ ရက်နေ့ စာရင်းအရ နယ် စပ်ဒေသတွင် နယ်စပ် ဒေသသို့ ထွက်ပြေး တိမ်းရှောင်သူများမပါ မြစ်ကြီးနားမြို့မှာ ၁၃၁၇ ဦး၊ ဝိုင်းမော်မြို့မှာ ၁၇၅၁ ဦး၊ ဗန်းမော်မြို့မှာ ၃၅၅ ဦး၊ မိုးမောက်မြို့မှာ ၁၃၅၈ ဦး၊ ဖားကန့်မှာ ၁၇၆ ဦး၊ ရွှေကူ ၉၇ ဦး၊ မန်စီ ၇ ဦး စုစုပေါင်း လူဦးရေ ၅၀၆၁ ဦးရှိခဲ့ပါပြီ။ ဒါဟာ စာရင်းဇယား အတည်မဟုတ်သေးပါဘူး။ နေ့စဥ်နဲ့အမျှ ရှောင်တိမ်းလာဆဲဖြစ်ပါတယ်။ ဒါဟာ စစ်ပွဲရဲ့ အကျိုးဆက်ပါပဲ။ ဒီနေရာမှာ ထူးခြားမှုတစ်ခု ကို တင်ပြရမယ်ဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ ကျော် ၅၀ အတွင်း တိုက်ပွဲများ မည်မျှပင် ဖြစ်နေခဲ့ပါသော်လည်း ယခုကဲ့သို့ အလုံးအရင်းနဲ့ ရွာလုံးကျွတ် မြို့ထဲ ရှောင်တိမ်းလာခြင်း မရှိခဲ့ ဖူးပါဘူး။ ယခုလို ရှောင်တိမ်း လာခြင်းဟာ ယခု မိမိတို့အစိုးရသစ်ကို ယုံကြည် အား ကိုးမှုရှိခြင်း လက္ခဏာကိုပြတယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဒါ့ကြောင့် မိမိတို့နိုင်ငံတော် အစိုးရအနေနဲ့ ပြန်လည်ပြီး ကူညီကြည့်ရှု ပေးသင့်ပါတယ်လို့ ကျွန်တော်အကြံပြုလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ နှစ်ပေါင်း ၄၀ ကျော် ၅၀ အတွင်း ဖြစ်ပွားခဲ့တဲ့စစ်ပွဲကြောင့် အစား ထိုးမရသော နိုင်ငံတော် ၏ အဖက်ဖက်မှ ကြီးမားသော ဆုံးရှုံးနစ်နာမှု ပျက်စီးယိုယွင်း နောက်ကျခဲ့သော သာဓကများကိုကြ ည့်ပြီး မိအေးနှစ်ခါနာ မဖြစ်ရလေအောင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသစ် လက်ထက်တွင် နှစ်ပေါင်း များစွာ မချုပ်ငြိမ်းခဲ့ သော ပြည်တွင်း စစ်များရပ်စဲပြီး ထာဝရအေးချမ်းတည်ငြိမ်ဖွံ့ဖြိုးသော နိုင်ငံတော်ကြီးဖြစ်ရေးအတွက် ကျွန်တော့်အနေနဲ့ မဲဆန္ဒနယ်အမှတ် (၉)မှ ဦးထွန်းလွင် ၏ မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်းပြီး တည်ငြိမ် အေးချမ်းမှု တည်ထောင်ထိန်းသိမ်းရေးအဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား ။ ယခုလွှတ်တော် ခေတ္တရပ်နားပါ့မယ်။ ၁၅း၀၀ နာရီတိတိအချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၄း၃၀ နာရီတွင် ခေတ္တ ရပ်နားပြီး ၁၅း၀၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၅း၀၀။**

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည် ။]

**အခမ်းအနားမှူး** ။ အားလုံးထိုင်နိုင်ကြပါပြီ ။

**ဥက္ကဋ္ဌ၊** ။ဆက်လက်ပြီးရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၀၀။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)** ။ ။ လေးစားအပ်ပါသော အ မျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာ ချမ်းသာ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတစ်ရပ် ဖွဲ့စည်းရေး ဆိုတဲ့ ဦးထွန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)ရဲ့အဆိုကိုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဦးစွာကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၄၇ (ဂ)မှာ ဖော်ပြထားတဲ့ ပုဒ်မစာသားတစ်ချို့ကို ဖတ်ပြချင်ပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ် ရေး၊ တိုင်းရင်းသား လူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာ တင်ပြစေရန်

လိုအပ်ပါက လွှတ်တော်ကော်မတီများကို အမျိုး သားလွှတ်တော် ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ဖွဲ့စည်းနိုင်သည်ဟု သတ်မှတ်ထားဖို့အတွက် ဩဂုတ်လ ၂၂ ရက်နေ့မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ခန်းမမှာဘဲ ကျွန်တော်တို့ တိုင်းရင်းသား လူမျိုးများရေးရာနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကော်မတီကို ပုဂ္ဂိုလ် ၉ ဦးပါဝင်ပြီး ဖွဲ့စည်းထားခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အခြေခံဥပဒေပုဒ်မ ၁၅၀ မှာ အမျိုးသားလွှတ်တော်သည် ကော်မတီများက လေ့လာသော အကြောင်းကိစ္စများအပ ကျန် အကြောင်းကိစ္စများကို လေ့လာရန်လိုအပ်ပါက ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများ ထည့်သွင်း၍လည်းကောင်းဖွဲ့စည်းနိုင်သည်။ ပုဒ်မ ၁၅၀ နဲ့ ပတ်သက်လို့ (ခ) မှာ အမျိုးသားလွှတ်တော်သည် အထက်ပါကော် မရှင်နှင့် အဖွဲ့များကို ဖွဲ့စည်း သည့်အခါ ယင်းကော်မရှင် သို့မဟုတ် အဖွဲ့များနှင့် အဖွဲ့ဝင်ဦးရေတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းကို သတ်မှတ်ပေးရမည်ဟု ပြဋ္ဌာန်း ထားတာကို တွေ့ရှိရပါ တယ်။ လေးစားအပ် သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် အမျိုးသားလွှ တ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ဆွေးနွေးမယ့် စာသားလေးအား ဖတ်ကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ နှစ်ပေါင်း ၆၀ ကျော် လွတ်လပ်ရေး သက်တမ်းတစ်လျှောက်လုံး လက်နက် ကိုင်တိုက်ခိုက်မှု မရပ်ဆိုင်း နိုင်သေးတာကို ပြန်ကြည့်ရင် ကျွန်တော်တို့ လူမျိုးတိုင်း အနာဂတ်ရှင်သန်ဖွံ့ဖြိုးမှုကို အာမခံချက် ပေးနိုင်မယ့် စစ်မှန်တဲ့ပြည်ထောင်စုစနစ်ကသာလျှင် အတိတ်ရဲ့အောင်မြင်မှု၊ ဆုံးရှုံးမှုတွေကို နောက်ပြန်လှည့်ကြည့်စရာ မလိုဘဲနဲ့ ယုံကြည်မှုအပြည့်နဲ့ ရှေ့ဆက် အတူသွားနိုင်မယ့် စနစ် ဆိုတာ ကျွန်တော်တို့ ငြင်းကွယ်လို့ မရပါဘူး။ ပြ ည်ထောင်စုဆိုတဲ့ ပညတ်ချက်ကြောင့် လူမျိုး တစ်မျိုးတည်း၊ တ စ်ပြည်ထောင်တည်း မဟုတ်ဘူးဆိုတာ ပေါ်လွင်စေချင်တဲ့ ဟာကို မတူ ကွဲပြားခြင်းနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်း ယဉ်ကျေးမှုအသစ်ကို အလေး အနက်ထား တည်ဆောက်ရာမှာ ကျွန်တော်တို့ရဲ့ ဖခင်များ ရည်ရွယ်ခဲ့ကြတယ်ဆိုတာကို ကျွန်တော်တို့ သတိပြုဖို့လိုပါတယ်။ ပြည်ထောင်စု စနစ် အနှစ်သာရ ပေါ်လွင်ထင်ရှားဖို့ လူမျိုးအသီးသီးရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်စတဲ့ အရေးကြီးတဲ့ နိုင်ငံရေးအရ တန်းတူညီမျှ မှု အခွင့်အရေးရဲ့ တစ်စိတ်တစ်ဒေသကို ယခု အခြေခံ ဥပဒေမှာ ပေးသင့်တဲ့ အတိုင်းအတာအထိ အခြေခံဥပဒေကို ရေးဆွဲစဉ်ကပေးထားတာကို တွေ့ကြရပါတယ်။ ကျွန်တော်တို့ လူမျိုးအသီးသီးရဲ့ သမိုင်းကြောင်း ဖြစ်စဉ်ရပ်တည်မှု ပထဝီဝင်၊ ပွားရေး၊ လူမှုရေး၊ စာပေယဉ်ကျေးမှုအကျင့်စရိုက်တို့အရ

နိုင်ငံရေးယဉ်ကျေးမှု မတူကွဲပြားမှုအပေါ်မှာ အပြန်အလှန် နားလည်လက်ခံနိုင်တဲ့ ရင့်ကျက်တဲ့ ပြည်ထောင်စု ဓလေ့စရိုက်ကို လိုအပ်ပါတယ်။ လူမျိုးတိုင်းမှာ သူတို့ဖြတ်သန်းခဲ့ရတဲ့ သမိုင်းအသိ အခြေခံတဲ့ နိုင်ငံရေးအသိနဲ့ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ရေခံမြေခံ အစွဲအလမ်းတွေ ရှိကြပါတယ်။ ဒါတွေဟာ သက်ဆိုင်ရာ လူမျိုးများရဲ့ နိုင်ငံရေးယ ဉ်ကျေးမှု ဖြစ်ပါတယ်။ ကျဉ်းမြောင်းတဲ့ လူမျိုးစွဲ၊ ဒေသစွဲတို့ ကို မသတ်မှတ်သင့်ပါဘူး။ သေချာခိုင်မာတဲ့ အနာဂတ် ရပ်တည်မှုကို အာမခံနိုင်ရင် ဖွဲ့စည်းပုံအရ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် အတိုင်းအတာတစ်ခုအထိ ရှိကြတယ်ဆိုရင် အတိတ်ရဲ့ ဝမ်းနည်းဖွယ်ရာများ ပျောက်ကွယ်သွားအောင် အပေးအယူမျှမျှနဲ့ ညှိနှိုင်းဖြေရှင်းနေထိုင်ကြရမှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုအယက် ယှဉ်ပြိုင် ရင်ဆိုင်နေကြရတဲ့ ယနေ့ ကမ္ဘာကြီးမှာ၊ ပြည်ထောင်စုအတွင်းမှာ သေနတ်သံမစဲ ဖြစ်နေတာဟာ မလိုလားအပ်တဲ့ အမျိုးသားတန်ဖိုး ဆုတ်ယုတ်မှုတွေပါ။ ဒါတွေကို ကျွန်တော်တို့ ရပ်တန့်ပစ်ရမှာ ဖြစ်ပါတယ်။နိုင်ငံရေးသဘောထားကွဲလွဲမှုတွေကို တွေ့ဆုံညှိနှိုင်း အဖြေရှာရပါမယ်။ မ တူကွဲပြားစွာ အတူယှဉ်တွဲနေထိုင်မှုရဲ့ ငြိမ်းချမ်းတဲ့၊ တစ်ကယ့်စစ်မှန်တဲ့ ဘုံအယူအဆကို ဆွေးနွေးနိုင် ကြရ ပါမယ်။ နှစ်ဖက်ဂုဏ်သိက္ခာရှိစွာ အပေးအယူ၊ အလျှော့ အတင်း ပွင့်လင်း ယုံကြည်စွာ ဆွေးနွေးနိုင်ကြရာမှ ပြည်ထောင်စု ထာဝရငြိမ်းချမ်းပြီး တည်ငြိမ် အေးချမ်းမှုရဖို့ ပုဒ်မ ၁၅၀(က) အရ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများ ဖြည့်တင်း၍လည်းကောင်း ဖွဲ့စည်းနိုင်ပါသဖြင့် ကိုယ်စားလှယ်များ၊ နိုင်ငံသား များ စုပေါင်း ပါဝင်သော ကော်မရှင်တစ်ခုကို ကာလသတ်မှတ် ဖွဲ့စည်းသင့်ပါ ကြောင်း ကျွန်တော်အနေနဲ့ ဆွေးနွေးချင်ပါတယ်။ ဒီနေရာမှာ နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်အစိုးရမှလည်းပဲ ငြိမ်းချမ်းရေး ရရှိရေးအတွက် ဒေသတာဝန်ရှိသူများကို တိုင်းရင်းသားခေါင်းဆောင်များနဲ့ နယ်မြေဒေသအလိုက် မှာ ဆွေးနွေးဖိတ်ခေါ်ထားတာတွေ တွေ့ရပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အိတ်ဖွင့်ပေး စာအကြောင်းကို အနည်းငယ် တင်ပြချင်ပါတယ်။ အဲဒီအိတ်ဖွင့်ပေးစာမှာ ကျွန်တော် အချက်(၄)ချက် တွေ့ပါတယ်။ ညီအစ်ကို မောင်နှမများဖြစ်လို့ တိုင်းရင်းသားလူမျိုးအားလုံး ချစ်ကြည်သွေးစည်းရေးဟာ အလွန်အရေးကြီး ပါတယ်။ လက်နက်ကိုင်ပဋိပက္ခကြောင့် သေကြေဆုံးရှုံးမှု စီမံကိန်းလုပ်ငန်းများ၊ နိုင်ငံပိုင် အဆောက်အဦများ၊ ဒေသခံများ နေရင်းစွန့်မှု ကြုံတွေ့ခဲ့ရပါတယ်။ အမျိုးသားရင်ကြား စေ့ရေးကို အင်အားသုံးမဖြေရှင်းသင့်ကြောင်း၊ နှစ်ဖက်အကျိုး ပိုမို ယုတ်လျော့သွားနိုင်ကြောင်း၊

စစ်ရေးနည်းဖြင့် တည်ဆောက်၍ မရကြောင်း၊ နိုင်ငံရေး နည်းလမ်းဖြစ်တဲ့ ဆွေးနွေးညှိနှိုင်း ဖြေရှင်းနည်းနဲ့သာ တည်ဆောက်နိုင်ကြောင်း ဖော်ပြခဲ့တာ တွေ့ရပါတယ်။ တစ်ဦးနဲ့တစ်ဦး တစ်ဖွဲ့နဲ့တစ်ဖွဲ့ အပြန်အလှန်နားလည်မှု၊ အပြန် အလှန်ယုံကြည်လေးစားမှုတို့ဖြင့် ဖြေ ရှင်းလျှင် ပထမ ငြိမ်းချမ်းတည်ငြိမ်မည်။ ငြိမ်းချမ်းတည်ငြိမ်ပြီးမှ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်မည်ဟု ညွှန်းဆို ခဲ့တာကိုလည်း ကျွန်တော် တွေ့ရပါတယ်။ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဥ်များ ကို ပံ့ပိုးရန်အတွက် ကျွန်မအနေနဲ့ ကိုယ်စွမ်းရှိသမျှ ပါဝင်ကြိုးပမ်းရန် အသင့်ရှိပါတယ်လို့လည်း ဖော်ပြထားတာကို တွေ့ရပါတယ်။ အဲဒီလိုပဲ ၂၀၁၁ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်များကလည်း မိမိတို့ သဘောထားနဲ့ပတ်သက်လို့ အိတ်ဖွင့် ပေးစာ ငြိမ်းချမ်းမှုကိုဖိတ်ခေါ်တဲ့ အိတ်ဖွင့်ပေးစာကို ကိုယ်စားလှယ်တော်ကြီး ၂၃ ဦး လက်မှတ် ထိုးပြီး နိုင်ငံအသိ၊ ကမ္ဘာအသိ ကြေညာတောင်းဆို ခဲ့တာကို တွေ့ရပါတယ်။ ဒါတွေကို ကြည့်ခြင်း အားဖြင့် ကျွန်တော်တို့ ပြည်တွင်း ငြိ မ်းချမ်းမှုကို ကျွန်တော်တို့ရဲ့ ပြ ည်ထောင်စုကြီးရဲ့ ပင်ပန်း နေတဲ့ ဂန်ကိုလျော့စေလိုတဲ့ ကျွန်တော်တို့ ငြိမ်းချမ်းမှု ဒီရေဟာ အမြင့် ဆုံးအချိန် ရောက်နေပြီလို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံမှာ ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု ကို တည်ဆောက် ထိန်းသိမ်း ရေး အမြဲတမ်းကော်မတီ တစ်ရပ်အစား ကျယ်ပြန့်ပြီး အားလုံး ပါဝင်နိုင်တဲ့ လွတ်လပ်တဲ့၊ အများယုံကြည် ပြီး ပြည်တွင်းလူထုနဲ့ ပဋိပက္ခနှစ်ဖက်လုံးကို လက်ခံ နိုင်မယ့် ကော်မရှင်တစ်ခုကိုသာ အချိန်ကာလ သတ်မှတ်ပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၅၀(က) နဲ့အညီ ဖွဲ့ စည်းပေးနိုင်ပါက သင့်လျော်မည်လို့ ကျွန်တော်အနေနဲ့ သုံး သပ်ဆွေးနွေး လိုပါတယ်။ ဒါကြောင့် ကော်မရှင်မှာ ပါတီစုံမှ လွှတ်တော်ကိုယ်စားပြုတဲ့ တိုင်းရင်းသားပုဂ္ဂိုလ်များ လူထုကြည်ညိုတဲ့ အများ လက်ခံနိုင်တဲ့ ဒေါ်အောင်ဆန်းစုကြည် ကဲ့သို့သော ပုဂ္ဂိုလ်ကြီးများ ပါဝင်နိုင်ပါက ပါဝ င်ရန် ဖိတ်ခေါ်လျက် ကျယ်ပြန့်စွာ ဖွဲ့စည်းသင့်ပါကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်ခုန ဆွေးနွေးချက်နဲ့ပတ်သက်လို့ ကျွန်တော်ရဲ့ ဆန္ဒသဘောထားသာဖြ စ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးထွန်းလွင် ရဲ့ တင်ပြပါအဆိုထဲမှာ အမြဲတမ်းကော်မတီ ဆိုတဲ့ စကားရပ်ကို ကျွန်တော့်အနေနဲ့ ချန်လှပ်ပြီး အဆိုရဲ့အားလုံးကို လေးလေးနက်နက် ထောက်ခံပါကြောင်း ပြည်တွင်းငြိမ်းချမ်းရေးကို ထာဝရ ကျွန်တော်တို့ လွှတ်တော်မှာ ကြီးကြပ် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင် ပါ တယ်။ (ဩဘာသံများ)

**အချိန်၊ ၁၅း၀၉။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၀၉။**

**ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြည်ထောင်စုဝန်ကြီးများနှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ပြီးခဲ့တဲ့ ၂၉.၈.၂၀၁၁ နေ့ တုန်းက လွှတ်တော်အစည်းအဝေး အစီအစဉ်မှာ ကချင်ပြည်နယ် မဲဆန္ဒနယ် (၉)မှ ဦးထွန်းလွင်ရဲ့ မြန်မာနိုင်ငံအတွင်း ထာဝရ ငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတရပ် ဖွဲ့စည်းရေး ဟူသောအဆိုကို ဖတ်မိသည့်နှင့် အတိုင်းမသိ ဝမ်းသာ အားရ ကြိုဆိုထောက်ခံလိုပါတယ်။ ဒါပေမယ့် ခုနကျွန်တော် ရှေ့မှာ ကိုယ်စားလှယ်တော်ကြီး ၉ ယောက်က ပြည့်ပြည့်စုံစုံလေး လေးနက်နက် ထောက်ခံဆွေး နွေး သွားပြီးပါပြီ။ အဲဒါကြောင့် မို့လို့ ကျွန်တော်က လိုရင်းတိုရှင်းဘဲ အောက်ပါအတိုင်း ဆွေးနွေး လိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ တကယ်နယ် မြေ မအေးချမ်းတဲ့ မငြိမ်းချမ်းတဲ့ ဒေသမှာ မွေးဖွားခဲ့ပါတယ်။ အဲဒါကြောင့်မို့လို့ မအေးချမ်း မတည်ငြိမ်တဲ့ အရသာကို နဖူးတွေ့ ဒူးတွေ့ ခံစားခဲ့ရပါတယ်။ ကနေ့အထိ ခံစားရပ ါတယ်။ ကျွန်တော်အိမ်မှာ ခြေထောက်ပြ တ်တဲ့ ညီတစ်ယောက်ရှိပါတယ်။ မိုင်းထိပြီးသေဆုံးတဲ့ ညီလည်းရှိပါတယ်။ ဒီအစည်းအဝေး မလာခင်ပြီးခဲ့တဲ့ ၃ ပတ်တုန်းကလည်း ညီဝမ်းကွဲတစ်ယောက်ထပ်ပြီးတော့ ခြေနှစ်ဖက် ဖြတ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ မငြိမ်းချမ်းမှု ကြောင့်ပါ။ အဲဒါကြောင့်မို့လို့ ဒီခေါင်းစဉ်ကို တွေ့တာနဲ့ အတိုင်းမသိ ဝမ်းသာ ထောက်ခံဆွေးနွေးခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကနေ့ အမြော်အမြင်ကြီးမားတဲ့ ကျွန်တော်တို့ နိုင်ငံခေါင်းဆောင်များရဲ့ အစီအမံဆောင်ရွက်မှုတွေကြောင့် ကျွန်တော်တို့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ခိုင်ခိုင်မာမာရှိလာပါပြီ၊ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲလည်း အောင်မြင်စွာ ပြီးခဲ့ပါပြီ။ ကနေ့ ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ၊ တိုင်းဒေသကြီးပြည်နယ်လွှတ်တော် အသီးသီးလည်း ပေါ်လာပါပြီ။ အစိုးရအဖွဲ့အစည်းအသီးသီး

တရားစီရင်ရေးရာအဖွဲ့ တွေလည်း အောင်မြင်စွာ ဖြစ်ပေါ်လာပါပြီ။ နိုင်ငံတော်ကြီးကို ခေတ်မီ ဖွံ့ဖြိုး တိုးတက်အောင် ဝိုင်းဝန်းပြီး အကြံပြုကြ၊ ဥပဒေပြုကြ၊ ဆောင်ရွက်ကြ၊ စီးပွားရေး မူဝါဒကို ပြုပြင်ပြောင်းလဲ မယ် ဆိုပြီးတော့စီစဉ်ဆောင်ရွက်ကြပါပြီ။ အင်မတန် ဝမ်းမြောက် ဝမ်းသာဖြစ်ကြ ရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ နိုင်ငံမှာ ခုန အထက်ဖော်ပြတဲ့အတိုင်းပဲ ဆွေးနွေးတဲ့အတိုင်းပဲ ငြိမ်းချမ်းရေးမရှိနေသရွေ့ ကာလပတ်လုံး ကျွန်တော်တို့ရဲ့ ရည်မှန်းချက် ဟာ ပြည့်စုံမှာ မဟုတ်ပါဘူး။ အဲဒါကြောင့်မို့လို့ ကျွန်တော်နဲ့ ကျွန်တော့်ဒေသက ပြည်သူတွေရဲ့ ကိုယ်စား ကျွန်တော်ကပဲ ဒီငြိမ်းချမ်းရေးကို အလိုချင်ဆုံးဖြစ်ကြောင်းတောင်းဆို ဆွေးနွေးခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားဒေသခံတွေကို ပြန်ပြီးတော့ မေးကြည့်တဲ့အချိန်မှာ ကျွန်တော်တို့ ဒီလွှတ်တော်တွေ ကို စိတ်မဝင် စားပါဘူး။ ဒီမိုကရေစီလည်း စိတ်မဝင်စားကြဘူး။ နားလည်းမလည်ကြပါဘူး။ တစ်ခုပဲလိုချင်တယ်။ ငြိမ်းချမ်းရေးပဲ၊ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံထာဝရတည်ငြိမ်အေးချမ်းနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးနိုင်မယ့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ကိုယ်စားလှယ်တော်ကြီး ဦးထွန်းလွင် ရဲ့ မြန်မာနိုင်ငံအတွင်း ထာဝရ ငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက် ထိန်းသိမ်းရေး အမြဲတမ်းကော်မတီ တစ်ရပ် ဖွဲ့စည်းရေး အဆို တင်သွင်းခြင်းကို လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅:၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅:၁၃။**

**ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ဖြစ်ပါတယ်။ ပထမဦးစွာ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)ရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလွင် အဆိုတင်သွင်းထားတဲ့

မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ် အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်း ကော်မတီတစ်ရပ် ဖွဲ့စည်းရေး ဆိုတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီအဆိုကို ဖြစ်ပေါ် လာတဲ့ အကြောင်းရင်းကို ကြည့်မယ် ဆိုလို့ရှိရင် ကျွန်တော်တို့ လတ်တလော ဖြစ်ပေါ်လာတဲ့အခြေအနေ၊ နောက်တစ်ခါ ပြည်သူလူထုရဲ့ တကယ်အမှန်ဆန္ဒ ဖြစ်ပေါ်နေတဲ့ သူရဲ့အကျိုးဆက်တွေပေါ်မှာမူတည်ပြီး ဖြစ်ပေါ်လာတယ်လို့ ယုံကြည်ပါတယ်။ အခုလတ်တလော ဖြစ်နေတဲ့ အဖြစ်အပျက်တွေကို ကြည့်မယ်ဆို လို့ရှိရင် အရင့်အရင်အခါက တပ်မတော်အစိုးရ လက်ထက်တုန်းက ယာယီငြိမ်းချမ်းရေးကို တည်ဆောက်ပြီးတော့ ရရှိခဲ့ တဲ့ ယာယီငြိမ်းချမ်းရေးရဲ့ လှပတဲ့အိပ်မက်ကလေးတစ်ခုဟာ ကျွန်တော်တို့ တိုင်းရင်းသား ပြည်သူလူထုများရဲ့ ရင်တွင်းမှာ ရှိနေတုန်းပဲ ဖြစ်ပါတယ်။ ဒါပေမယ့် မကြာသေးသော ကာလအချိန်တွင်းမှာပဲ အခြေအနေတွေ ဟာ ပြောင်းလဲပြီး တော့ မထင်မှတ်တဲ့ လက်နက်ကို င် ပဋိပက္ခတွေရဲ့အကြား ပစ် ခတ်မှုတွေ အဲဒီအပေါ်မှာ တည်မှီပြီးတော့ အဲ့ဒီဒေသမှာ ရှိနေကြတဲ့ တိုင်းရင်းသားပြည်သူလူထုတွေရဲ့ ရပ်တည်မှု၊ စားဝတ်နေရေးကို လုပ်ကိုင်စားသောက်ဖို့အတွက် အခက်အခဲတွေ ဖြစ်ပေါ်လာပြီး တော့ မိမိနေလိုတဲ့ နေအိမ်မှာ၊ ဒေသမှာတောင် အလုပ်မလုပ်နိုင်ဘဲ၊ မအိပ်နိုင်ဘဲ ထွက်ပြေး တိမ်းရှောင်ရတဲ့ဘဝမျိုးတွေ ရောက်ရှိ လာပါတယ်။ ခုန ကလည်း ဦးစိုင်းမြမောင် တင်ပြသွားတဲ့ အထဲမှာ ဒီ မိုးမောက်မြို့နယ်အတွင်းမှာ ဖြစ်ပေါ်နေတဲ့ ခိုလှုံမှုတွေကို စာရင်းဇယားကြည့်မယ် ဆိုလို့ရှိရင် ဒါဟာ တကယ်အဖြစ်အပျက်အမှန်ပဲ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အလယ်ပိုင်းမှာ လည်း အဲဒီလို အခြေအနေမျိုးတွေ ရှိပါတယ်။ ဒါကြောင့်မို့ လို့ ယာယီငြိမ်းချမ်းရေးကာလမှာ ဖြစ်ပေါ်လာရတဲ့ ငြိမ်း ချမ်းရေး အရသာကိုရတယ်။ သီးခါစမှာ ဒီအိပ်မက်လှလှတွေမက်ပြီးမှ အခုတစ်ခါပြန်ပြီးတော့ အိပ်မ က်ဆိုးတွေပြန်ပြီးတော့ မက်နေဦးမလားဆိုတဲ့ ဘဝကို စိုးရိမ်ကြပါ တယ်။ ဒါတကယ်အမှန် လက်ရှိဖြစ်ပေါ်လာတဲ့ အခြေအနေရဲ့ ဖြစ်ပေါ်လာတဲ့ ပြည်သူ့ဆန္ဒ အမှန်ပဲဖြစ်ပါတယ်။ ဒါပေမယ့် ပြည်သူလူထု အများကတော့ ငြိမ်းချမ်းရေးဆိုတဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာတော့ ငြိမ်းချမ်းရေးဆိုတာကိုတော့ သူတို့ မပြောပြတတ်ဘူးခင်ဗျား။ သူတို့ ဒီမိုကရေစီလည်းမသိကြဘူး၊ အများအားဖြင့် ဘာပြော ကြလဲဆိုလို့ရှိရင် ဟာ တိုင်းပြည်ကြီး ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာ ဘယ်လိုဟာ ကိုခေါ်တာ လည်းတော့မသိဘူး။ ဒါပေမယ့် ငါတို့ ကောင်းကောင်းအိပ်ပြီး ကောင်းကောင်းစားရရင် ကောင်းကောင်းအလုပ်လုပ်ရရင် တော်ပါပြီကွာ ဆိုတဲ့ ပြည်သူလူထုအများ ကျေး လက်လူထု အများရဲ့ သဘောထားအမှန်ပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီဖြစ်ပေါ်လာတဲ့ ပဋိပက္ခတွေရဲ့ အကျိုးဆက်ကိုကြည့်မယ်ဆိုလို့ရှိရင် အမှန်တကယ် ဆုံးရှုံးမှုတွေ ထိခိုက်မှုတွေ ဖြစ်ပေါ်လာရတာကတော့ ကျွန်တော်တို့ နိုင်ငံတွင်းမှာ ရှိတဲ့ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားတွေပဲ ဖြစ်ပါတယ်။ အသက်တွေပေးရတယ်။ သွေးချောင်းစီးတဲ့ အနိဋ္ဌာရုံတွေတွေ့ရတယ်။ ဒီလိုမျိုးတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်အပေါ်မှာ မူတည်ပြီးတော့ ဒီအဆိုဟာ ဖြစ်ပေါ်လာတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဒီလက်ရှိ တွေ့ကြုံရတဲ့ အဖြစ်အပျက် ဘဝကို တည်မှီ ပြီးတော့၊ ပြည်သူ လူထုရဲ့ ခံစားချက်ကို တည်မှီပြီး တော့ ဒီအဆိုဟာ အမှန်တကယ် လိုအပ်တဲ့အဆို ဖြစ်ပါတယ်။ ဒါပေမဲ့လို့ ဒီပြည်သူလူထုရဲ့ ဆန္ဒကို ကျွန်တော်တို့ နိုင်ငံတော် ကလည်း မသိတာမဟုတ်ပါဘူး ။ သိလို့လည်း ပြည်သူလူထုရဲ့အသံ၊ လွှတ်တော်အသံဆိုပြီးတော့ လွှတ်တော်ထဲမှာလည်း တိုင်းရင်းသားရေးရာ ငြိမ်းချမ်းရေးရာ ကော်မတီကိုလည်း ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာလည်း ဖွဲ့စည်း ခဲ့ပြီး ဖြစ်ပါ တယ်။ ဒါပေမယ့်အခုအဆိုရှင်ရဲ့ဆန္ဒကတော့လက်တလောဖြစ်ပေါ်နေတဲ့ အခြေအနေအပေါ်မှာ မူတည်ပြီးတော့ တကယ့်ကိုဖြေရှင်းရမယ့်ကိစ္စတစ်ခုဟာ ကျွန်တော်တို့ ကော်မတီလေး လောက်နဲ့ ဖြစ်နိုင်ပါမလားဆိုပြီးတော့ အမြဲတမ်း ကော်မတီကို ဦးတည်ပြီးတော့တင်တဲ့အဆို ဖြစ်ပါတယ်။ ဒါတွေကိုလည်း ယခု ကိုယ်စားလှယ်အတော်များများက ထောက်ခံ တင်ပြသွားပြီး ဖြစ်ပါတယ်။ ဒါပေမယ့်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြထားတဲ့ ခုနက ကျွန်တော်တို့ရဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် တင်ပြသွားသလိုပဲ ကျွန်တော်တို့က တကယ်လုပ်ရ မယ့် အလုပ်တွေကတော့ သိနေပါပြီ။ သွားလည်းသွားရမှာ၊ တကယ်လည်း လုပ်ကြရမှာ၊ တိုင်းပြည်ငြိမ်းချမ်းရေးဟာ အမှန်တကယ်ပဲ လိုအပ်နေတဲ့ အချိန်မှာ ကျွန်တော်တို့က ဖြစ်နိုင်တဲ့ နည်းလမ်းနဲ့ သွားဖို့တော့ လိုပါတယ်။ ကော်မတီပဲဖွဲ့ဖွဲ့၊ ကော်မရှင်ပဲဖွဲ့ဖွဲ့ ဒါကတော့ လုပ်ရမှာပဲ ဖြစ်ပါတယ်။ ဒါပေမယ့်လို့ ကျွန်တော်က ဒီအဆိုကို လေးလေးနက်နက် ထောက်ခံရခြင်း ဖြစ်ပါတယ်။ တကယ်လို့ ဒီဖွဲ့စည်းပြီးတော့ အဖွဲ့အစည်းတစ်ခုမှာ ဖွဲ့စည်းတဲ့အခါမှာ ကျယ်ကျယ် ပြန့်ပြန့်ဖွဲ့ပြီးတော့ လုပ်နိုင်မယ် ဆိုလို့ရှိရင် ဒီငြိမ်းချမ်းရေးတံခါးဟာ မြန်မြန်ပွင့်မှာပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုလို့ရှိရင် ဒီလက်နက်ကိုင် ပဋိပက္ခကြားမှာ ဖြစ်တည်နေ ရတဲ့ ဘဝတွေမှာ တကယ်တမ်း တွေ့ကြုံနေရတဲ့ ဒီနှစ်ဖက် စလုံးပဲပေါ့။ တိုက်ခိုက်နေရတဲ့ စစ်သားငယ် တွေရဲ့ ဘဝဟာပိုပြီးတော့ ဆိုးပါတယ်။ ပြည်သူလူထုရဲ့ ဒီကြားထဲမှာ ညှပ် ခံနေရတဲ့ ဘဝတွေဟာလည်း ဒီလိုပါပဲ မျက်ရည်တွေ၊ သွေးတွေနဲ့ ရှိခဲ့ရထင်ခဲ့ရတယ်။ ဒါကြောင့်မို့လို ဒီကိစ္စတွေကို

အဆုံးသတ်ချင်ပြီ။ နိုင်ငံတော်ကလည်း အခြေခံ ဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ခေ တ်မီဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးကို တည်ဆောက်မယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော်တို့ ပြည်သူလူထုရဲ့ဆန္ဒကို ကြည့်မယ်ဆိုလို့ရှိရင်လည်း အေးချမ်းတည်ငြိမ်ပြီးတော့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးကို အမှန်တကယ် တည်ဆောက်ချင်တာ ကတော့ နိုင်ငံသားတိုင်းရဲ့ ဆန္ဒပဲ ဖြစ်ပါတယ်။ ဒါတွေ ဖော်ဆောင်ဖို့ဆိုတာကတော့ ငြိမ်းချမ်းဖို့လိုပါတယ်။ ငြိမ်းချမ်းမှုမရှိဘဲနဲ့ ဘာမှတည်ဆောက်ဖို့တော့ ရမှာမဟုတ်ပါဘူး ခင်ဗျား။ သမင်မွေးရင်း ကျားစား ရင်းဆိုပြီးတော့ သံသရာလည်နေမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီငြိ မ်းချမ်းရေးကို လတ်တလောအမြင်မှာ ဖြေရှင်းဖို့လိုပါတယ်။ ဒီဖြေရှင်းဖို့ လိုတဲ့နေရာမှာ တကယ်အလုပ်လုပ်နိုင်တဲ့ အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းတည်ထောင် ပြီးတော့ ကော်မရှင်ဘဲဖြစ်ဖြစ် ၊ ကော်မတီဘဲဖြစ်ဖြစ် ဖွဲ့စည်းပြီးတော့ ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်အောင် လုပ်ပေးဖို့လိုပါတယ်။ နောက် တတ်သိ ပညာရှင်တွေ တိုင်းရင်းသား ကိုယ်စားလှယ်တွေ၊ နောက်တစ်ခါ ပါတီကနေ ပါဝင်လာမယ် ဆိုလို့ရှိရင် ပါတီအသီးသီးက ကိုယ်စားလှယ်တွေ၊ နောက်တစ်ခါ ဒီလွှတ်တော် အသီးသီးတွေက နေစုပေါင်းပါဝင်တဲ့ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်မယ့် အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းပြီးတော့ ဒီငြိမ်းချမ်းရေးကို အမြန် ဖြေရှင်းသင့်ပါတယ်ဆိုတဲ့ အဆိုကိုထောက်ခံ တင်ပြပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ဒီလက်နက်ကိုင်ပဋိပက္ခကြားထဲမှာ စဉ်းစားစရာတစ်ခုတော့ ရှိတာပေါ့ ခင်ဗျား။ ဒီသူတို့ရဲ့ ဒီဥစ္စာကို ဖြစ်တည်ရတဲ့ အ ကြောင်းအရင်း၊ သူတို့ရဲ့ ရပ်တည်မှုတွေ ခံယူချက်တွေ၊ ရည်ရွယ်ချက်တွေ ရှိတယ်ဆိုတာကို နောက်တစ်ခါ ဒီခေတ်အဆက်ဆက်မှာ လုပ်ခဲ့တဲ့ ငြိမ်းချမ်း ရေးတည်ဆောက်မှု လုပ်ငန်းတွေဟာ ဘာတွေဖြစ်လို့ မအောင်မြင်ခဲ့သလဲ ဆိုတဲ့ အကြောင်းအရင်းတွေကိုလည်း သေချာပြန်ရှာပြီးတော့ ဒါတွေကို လေ့လာသုံးသပ်ပြီးတော့ အဖြေတစ်ခုကို ထုတ်နိုင်မယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။ နောက်တစ်ခါ အကြော င်း အမျိုးမျိုးကြောင့် အကျဉ်းကျ ခံနေရတဲ့ အကျဉ်းသားများထဲမှာလည်း တိုင်းရင်းသား ခေါင်းဆောင်တွေ ပါဝင် နေတာဖြစ်တဲ့အတွက်ကြောင့် ဒီတိုင်းရင်းသားခေါင်းဆောင်တွေရဲ့ အရေးကိစ္စတွေကိုလည်း ထည့်သွင်း စဉ်းစားသင့်ပါကြောင်း ကျွန်တော် အကြံပြုအပ်ပါတယ်။ ဒါကြောင့်မို့လို့ နောက်ဆုံး နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် ယခု ဖြစ်တည်နေတဲ့ လက်တလော အခြေအနေတွေ အရ သော်လည်းကောင်း ၊ ပြည်သူတွေရဲ့တကယ်အမှန်ဆန္ဒအရ သော်လည်းကောင်း၊ ကျွန်တော်တို့ ဒီ မငြိမ်းချမ်းမှုကြောင့်ရရှိတဲ့ ဆိုးကျိုးရလဒ်တွေအပေါ်မှာသော်

လည်းကောင်း တည်မှီပြီးတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)က ဦးထွန်းလွင် တင်ပြထားတဲ့ မြန်မာနိုင်ငံ  အတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတစ်ရပ် ဖွဲ့စည်းရေးဆိုတဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၂၁။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် ဆွေးနွေးနိုင်ပါတယ်။

**အချိန်၊ ၁၅း၂၁။**

**ဦးခက်ထိန်နန် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်တဲ့အမျိုးသား လွှတ်တော်  ဥက္ကဋ္ဌကြီး  နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်  မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်  ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်  (၉)မှ ဦးထွန်းလွင်  ရဲ့ မြန်မာနိုင်ငံအတွင်းထာဝရငြိမ်းချမ်းပြီး တည်ငြိ  မ်အေးချမ်းမှု  တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတစ်ရပ် ဖွဲ့စည်းရေး  ဆိုတဲ့အဆိုကို ထောက်ခံတင်ပြသွား  မှာ  ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကို ဖတ်ကြားထောက်ခံဆွေး  နွေးခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးခက်ထိန်နန် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနဲ့ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားများ  အားလုံးအတွက် အသက်တစ်မျှ အရေးကြီးဆုံးက ကျွန်တော်တို့ မြန်မာနိုင်ငံ ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းဖို့ အဓွန့်ရှည်တ  ည်မြဲရေးပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းကို  ပြန်ပြောင်းကြည့်ရင်  လွတ်လပ်ရေးရပြီးချိန်ကစပြီး ပေါ်ပေါက်ခဲ့တဲ့ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သဘောထားကွဲလွဲပြီး တိုက်ခိုက်ခဲ့ကြတဲ့အတွက် ကျွန်တော်တို့ နိုင်ငံဟာအရှေ့တောင်အာရှမှာအဖွံ့ဖြိုးဆုံး  နိုင်ငံကနေပြီးတော့  နောက်အကျဆုံးအနေအထားကို ရောက်မှန်းမသိ  ရောက်ရှိလာခဲ့ရပါတယ်။ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးသက်တမ်းနှင့်အမျှ

နိုင်ငံတည်ငြိမ် အေးချမ်းမှုမရှိဘဲ ဝါဒစွဲ ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဘာသာစွဲနှင့် လက်နက်ကိုင်တိုက်ခိုက်မှုများ နိုင်ငံရေးပြိုင်ဆိုင်မှုများ စတဲ့ အခြေအနေများကို တွေ့ကြုံရင်ဆိုင်ခဲ့ကြရပါတယ်။ အဲဒီ အမှားသံသရာလည်ခဲ့ကြလို့ အမျိုးသားစည်းလုံးညီညွတ်ရေးကိုလည်း မတည်ဆောက်နိုင်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အပြည့်အဝ မဆောင်ရွက်နိုင်ခဲ့ဘူးဆိုတာ ကျွန်တော်တို့ကိုယ်စားလှယ်တော်ကြီးများအားလုံး အသိပဲဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား ။ တိုင်းရင်းသားတိုင်း၊ နိုင်ငံသားတိုင်းဟာ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံစိတ်ချမှု၊ စိတ်ချမ်းသာမှုတို့ကိုသာ လိုလားကြပါတယ်။ မတည်ငြိမ်မအေးချမ်းတဲ့ ဘဝကို မည်သူမျှ လက်ခံကြိုက်နှစ်သက်မှာမဟုတ်ပါဘူး ။ ကချင်ပြည်နယ်မှာ ဖြစ်ပျက်နေတဲ့ စစ်ကို တိမ်းရှောင်လာတဲ့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူများ ထောင်ချီသောင်းလောက်ရှိပါတယ်။ သူတို့ တိမ်းရှောင်နေတဲ့ အတောအတွင်းမှာ သူတို့အိမ်တွေ ကို တံခါးတွေဖျက်၊ ထရံတွေဖျက်ပြီးတော့ ပစ္စည်းတွေပျောက်တာ၊ လုယူတာခံနေရသလို သူတို့ရဲ့ ကြက်တွေ၊ ဝက်တွေလည်း ပျောက်ဆုံး သွားသလို ဒီတစ်နှစ်ရဲ့ တောင်ယာခုတ် လယ် လုပ် လုပ်ငန်းတွေလည်း မလုပ်နိုင်တဲ့အတွက် ဒီအဖြ စ်အပျက်မျိုးဟာ တာရှည်ဖြစ်သွားမယ် ဆိုရင် ကျွန်တော်တို့အားလုံးအပေါ် မှာ ဝန်ထုပ်ဝန်ပိုး လည်းဖြစ်သလို ဒါတွေရှေ့လျှောက် အဆင်ပြေသွားနိုင်ဖို့ကလည်းပဲ ဒီလို ဒုက္ခရောက်နေတဲ့ ပြည်သူတွေရဲ့၊ တိုင်းရင်းသားတွေရဲ့ ကိုယ်စားလှယ်တွေဖြစ်တဲ့ ကျွန်တော်တို့ဟာ ကြိုးစားဆောင်ရွက်ဖို့ တာဝန်ရှိနေကြပြီဆိုတဲ့ အကြောင်းကိုလည်း လေးစားစွာ တင်ပြလိုပါတယ်။ ဒီကနေ့ ကချင်ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားလူမျိုးများအားလုံးနှင့်အတူ မြန်မာပြည်သူ တစ်ရပ်လုံး မျှော်လင့်တောင့် တနေတဲ့အသံကလည်း ဗုံးသံ၊ သေနတ်သံ၊ မိုင်းပေါက်ကွဲသံတွေ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးအသံ၊ ချိုးကူ သံပဲ ဖြစ်ပါတယ်။ ယခင်က မငြိမ်းချမ်းခဲ့တဲ့ အချိန်က ကချ င်ပြည်နယ်ဟာ စစ်ဘေးစစ်ဒဏ်ကြောင့် သေကြေပျက်စီးခဲ့ရမှုနဲ့အတူ လူမှုစီးပွားရေး ဘဝပျောက်ကွယ်ခဲ့ရတဲ့ သီးခြား ဘဝ သီးခြားကမ္ဘာလိုဖြစ်ခဲ့ရပါတယ်။ ဒါပေမယ့် ၁၉၉၄ ခုနှစ်မှ စပြီးတော့ အပစ်အခတ်ရပ်စဲ ပြီး ငြိမ်းချမ်းရေးရရှိလာတဲ့အခါ ကချင်ပြည်နယ်ဟာ အင်မတန် အေးချမ်းသာယာလာခဲ့ပါတယ်။ ဧရာဝတီမြစ်ကူးဗလမင်းထင်တံတားကြီးများ ပေါ်ပေါက်လာပြီး လမ်း၊ တံတား၊ ကျန်းမာရေး ၊ ပညာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး စတဲ့ လူမှုရေးဘဝ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ပို၍လည်း တိုးတက်ဖို့ အရှိန်အဟုန်များရရှိလာခဲ့ပါပြီ။ ဒီလိုအချိန်မှာပဲ ကချင်ပြည်နယ်မှာ ၉. ၆.၂၀၁၁ ရက်နေ့ကစပြီး

ဗုံးသံ၊ သေနတ်သံ၊ မိုင်းပေါက်ကွဲသံများ ပြန်လည် ဖြစ်ပေါ်လာပါတယ်။ ကျွန်တော်လည်း ကချင်ပြည်နယ်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး ဖြစ်တဲ့ အတွက်ကြောင့်လည်း ကချင်ပြည်နယ် တည်ငြိမ်အေးချမ်းမှု ညှိနှိုင်းရေးအဖွဲ့မှာ ပါဝင်ပြီးတော့ ဇွန်လနဲ့ ဇူလိုင်လအတွင်း KIO ၊ KIA နယ်မြေထဲကို သုံးကြိမ်သွားရောက်ပြီး တော့ ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ အခုလည်းပဲ ညှိနှိုင်းဆဲဖြစ်ပါတယ်။ ဒီလို ငြိမ်းချမ်းရေးဆွေးနွေးတဲ့အခါ ပြည်နယ်အစိုးရနဲ့တင်မဟုတ်ဘဲ နိုင်ငံတော်အစိုးရလွှတ်တော်မှ ငြိမ်းချမ်းရေးကော်မတီပါ၊ ပါဝင်ဆောင်ရွက်မှသာ အောင်မြင် မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်မှ တိုင်းရင်းသားအားလုံးနဲ့ မြန်မာ ပြည်သူပြည်သားများ အားလုံးဟာ အရင်လိုဘဝမျိုးကိုတော့ မည်သူမျှ ထပ်မရောက်ချင်ကြတော့ ပါဘူး။ တစ်နိုင်ငံလုံး နဲ့ နိုင်ငံသားအားလုံးရဲ့ ထာဝရငြိမ်းချမ်းရေး ဟာ နိုင်ငံရေးပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာဟာ မေတ္တာတရားပါဝင်ရမှာ ဖြစ်ပါတယ်။ စိတ်သဘောထားကြီးမား ကျယ်ပြန့် ပါဝင်ရမှာ ဖြစ်ပါတယ်။ လူကြီးလူကောင်း စိတ်ဓာတ် ပါဝင်ရမှာ ဖြစ်ပါတယ်။ စိတ်ရှည်သည်းခံမှု ပါဝင်ရမှာဖြစ်ပါတယ်။ အပေးအယူမျှ တမှု ပါဝင်ရမှာဖြစ်ပါတယ်။ တည်ငြိမ်မှု၊ တရားမျှတမှု ပါဝင်ရမှာဖြစ်ပါတယ်။ အထူးသဖြင့် ငြိမ်းချမ်းရေးရယူနိုင်မှုဟာ ပေးဆပ်မှုလည်း ပါဝင်ရမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်အခါမှာတော့ မြန်မာနိုင်ငံမှာ ပြည်သူတွေ ရွေးကောက်တဲ့အစိုးရ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ပြည်သူတွေရွေးကောက်တဲ့ လွှတ်တော်တွေပေါ်ပေါက် ကြိုးစားလာပြီဖြစ်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ စည်းကမ်း ပြည့်ဝရေး ဒီမိုကရေစီထွန်းကားရေးဆိုတဲ့ အသီးအပွင့်များဟာ ထာဝရငြိမ်းချမ်းရေး သစ်ပင်မှာ သာ သီးပွင့်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ထာဝရငြိမ်းချမ်းရေးဟာ ကျွန်တော်တို့ နိုင်ငံမှာအရေးကြီးဆုံးသော အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သလို နိုင်ငံရေးအရ အောင်မြင်စွာ ဆောင်ရွက်ရမည့် တာဝန်လည်း ဖြစ်နေပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဦးဆောင် သော ပြည်ထောင်စု အစိုးရအဖွဲ့အသစ်သည်လည်း သမ္မတကြီးရဲ့ ၉.၈.၂၀၁၁ မိန့်ခွန်းအရ ထာဝရငြိမ်းချမ်းရေးအတွက် အားလုံး ကိုတံခါးဖွင့်ဖိတ်ခေါ်နေပါပြီဖြစ်ကြောင်းကို တင်ပြရင်းနဲ့ ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလွင် ရဲ့ မြန်မာနိုင်ငံအတွင်းထာဝရ ငြိမ်းချမ်းပြီး တည်ငြိမ် အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတစ် ရပ်

ဖွဲ့စည်းရေးဆိုတဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ် ခင်ဗျား။ ကျေးဇူးအများကြီး တင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါက်တာ ဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၂၃။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။လေးစားအပ်သော ဥက္ကဋ္ဌကြီး နှင့်တကွ ကြွရောက်လာတဲ့ ဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါရစေ ။ ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော်ယခု ဦးထွန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)၏ မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက် ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတစ် ရပ် ဖွဲ့စည်း ရေးဆိုတဲ့ အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးလိုပါတယ်။ ထာဝရငြိမ်းချမ်းရေးဆိုတာဟာ ကျွန် တော်တို့ တိုင်းရင်းသားပြည်သူ ကျွန်တော်တို့ တစ်နိုင် ငံလုံးရဲ့ ပြည်သူတွေလိုချင်တော င့်တနေကြပါတယ်။ အဲဒီတော့ ဦးထွန်းလွင်ရဲ့တင်ပြချက်ကိုလည်း ကျွန်တော်ထောက်ခံဆွေးနွေးသွားမှာပါ။ ဒါပေမယ့် ဒီကြားမှာ ဦးထွန်းလွင် တင်ပြသွားတဲ့အချက်ထဲမှာ ကျွန်တော် အနည်းငယ် အကျိုးရှိမယ်ထင်လို့ အနည်းငယ်ထောက်ပြ ဆွေးနွေးချင်ပါတယ်။ မနေ့က ဦးထွန်းလွင် တင်ပြတဲ့ ဆွေးနွေးသွားတဲ့ နေရာမှာ ကျဉ်းမြောင်း သော လူမျိုးရေးဝါဒ ဆိုတာကြားခဲ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများဟာကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှု ဆုတ်ယုတ်ကျနေတာကို ပြန်ထိန်းဖို့ ကိုယ့်လူမျိုးကမ္ဘာမြေပေါ်က မပျောက်အောင် ထိန်းသိမ်းနိုင်ဖို့ ဒါကို ကျွန်တော်တို့က ကြိုးစား မယ်။ လုပ်ကြမယ်။ တင်ပြကြမယ်။ တောင်းဆိုကြမယ်။ အဲဒီလို ကျွန်တော်တို့ လုပ်တာဟာ ကျဉ်းမြောင်းတဲ့အမျိုးသားရေးဝါဒလား၊ ဒီကျဉ်းမြောင်းတဲ့အမျိုးသားရေးမူဝါဒ သုံးတိုင်းသုံးတိုင်း ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးတွေမှာ -----

**ဥက္ကဋ္ဌ**။ ။ ဦးဗညားအောင်မိုး ဒီကိစ္စဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ခွင့်ပြု ထားတဲ့ ကိစ္စဖြစ်ပါတယ်။ ကျဉ်းမြောင်းတဲ့ လူမျိုးစွဲဝါဒမဟုတ်ပါဘူး။

**ဒေါက်တာဗညားအောင်မိုးနှင်း(ပြည်နယ်မဲဆန္ဒနယ်အမှတ်၇)။** ။ဟုတ်ကဲ့ကျေးဇူးတင်ပါတယ်။ နောက်ပြီးတော့ ကျွန်တော် တို့ ဒီကနေ့ ငြိမ်းချမ်းရေးကို တည်ဆောက်တဲ့နေရာမှာ ကျွန်တော်တို့ ကနေပြီးတော့ အခြားတစ်ဖက်ကို ကျဉ်းမြောင်းတဲ့ အမျိုးသားရေးအမြင်ရှိတယ်လို့ မသတ်မှတ် ပါနဲ့။ နောက်အခြားတစ်ဖက်ကလည်း ကျွန်တော်တို့ဘက်ကို မဟာလူမျိုးရေးဝါဒ ရှိပါတယ်။ စွဲကိုင်ထားပါတယ်ဆိုတာလည်း မသတ်မှတ်သင့်ပါဘူး။ အဲဒီလို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားတယ်ဆိုရင် ကျွန်တော်တို့ တစ်ဖက်နဲ့တစ်ဖ က် ညှိနှိုင်းဆွေးနွေးတဲ့အခါမှာ အခက်အခဲရှိမယ် ။ အဲတော့ ကျွန်တော်အနေနဲ့ ဆွေနွေးတ င်ပြချင်တာကတော့ ကျွန်တော်တို့ အဖက်ဖ က်ကနေပြီးတော့ အစွန်းရောက်တဲ့ အယူအဆတွေကို ပယ်ပြီးတော့ ညှိနှိုင်းဖို့ ဆွေးနွေးဖို့ ပြောဆိုဆက်ဆံတဲ့ နေရာမှာ သုံးနှုန်းတာက အစ ချင့်ချင့်ချိန်ချိန် ထိန်း ထိန်းသိမ်းသိမ်းရှိဖို့ ဒါကို ကျွန်တော် ဆွေးနွေးတင်ပြချင်တယ်။ နောက်တစ်ခုက ကျွန်တော်တို့ ထာဝရ ငြိမ်းချမ်းရေးရရှိဖို့အတွက် ဆိုတာ ယခု ကျွန်တော်တို့ဖွဲ့မယ့် ကော်မတီဆို အင်မတန်မှ အဆင့်မြင့်တဲ့ ကော်မတီတစ်ခု ဖြစ်ပါတယ်။ ဒါကမ္ဘာနဲ့ဆို ရင်တော့ ကုလသမဂ္ဂ ကနေပြီးတော့ ဒါကျွန်တော်တို့ တိုင်းပြည်အတွက် တော့ ဆိုလိုတာမဟုတ်ဘူး။ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းရေးကော်မတီ အဲဒီလို ပုံစံမျိုး။ ဒါကျွန်တော်တို့ ပြည်တွင်းမှာ ကျွန်တော်တို့ရဲ့ လွှတ်တော်၊ ကျွန်တော်တို့ရဲ့ အစိုးရ၊ ကျွန်တော်တို့ရဲ့နိုင်ငံရေးပါတီအားလုံး ကျွန်တော်တို့ရဲ့ပြည်သူအားလုံးကနေပြီးတော့ ပါဝင်ပေးပြီးတော့ ထာဝရငြိမ်းချမ်းရေးဖြစ်အောင် ထိန်းသိမ်းနိုင်အောင် ဒီကော်မတီကို ဖွဲ့ဖို့ဆိုတာ အင်မတန် အရေးကြီးပါတယ်။ ဒီကော်မတီဟာ တက ယ့်ကို သြဇာတိက္ကမလည်း ရှိဖို့လိုတယ်။ တကယ် ကို လုပ်ပိုင်ခွင့်ရှိဖို့လည်းလိုတယ်။ အဲ ဒီတော့ ဒါကိုအလေးအနက်ထားပြီးတော့ ဒီကော်မတီကို ဖွဲ့စည်း ပြီးတော့ ထာဝရငြိ မ်းချမ်းရေး တည်ငြိမ်မှုရအောင် လုပ်ကြပါလို့ ပြောဆိုထောက်ခံပြီး နိဂုံးချုပ် လိုက်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးထွန်းလွင် တင်သွင်းတဲ့ မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှုတည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတစ်ရပ် ဖွဲ့စည်းရေး အဆိုကို အတည်ပြုရန် သဘောတူ /မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊

နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တပ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။ ယခုသဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့နေရာအတွင်းမှာ မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။ အားလုံးထိုင်နိုင်ပါပြီ။ မတ်တတ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးရေဟာ ၄၀ ဦးနှင့်အထက်ရှိတဲ့အတွက် ဦးထွန်းလွင် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)၏ ပြည်ထောင်စုနှင့် ပြည်နယ်တိုင်းအစိုးရအဖွဲ့များရက်(၁၀၀)ကျော်ကာလအတွင်း ဆောင်ရွက်ချက်များကို လွှတ်တော်က ချီးကျူးမှတ်တမ်းတင်ပေးပါရန် အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊၁၅း၃၅။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးတင်မောင်ဝင်း တင်သွင်းထားသည့် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်း အစိုးရအဖွဲ့များ ရက်(၁၀၀)ကျော်ကာလအတွင်း ဆောင်ရွက်ချက်များကို လွှတ်တော် က ချီးကျူးမှတ်တမ်းတင်ပေးပါရန် အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။

**အချိန်၊ ၁၅း၃၅။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၃၅။**

**ဦးခင်မောင်ဌေး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ် တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး ပဲ ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း တင်သွင်းသွားတဲ့ ပြည်ထောင်စုနှင့် ပြည်နယ်တိုင်းဒေသကြီး အ စိုးရအဖွဲ့များရဲ့

ရက်(၁၀၀)ကျော်ကာလအတွင်း ဆောင်ရွက်ချက်များကို လွှတ်တော်က ချီးကျူးမှတ်တမ်းတင်ပေးပါရန် တင်သွင်းသောအဆိုကို ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ထောက်ခံ ဆွေးနွေးတင်ပြချက်ထဲမှာ ကိန်းဂဏန်း၊ အချက်အလက်များပါဝင်တဲ့အတွက် ဖတ်ကြားခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးခင်မောင်ဌေး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်တိုင်းအစိုးရအဖွဲ့များသည် အများပြည်သူရဲ့ အကျိုးစီးပွားအတွက် အုပ်ချုပ်ရေးလုပ်ငန်းအ ၀၀ကို စီမံဆောင်ရွက်ခဲ့ရာမှာ အချိန်တိုကာလအတွင်း ထင်သာမြင်သာသော ရလ ဒ်ကောင်းများရရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ စီးပွားဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သည့်လုပ်ငန်းများကို လေ့လာကြည့်မယ်ဆိုပ ါက မြန်မာနိုင်ငံရဲ့ လူဦးရေ ၇၀ရာခိုင်နှုန်း ကျော်ရှိတဲ့ တောင်သူလယ်သမားများနဲ့ ပတ်သက်တဲ့ဆောင်ရွက်ချက်များကို တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်းပဲ စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့အားလျော် စွာ စိုက်ပျိုးရေးလုပ်ငန်းများဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံတော်အစိုးရအနေနဲ့ ယခင် စပါးတစ်ဧက ချေးငွေ ၂၀၀၀၀ ကျပ် ထုတ်ချေးပေးနေရာကနေ၊ ယခုအခါ စပါးတစ်ဧက ချေးငွေ ၄၀၀၀၀ ကျပ် ထုတ်ချေးပေးလျက်ရှိပြီး သမဝါယမဝန်ကြီးဌာန အစီအစဉ်ဖြင့် လယ်ယာကုန်ထုတ် နှင့် လက်လုပ်လက်စား ငွေစုငွေချေးအသင်း၊ စိုက်ပျိုးရေး ထုတ်လုပ်မှု သမဝါယမအသင်းများမှတစ်ဆင့် တောင် သူဦးကြီးများသို့ သီးခြားပံ့ပိုး ထုတ်ပေးလျက် ရှိနေတာကိုလည်း တွေ့ရှိနေရပြီ ဖြစ်ပါသည်။ ဆန်စပါး အထူးပြုကုမ္ပဏီများ၊ ပဲမျိုးစုံအထူးပြု ကုမ္ပဏီများကလည်း တောင်သူများ လိုအပ်တဲ့ စိုက်ပျိုးစရိတ်၊ ရိတ်သိမ်းစရိတ်၊ မျိုး၊ သွင်းအားစုနဲ့ လယ်ယာသုံး စက်ကိရိယာများကို ပံ့ပိုးထုတ်ပေးလျက်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သာ ဓကတစ်ခုကို ကြည့်မယ်ဆိုရင် နေပြည်တော် ကောင်စီနယ်မြေ၊ ရန်ကုန်၊ စစ်ကိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့မှာ ၂၀၁၁ -၂၀၁၂ စိုက်ပျိုး ရာသီအတွက် မြို့နယ် ၅၀ တွင်ရှိတဲ့ လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စား ငွေစုငွေချေးအသင်းပေါင်း၁၃၂၂ သင်း၊ အသင်းသားပေါင်း ၂၁၂၄၃ ဦး၊ စိုက်ဧကပေါင်း ၇၉၈၉၃ ဧကအတွက် ကျပ်သန်းပေါင်း ၃၅၇၀.၉ သန်း ပံ့ပိုးပေးခဲ့တာကို တွေ့ရှိရပါတယ်။

ဒါ့အပြင် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ ပြည်နယ်တိုင်းဒေသကြီး ၁၃ ခု၊ မြို့နယ် ၁၁၉ မြို့နယ်မှ အသင်း ၅၇၇သင်း၊ စိုက်ပျိုးဧက ၂၃၇၀၅၀ ဧကအတွက် စိုက်ပျိုးစရိတ်ပံ့ပိုးငွေ ကျပ်သန်းပေါင်း ၄၄၄၇.၅၄ သန်းကို ပံ့ပိုးပေးနိုင်ခဲ့တာကိုလည်းပဲ သိရှိခဲ့ရပြီး ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း စိုက်ပျိုးရေးအရ တွက်ခြေကိုက်မယ့် အထူးအထွက်တိုးမျိုးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ သိပ္ပံနည်းကျ စိုက်စနစ်များကို လေ့ကျင့်ပညာပေးခြင်း၊ သုတေသနလုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းစတဲ့လုပ်ငန်းများဖြင့် နိုင်ငံတော်အတွင်းမှာ ရှိနေကြတဲ့ တောင်သူလယ်သမားများအား တိုးတက်လုပ်ဆောင်နိုင်ရန် လယ်ယာနှင့်ဆည်မြောင်း ဝန်ကြီးကိုယ်တိုင် နေပြည်တော်မှာရှိတဲ့ စံပြစိုက်ခင်းများဖြင့် နည်းပညာပေး၊ ပြသဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယ ခုအခါ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက် ထုတ်လုပ်နိုင်စေရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပို့ကုန်တိုးမြှင့်နိုင်စေရန်နှင့် နိုင်ငံတကာဈေး ကွက်မှာ ဈေးနှုန်းအရ ပြိုင်ဆိုင်လာနိုင်စေရန် ရည်ရွယ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာအမှတ်၊ ၃၂/၂၀၁၁ကို ၂၀၁၁ ခုနှစ် ၊ ဩဂုတ်လ ၁၁ ရက်နေ့ နေ့စွဲဖြင့် ပြည်ပပို့ကုန် အမျိုးအစား ၇ မျိုးဖြစ်တဲ့ ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရာဘာ၊ ရေချို ရေငန် ရေထွက်ပစ္စည်း၊ တိရစ္ဆာန် ထွက်ပစ္စည်းများကို ကုန်သွယ် လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုသည့် အမိန့်ကြော်ငြာစာကိုလည်းပဲ ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေနဲ့လည်း အမိန့်ကြော်ငြာစာအမှတ်၊ (၁၀၈/၂၀၁၁) ဖြင့် ကုန်ပစ္စည်းများ ပြည်ပသို့တင်ပို့ရောင်းချပါက ရောင်းရငွေ ပေါ်မှာ ကုန်သွယ်လုပ်ငန်းခွန် ၈ ရာခိုင်နှုန်းကို ရရှိသည့် နိုင်ငံခြားငွေဖြင့် ‚ ပေးဆောင်ရန် သတ်မှတ်ပေးခြင်းအစား ဇူလိုင်လ(၁)ရက်နေ့ မှစပြီး ၅ရာခိုင်နှုန်းသာ ပေးဆောင်ရန်လည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ်၊ (၁၄၂/၂၀၁၁)ဖြင့် ကုန်စည်တစ်မျိုးမျိုးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ထိုင်း နိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်မှုတို့မှာ ကျပ်ငွေဖြင့် ပို့ကုန်ရောင်း ရ ငွေရရှိပါက ယင်းရသောငွေ၏ စုစုပေါ င်း ၈ ရာခိုင်နှုန်း ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ကျပ်ငွေဖြင့် ပေးဆောင်ရန် သတ်မှတ်ခြင်းအစား ဩဂုတ်လ (၁၅)ရက်နေ့ ကစပြီး ၅ ရာခိုင်နှုန်းသာ ပေးဆော င်ရန် လျှော့ပေါ့သတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရသည် နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် အမြဲမပြတ် လေ့လာ

စောင့်ကြည့် သုံးသပ်ပြီး ဆောင်ရွက်ပေးလျက် ရှိနေရာမှာ ယခုအခါ ပြည်ပပို့ကုန် အမျိုးအစား ၇ မျိုး၏ ကုန်သွယ်လုပ်ငန်းခွန် ကင်း လွတ်ခွင့်ပြုခဲ့ခြင်းကြောင့် တောင်သူလယ်သမားများ ၊ ရာဘာစိုက်ပျိုးထုတ်လုပ်သူများ၊ ရေလုပ်ငန်းသမားများ၊ မွေးမြူရေးလုပ်ငန်းသမားများ အပါအဝင် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအတွက် များစွာအကျိုး ဖြစ်ထွန်းလာတော့မှာ ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအစိုးရအနေနဲ့ ပညာရေးကဏ္ဍ၊ ကျန်း မာရေးကဏ္ဍ ကြိုးပမ်းဆောင်ရွက်ချက်တွေကို ကြည့်မယ်ဆိုရင်လည်း မူလတန်းပညာအခမဲ့ သင်ယူနိုင်ရေး အပြင်၊ ကျောင်းသုံးစာအုပ်များကိုလည်း အခမဲ့ ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် ကျန်းမာရေးကဏ္ဍနဲ့ပတ်သက်ပြီးလည်းပြည်သူလူထုအပေါ် ကျန်းမာရေးစောင့်ရှောက်မှုမြင့်တင်ရန် နှင့် ရောဂါဘယများ ကြိုတင် ကာကွယ်ရန် ကျန်းမာရေးဌာနနဲ့ အသိပညာရှင်များ ပူးပေါ င်းပြီး အလုပ်ရုံဆွေးနွေးပွဲများကျင်းပအဖြေရှာနေကြတာကိုလည်းသတင်းစာရေဒီယို၊ ရုပ်မြ င်သံကြားမှာ အထင်အရှား တွေ့မြင်ရလျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ မြင့်မားလာတဲ့ ကုန်စျေးနှုန်းများ နဲ့ လိုက်လျောညီထွေဖြစ်စေရန် နိုင်ငံတော်အတွင်းမှာရှိတဲ့ နိုင်ငံ့ဝန်ထမ်း ၄၈၀၀၀၀ ကျော်ကိုလည်း ပင်စင်လစာများ တိုးမြှင့်ခံစားခွင့်ပေးခဲ့တဲ့အတွက် အငြိမ်းစားဝန်ထမ်းများ ဘဝလုံခြုံမှုကိုလည်းပဲ စောင့်ရှောက်မြှင့်တင် ပေးနိုင်ခဲ့ပါတယ်။ နိုင်ငံသားများအတွက် နိုင်ငံသားစိစစ်ရေးကတ်ရရှိရေး ကိစ္စကိုလည်းပဲ ဖြေလျော့သည့်နည်းဖြင့် ငွေမကုန် အချိန်မကုန်စေပဲ မှန်ကန်မှု၊ အဆင်ပြေမှု ရှိအောင် အောက်ခြေဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီးအဆင့်မှ နယ်လှည့်ကြပ်မတ်ဆောင်ရွက် ပေးတာကိုလည်းပဲ တွေ့မြင်နေရပြီ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်းပဲ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ ချရေးလုပ်ငန်းစဉ်ကြီး(၈)ရပ်ကို ချမှတ်ပြီး တိုင်းနဲ့ပြည်နယ် ဒေသအနှံ့မှာ စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးတဲ့ လက်လုပ်လက်စားများ အတွက် အဆင်ပြေစေရန် အသေးစား ငွေစုငွေချေးအသင်းများ ဖွဲ့စည်းပြီး ငွေ များထုတ်ချေး ပေးလျက် ရှိနေပြီဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်တည်ငြိမ် အေးချမ်းမှုနဲ့ ပတ်သက်ပြီး နိုင်ငံတော်သမ္မတကြီးက ငြိမ်းချမ်းရေး တံခါးကို အမြဲဖွင့်ထားကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေး လိုပါက သက်ဆိုင်ရာဒေသ အာဏာပိုင် အဖွဲ့များနှင့် အချိန်မရွေး လက်ခံတွေ့ဆုံနိုင်ကြောင်း ပြောကြားခဲ့ပါတယ်။ သမ္မတကြီး ပြောကြားထား သလို မတူညီသော အမြင်ရှိသော်လည်းပဲ

တိုင်းရင်းသားအားလုံးနဲ့ သက် ဆိုင်တဲ့ ဘုံအကျိုးစီးပွား သို့မဟုတ် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရာမှာ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါကြောင်းနဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေအတွင်းမှ ဒီမိုကရေစီကျင့်စဥ်နဲ့အညီ ရွေးကောက်ပွဲ ဝင်ယှဥ်ပြိုင်ပြီး လုပ်ပိုင်ခွင့်ကို တရားနည်း လမ်းတကျ ရယူဖို့လည်း တိုက်တွန်းထားပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး ပြည်နယ် ဝန်ကြီးချုပ်များ ဦးဆောင်တဲ့ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များသည် စတင်တာဝန်ထမ်းဆောင်သည့် ရက်ပေါင်း ၁၀၀ ကျော် ကာလ အတွင်းမှာ ပြည်သူများရဲ့ လူမှုစီးပွားရေးဘဝ ဘက်စုံဖွံ့ဖြိုးလာရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေး စနစ်ဖြစ်ထွန်းလာရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရရှိရေးတို့ကို မြင်သာထင်သာသော ဆောင်ရွက်ချက်များဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ တိုတောင်းလှတဲ့ အချိန်ကာလအတွင်းမှာ အောင်မြင်မှုရရှိနေကြောင်းကို တွေ့ရှိနေကြရပြီ ဖြစ်ပါတယ်။ နောင်အနာဂတ်ကာလမှာလည်း အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကာ ပြည်သူများက လိုလားတောင့်တတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုတို့ကို ဆော လျင်စွာရရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့ များရဲ့ ရက် ၁၀၀ ကျော် ကာလအတွင်း ဆောင်ရွက်ချက်များကို လွှတ်တော် က ချီးကျူးမှတ်တမ်းတင် ပေးပါရန် အဆိုကို လှိုက်လှို က်လှဲလှဲ ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅:၄၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါက်တာ ဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅:၄၅။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားရ ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွကြွရောက်လာတဲ့ ဧည့်သည်တော်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊လွှတ်တော်ကိုယ်စားလှယ်များတို့ကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော် ကတော့ မွန်ပြည်နယ်အမှတ်(၇)မဲဆန္ဒနယ်မြေရေးမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ အခု ကျွန်တော့်အနေနဲ့ မန္တလေးတိုင်း မဲဆန္ဒနယ်

အမှတ်(၃)မှ ဦးတင်မော င်ဝင်း တင်ပြတဲ့ ပြည်ထောင်စုနှင့် ပြည်နယ်တိုင်းအစိုးရအဖွဲ့များရဲ့ ရက်(၁၀၀)ကျော်ကာလအတွင်း ဆောင်ရွက်ချ က်များကို ချီးကျူးမှတ်တမ်းတင် ပါရန် ဆိုတဲ့ အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တင်ပြတဲ့ အောင်မြင်တဲ့ အချက်အလက်တွေထဲမှာ အချို့ကို ကျွန်တော် ပြည်သူနဲ့ တွေ့ဆုံတဲ့နေရာမှာ တွေ့ရတဲ့ အချက်အလက်တွေနဲ့ ပြန်လည်ပြီးတော့ ထောက်ပြချင်ပါတယ်။ ဥပမာ - ကျွန်တော်တို့ စိုက်ပျိုးရေးချေးငွေကိစ္စဆိုရင် ကျွန်တော်တို့တွေ့ရတဲ့ တောင်သူလယ်သမားတွေဟာ အစိုးရ ထုတ်ပေးတဲ့ စိုက်ပျိုးရေးချေး ငွေကနည်းတယ်။ အတိုးကြီးတယ်လို့ ပြောတယ်။ နော က်ပြီးတော့ ပြန်ဆပ်တဲ့အခါမှာ ၇ ရာခိုင်နှုန်းကို စုငွေအဖြစ်နဲ့ ပြန်သွင်းရတယ်။ သွင်းထားတဲ့စုငွေတွေ ပြန်ထုတ်လို့ မရဘူး။ အဲဒီလို ပြဿနာတွေ အများကြီးရှိပါတယ်။ ဒီကနေ့ ဒါကို ကျွန်တော်တို့ ကုစားလို့ မကုန်သေးပါဘူး။ ဒါပေမဲ့ အခြားဌာနတွေလည်း ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ အခြားပြည်ထောင်စု ဝန်ကြီးဌာနတွေမှာ လုပ်တာကိုင် တာကအစ ပြောင်းလဲမှုတိုးတက်မှုဆိုတာ ကျွန်တော့် အနေနဲ့ ဒီလွှတ်တော်ရေးရာ ကော်မတီမှာ ကတိ ၊ ကဝတ်နဲ့ အာမခံချက် တာဝန်ခံချက်ကို စိစစ်ရေးကော်မတီမှာ ကျွန်တော်တို့ စဉ်းစားပါတယ်။ သိပ်ပြီးတော့ မယ်မယ်ရရ တိတိကျကျ ပြလို့မရ သေးဘူး။ ဘာလဲဆိုတော့ ရ က်(၁၀၀)ဆိုတဲ့ အစိုးရရဲ့ သက်တမ်းဟာ အင်မတန်ငယ်သေးတယ်။ နိုင် ငံတကာမှာဆိုတာတောင်မှ ဒီမိုကရေစီ ထွန်းကား နေတဲ့ နိုင်ငံဆိုတာတောင်မှ အတိုက်အခံရှိတဲ့ နိုင်ငံတောင် မှ အနည်းဆုံး ၆ လတော့ အချိန် ပေးပြီးတော့မှ အတိုက်အခံ ကနေပြီးတော့ အစိုးရကို ဝေဖန်တယ်။ ထောက်ပြတယ်။ ကောင်းတယ်ဆိုရင်ကောင်းတယ်။ အစိုး ရအနေနဲ့ကလည်း ၆ လ ၁ နှစ်ကြာမှ လွှတ်တော်မှာ အစိုးရရဲ့ လုပ်ငန်းအောင်မြင်ချက်၊ ဆုံးရှုံးချက်၊ အစီရင်ခံတ ယ်။ အခု ကျွန်တော်တို့ ဒီရက် ၁၀၀ အတွင်းမှာ ဒီအစိုးရကို ချီးကျူးပြီးတော့ မှတ်တမ်းတင်ဖို့ဆိုတာ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ အများကြီး စဉ်းစားဖို့သင့်ပါတယ်။နောက်တစ်ချက်က ဘာလဲဆိုတော့ ချီးကျူးတယ်။ အရင်တုန်းက လွန်ခဲ့တဲ့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ခေတ်တုန်းက ပြည်သူ့လွှတ်တော်ဆိုရင် တစ်ခါတည်း ဘယ်လိုအခြေအနေ ဘယ်လိုအချက်အလက်လည်းတော့ မသိဘူးပေါ့။ ဟိုမှာက တစ်ပါတီ စနစ်၊ အခုနဲ့မတူဘူး။ အဲ ဒီတော့ အစိုးရကိုထောက်ခံမယ်နော် ။ နောက် ပြီးတော့ လွှတ်တော်အနေနဲ့က ဆန့်ကျင်ဖက်ပဲဖြစ်ဖြစ်၊ အ မြင်မတူတာပဲဖြစ်ဖြစ် ကန့်ကွက်တယ်။ ရှုတ်ချတယ်။ လွှတ်တော်က အဲဒီလိုလုပ်ကြတယ်။ အဲ ဒီလိုလုပ်တာဟာ ဒါဟာ ကျွန်တော်တို့ အခုပါတီစုံဒီမိုကရေစီစနစ်ပုံစံနဲ့

မကိုက်ဘူးလို့ ကျွန်တော်ထင်တယ်။ ကျွန်တော်တို့ ကျင့်သုံးနေတဲ့ အခု ဒီမိုကရေစီဟာ လွှတ်တော်ကို ဥပဒေပြုအဖွဲ့အစည်း၊ အစိုးရဟာ အုပ်ချုပ်ရေးအဖွဲ့အစည်း ၊ တရားရေး တရားရုံးဟာ တရားစီရင်ရေး အဖွဲ့အစည်း အဲ ဒီလို ကျွန်တော်တို့ အာဏာကို ခွဲ ဝေပြီးတော့ ကျွန်တော်တို့ ထိန်းကျောင်းပြီးတော့ လုပ်ရမယ့်ဟာ ကျွန်တော်တို့ လွှတ်တော်ဟာ အစိုးရအတွက် ဂါဒဖြန့်ဖို့ဆိုတဲ့ Institution မဖြစ်သွားဖို့ ကျွန်တော်တို့ အများကြီး အလေးအနက်ထားဖို့ လိုမယ်လို့ ကျွန်တော်ထင်တယ်။ ဒါ ကြောင့် ကျွန်တော့်အနေနဲ့ မြင်တာကတော့ လွှတ်တော် အနေနဲ့ အဲဒီလို မလုပ်သင့် ဘူး။ နောက်တစ်ခု ဘာလဲ ဆိုတော့ ကျွ န်တော်တို့ ဒီမိုကရေစီ နည်းကျကျ၊ ကျွန်တော် တို့ အစိုးရ ၆ လ ပြည့်တဲ့ အခါပဲ ဖြစ်ဖြစ် ၁နှစ်ပြည့်တဲ့ အခါပဲဖြစ်ဖြစ် လွှတ်တော်ကို ဘယ်လောက်အောင်မြင်မှုရှိတယ် ။ လုပ်ခဲ့တာ ဘယ်လောက်ကောင်းတယ်။ ဘယ်လောက်မကောင်းဘူး။ ဒါကို အစီရင်ခံဖို့ ဒီလိုအစဉ်အလာမျိုး လုပ်ပေးတယ်။ နောက်ပြီး တော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက မှန်တာရှိရင် ထောက်ခံမယ်။ ချီးမွမ်း မယ်။ မှားတာရှိရင် ထောက်ပြမယ်။ ဝေဖန်မယ်။ အဲဒီလို အစဉ်အလာမျိုး တည်ဆောက်တာက ပိုကောင်းမယ်လို့ ကျွန်တော်မြင်တယ်။ နောက်တစ်ချက်က ဘာလဲဆိုတော့ ကျွန်တော့်အနေနဲ့ က ပုဂ္ဂိုလ်အရပြောမယ်ဆိုရင် ကျွန်တော်တို့ အခု နိုင်ငံတော်သမ္မတ ရက် ၁၀၀ ကျော်ကျော် ကလေးမှာ ဆောင်ရွက်သွားတာ ပုဂ္ဂို လ်အနေနဲ့ ဒါ လွှတ်တော် အနေနဲ့လည်းမဟုတ်ဘူး။ ပါတီ အနေနဲ့လည်းမဟုတ်ဘူး။ ကျွ န်တော် ပုဂ္ဂိုလ်အနေနဲ့ အထူးပဲ ထောက်ခံပါတယ်။ ဝမ်းလည်း သာပါတယ်။ ဘာလဲဆိုတော့ အခု ကျွန်တော့်အနေနဲ့ မမျှော်လင့်ပါဘူး။ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ကိစ္စဟာ တိုင်းရင်းသား၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ ပတ်သက်တဲ့ ကိစ္စကို ကျွန်တော်ပထမလွှတ်တော်မှာ တင်တယ်။ ၉၀ ခုနှစ် ရွေးကောက်ပွဲရဲ့ အတိုက်အခံတွေနဲ့ ပတ်သက်ပြီးတော့ ညှိနှိုင်းတွေ့ ဆုံဖို့ဆိုတာ လွှတ်တော်ရုံးမှာကို က ကျွန်တော် အပယ်ခံရတယ်။ နောက်ပြီးတော့ လက်နက်ကိုင် အဖွဲ့အစည်းနဲ့ အပစ်အခတ်ရပ်စဲရေးကိစ္စကို ပြည်ထောင်စု လွှတ်တော်မှာ ကျွန်တော်တင်ခွင့်ရပြီး တော့ ဆွေးနွေးခွင့် မရခဲ့ဘူး။ အပိတ် ခံရတယ်။ ဒါပေမဲ့ ဒီကနေ့ အဲဒီလွှတ်တော်ပြီးတဲ့နောက်ပိုင်း ကျွန်တော်တို့ရဲ့ နိုင်ငံတော်သမ္မတဟာ အဲဒီ အတိုက်အခံနဲ့လည်းတွေ့၊ လက်နက်ကိုင် အဖွဲ့အစည်းကိုလည်း ဖိတ်ခေါ် -----

**ဥက္ကဋ္ဌ။** ။ လွှတ်တော်မှာဥက္ကဋ္ဌ ရဲ့ ပယ်တဲ့ ကိစ္စကို ဝေဖန်ဆွေးနွေးခွင့်မရှိဘူး။ ဟုတ်ပြီနော်။ မိုက်ပြန်တောင်းပါ။

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ ဟုတ်ကဲ့။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ ရဲ့ သမ္မတကို အပြည့်အ ဝထောက်ခံတယ်။ ချီးမွ မ်းတယ်။ သမ္မတရဲ့ ဦးဆောင်မှုနဲ့ ဒီကနေ့ စီးပွားရေးပိုင်း၊ ငွေကြေးပိုင်း၊ ဒီမိုကရေစီအပိုင်း၊ လယ်ယာမြေအပိုင်း၊ ဒီ ကနေ့ ဒီလွှတ်တော်မှာ ပြည်ထောင်စုလွှတ်တော် မှာ ကျွန်တော်တို့ သမ္မတပြောသွားတဲ့ မိန့်ခွန်းကို ပြန်လည်သုံးသပ်တဲ့ နေရာမှာလည်း အင်မတန်မှ ကျေနပ်အားရ စရာကောင်းပါတယ်။ ဒါပေမယ့် ဒီကနေ့ ကျွန်တော်တို့ ဒီခေါင်းစဉ်အရ ဆိုရင် ပြည်ထောင်စုနဲ့ ပြည်နယ်တိုင်းအစိုးရအဖွဲ့များ ရ က် ၁၀၀ ကျော်ကာလအတွင်း ဆောင်ရွက်ချက်များကို လွှတ်တော်က ချီးကျူးမှတ်တမ်း တင်ပါရန်ဆိုတာ အဲဒီတော့ ပြည်နယ်တိုင်းအစိုးရဆိုတာ ဘာမှလည်း ကျွန်တော်တို့ သိပ်မသိရသေးဘူး။ ဘယ်လောက် လုပ်ဖြစ်ပြီးလည်း မသိရဘူး။ အဲဒါကြောင့် ကျွန်တော်ကတော့ ဒီ အဆိုကို ဒီလွှတ်တော်မှာ ချီးကျူး မှတ်တမ်းတင်ရန်ဆိုတဲ့ အဆိုကို ကျွန်တော် ကန့်ကွက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၅၅**။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၅၅**။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဖြစ်ပါတယ်။ ဒီပြည်ထောင်စုအစိုးရအဖွဲ့များရဲ့ ရက် ၁၀၀ ကျော်ကာလအတွင်း ဆောင်ရွက်ချက်များနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အမြင်မှာတော့ ချီးကျူးထိုက်တယ်လို့ မြင်ပါတယ်။ နိုင်ငံတော် သမ္မတကြီးရဲ့ မိန့်ခွန်းတွေလည်း ကြားရတယ်။ ပြီးတော့ သတင်းစာတွေ၊ မီဒီယာတွေမှာလည်း တော်တော်လေးအစိုးရရဲ့ ဆောင်ရွက်ချက်တွေကို တွေ့တဲ့အချိန်မှာ ကျွန်တော့အမြင်မှာတော့ ရက် (၁၀၀)ကျော်ကာလ အတွင်းမှာ မဆိုးဘူးလို့ မြင်တယ်။ အဲဒါကြောင့် ကျွန်တော်ချီးကျူးထိုက်တယ်လို့ မြင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့သော် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများနဲ့ လွှတ်တော်များရဲ့ ရက် (၁၀၀)ကျော် ကာလအတွင်း

ဆောင်ရွက်ချက်များနဲ့ ပတ်သက်ပြီး တော့ အပြုသဘောဆောင် ဆွေးနွေးလို ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများနဲ့ လွှတ်တော်များသည် ဥက္ကဋ္ဌကြီး ဖတ်ခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ယင်းသို့ အခြေခံဥပဒေဖော လွှဲအပ်တဲ့ လုပ်ပိုင် ခွင့်များမှာ အခြေခံဥပဒေဇယား (၂)အတိုင်းဖြစ်ပြီး ၎င်းကဏ္ဍများတွင် ပြည်ထောင်စုအစိုးရ၏ လုပ်ပိုင်ခွင့်မရှိတော့သည်ကို သဘောပေါက်သင့်ပါသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများသည် နိုင်ငံတော်သမ္မတကို တိုက်ရိုက် တာဝန်ခံရတဲ့ အဖွဲ့အစည်းများ ဖြစ်တဲ့အတွက်ကြောင့် ပြည်ထောင်စုအစိုးရရဲ့ လက်အောက်ခံအဖွဲ့အစည်းများ လည်းမဟုတ်ပါဘူး။ ဒါ့ကြောင့် ဒီပြ ည်ထောင်စုအစိုးရသည်လည်း ဇယား (၂)မှာပါတဲ့ ဒီဌာန ဆိုင်ရာနဲ့ ဝန်ထမ်းများကိုလည်း ပြည်နယ်အစိုးရထံသို့ လွှဲပြောင်းပေးဖို့ သင့်နေပြီလို့ ကျွန် တော် မြင်ပါတယ်။ သူတို့လုပ်ပိုင်ခွင့်ရှိတဲ့အရာတွေမှာ စည်ပ င်သာယာရေးတို့ ဌာနရဲ့ တိတိ ကျကျ ဇယားတွေမှာ တွေ့ရပါတယ်။ ဇယား (၂)ပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးလိုက်တဲ့ ကိစ္စရပ်အတွက် ဒီပြည်ထောင်စုအစိုးရရဲ့ လုပ်ပိုင်ခွင့်သဖွယ် ရေးသားပြဋ္ဌာန်းတဲ့ တည်ဆဲ ဥပဒေများကိုလည်း ပယ်ဖျက်သင့်နေပြီ ဖြစ်ပါသည်။ ၎င်း အတွက် ဒီတိုင်းဒေသကြီးနဲ့ ပြည်နယ် များက ဥပဒေပြုသင့်နေပြီလို့ ကျွန်တော် မြင်ပါတယ်။ တိုင်း ဒေသကြီးနဲ့ ပြည်နယ် အစိုးရနှင့် ဝန်ကြီးဌာနများက သူတို့ ဥပဒေကို ပြုပြီးတော့ လွှတ်တော်မှာ တင်ပြပြီးတော့ လွှတ်တော်က ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေလည်း တစ်ခုမှ မတွေ့ ရသေးပါဘူး။ ဒီလောလောဆယ်မှာ သူတို့ ဥပဒေမဲ့ အုပ်ချုပ်နေတဲ့ သဘောလို့ ကျွန်တော် မြင်ပါတယ်။ ဒါကြောင့် ဒီတိုင်း ဒေသကြီးနဲ့ ပြည်နယ်အစိုးရများနှင့် သူတို့ အုပ်ချုပ်ရေးစနစ်သစ်ပေါ့။ အသက် ဝင်ရေးအတွက် အခြေခံ ဥပဒေနဲ့အညီ စတင်ဆောင်ရွက် သင့်နေပြီဖြစ်ကြောင်းအပြုသဘောဆွေးနွေးရင်းနဲ့ ပြည်ထောင်စုနဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီးများအစိုးရ ရက်(၁၀၀)ကျော်ကာလအတွင်း ဆောင်ရွက်ချက်များကို လွှတ်တော်က ဘယ်လိုပဲ ဖြစ်ဖြစ် ချီးကျူးမှတ်တမ်းတင် သင့်ပါတယ်လို့ ထောက်ခံဆွေးနွေး ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၆း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အချိန်လေးနာရီ ထိုးပေမယ့် မူလလျာထားတဲ့ အစီအစဉ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ခွ င့်ပြုဖို့ တင်ပြ ပါတယ်။ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးတင်မောင်ဝင်း တင် သွင်းတဲ့ ပြည်ထောင်စုနဲ့ ပြည်နယ် /တိုင်း အစိုးရအဖွဲ့ များ ရက် ၁၀၀ ကျော် ကာလအတွင်း ဆောင်ရွက်ချက်များကို လွှတ်တော်က ချီးကျူးမှတ်တမ်းတင်ပေးပါရန် အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါ မယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲ ပေးခြင်းကို အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေ ခွဲငယ်(၃) အရ မတ်တတ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူမှာဖြစ်ပါ တယ်။ ယခု သဘောတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များဟာ မိမိတို့နေရာများ မှာ မတ် တတ် ရပ်ပြဖို့ ဖြစ်ပါတ ယ်။ ထိုင်နိုင်ပါပြီ။ မတ်တတ် ရပ်ပြတဲ့ လွှတ်တော် ကိုယ်စားလှယ် ဦးရေဟာ (၄၀)ဦးနဲ့အထက် ရှိတဲ့အတွက် ဦးတင် မောင်ဝင်း ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)၏ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေများမှ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နှင့် တောင်သူလယ်သမားများ လယ်ယာမြေလုပ်ပိုင်ခွင့် မဆုံးရှုံးစေရေး၊ လုံခြုံမှုအပြည့်အဝပေးနိုင်ရေး၊ စိုက်ပျိုးပြီး ထွက်ရှိလာသည့် သီးနှံများဈေးနှိမ်မခံရရေးနှင့် ဈေးကွက်ရ ရှိရေးစသည်တို့ ပါဝင်သည့် ဥပဒေအသစ်တစ်ခုရေးဆွဲပြီး ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေ၊ ၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်သည့်ဥပဒေများကို ဖျက်သိမ်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း နှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၆း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်း ဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၉)မှ ဦးသိန်းဝင်း တင်သွင်းထားတဲ့ လယ်ယာစိုက်ပျိုးရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေများမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ လယ်ယာမြေလုပ်ပိုင်ခွင့် မဆုံးရှုံးစေရေး၊ လုံခြုံမှုအပြည့်အဝပေးနိုင်ရေး၊ စိုက်ပျိုး ပြီးထွက်ရှိလာသည့် သီးနှံများ ဈေး နှိမ် မခံရရေးနှင့် ဈေးကွက်ရရှိရေး စသည်တို့ပါဝင်သည့် ဥပဒေအသစ်တစ်ခုရေးဆွဲပြီး ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေ၊ ၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေးကာကွယ်သည့် ဥပဒေများကို ဖျက်သိမ်းရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် ၄ ဦးက အမည် စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမှတ်ကြီး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၆း၀၁။**

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုး သားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမှတ်ကြီး ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) ဦးသိန်းဝင်း ရဲ့ အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ထောက်ခံချက်က ဒီအချက်(၄)ချက်နဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော်တို့ (က) အနေနဲ့ လယ်ယာမြေ ပိုင်ဆိုင်ခွင့်ဆိုတဲ့ အခြေအနေကို ဆွေးနွေး သွားမှာဖြစ်ပါတယ်။၁၉၅၃ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေမှာ လယ်ယာမြေ ကို ပေါင်နှံခြင်း ၊ ရောင်းချခြင်းနဲ့ အခြားနည်းနဲ့ လွှဲ ပြောင်းခြင်း ဒါမှမဟုတ် ခွဲစိတ် ခြင်းမပြုရဟု ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်က တောင်သူလယ်သမားတွေကို လယ် ယာမြေ ပိုင်ဆိုင်မှုကို မပေးခဲ့တဲ့အတွက် လယ်ယာမြေပိုင်ဆို င်မှုကို အသုံးချပြီးတော့ လွှဲပြောင်းပေါင်နှံ ရောင်းချခြင်း မပြုနိုင်တဲ့အတွက် ငွေရှင်ကြေးရှင်များ လက်ထဲသို့ မရော က်နိုင်တဲ့အတွက် အများစုဖြစ်တဲ့ တောင်သူလယ်သမားများ မြေ မဲ့ယာမဲ့ဘဝမရောက်အောင် တားဆီး ထားတဲ့ ဥပဒေတစ်ခု ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွ န်တော်တို့တစ်ဖက်က ပြန်ကြည့်မယ်ဆိုရင် လယ်ယာမြေကို လွယ်လွယ်ကူကူ ရောင်း ခွင့်၊ ပေါင်နှံခွင့်၊အငှားချထားခွင့်ပြုမယ်ဆိုရင်လည်း ဒီလိုစိတ်ကြိုက် ရောင်းချပေါင် နှံခွင့်ရှိတဲ့အတွက် အကြွေးနဲ့ လာသိမ်းနိုင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ အဖိုးတန်လယ်ယာမြေများ ဆုံးရှုံးနိုင်မှာဖြစ်ပါတယ်။ သို့သော်လည်းပဲ လက်ရှိ

အခြေအနေမှာတော့ လယ်ယာမြေတွေကို အရောင်းအဝယ်မပြု လုပ်ရဘူးဆိုတဲ့ ဥပဒေ ရှိသော်လည်းပဲ လူ့အဖွဲ့အစည်း၊ ကုမ္ပဏီများက အောက်ခြေ မှာ အရောင်းအဝယ်ပြုလုပ်နေကြောင်း ကျွန်တော်တို့ သိရှိရပါတ ယ်။ ဒါ့ကြောင့်မို့လို့ တောင်သူအများစုဟာ မိမိတို့လယ်ယာမြေများကို များသောအားဖြင့် ချစ်ခင်နှစ်သက်ခုံမင်ကြတဲ့ လူတွေဖြစ်တဲ့အတွက်ကြောင့်မို့ လို့ မရောင်းချလိုသော်လည်းပဲ လယ်ယာလုပ်ငန်း မှာ အရင်းအနှီး နည်းတဲ့လူတွေ၊ လယ်ယာလုပ်ငန်းမှာ အကျိုးအမြတ်မရှိလို့ လုံးချာ လိုက်နေတဲ့ လူများအတွက် မိမိတို့ လယ်ယာမြေကို ကာလပေါက်ဈေးနဲ့ ရောင်း ချနိုင်ခွင့်ရှိတဲ့ ဥပဒေမျိုး တစ် ခုပေါ်ပေါက် လာမယ်ဆိုရင် ဒါသူတို့အတွက် အကျိုးရှိလာနိုင်မယ့် အခြေ အနေမျိုး ရှိပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်နဲ့ တောင်သူ လယ်သမား လူပုဂ္ဂိုလ်အဖွဲ့အစည်းများ အတွက် အကျိုးရှိစေမယ့် ခေတ်ကာလနဲ့ လျော်ညီတဲ့ မြေယာဥပဒေတစ်ခုကို ပြန်လည်ပြီးတော့ရေးဆွဲမယ်ဆိုရင် ဒီအချက်ကလေးကိုလည်း ထည့်သွင်းပြီးတော့ စဥ်းစားဖို့ လိုအပ်မယ်ဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ကျွန်တော်တို့ ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပု ဒ်မ ၃၈(၁) မှာ နိုင်ငံတော်သမ္မတသည် ဒေသတစ်ခုတွင် သီး နှံအမျိုးအစားတစ်ခုခုကို စိုက်ပျိုး ခြင်းဖြင့် သော်လည်းကောင်း၊ ဒေသတစ်ခုတွင် လယ်ယာမြေကို သတ်မှတ်သော နည်းလမ်းအတိုင်း ကျင့်သုံးခြင်းဖြင့်သော်လည်းကောင်း၊ နိုင်ငံအတွက် ဖြစ်စေ၊ လယ်သမားအတွက်ဖြစ်စေ အကျိုး ဖြစ်ထွန်းစေရမည်ဟု ယူဆပြီးတော့ ထိုသီးနှံကို စိုက်ပျိုးစေရမယ်လို့ ကျွန်တော်တို့ ပြဌာန်းထား ပါတယ်။ အများစုကတော့ ကျွန်တော်တို့ တင်ပြနေတာကတော့ဖြင့် မိမိတို့ စိတ်ကြိုက်သီးနှံများကို စိုက်ခွင့်ပေးရမယ်လို့ ကျွန်တော်တို့ ဒါတချို့ပုဂ္ဂိုလ်များက တင်ပြနေကြပါတယ်။ အဲ ဒီတော့ ဒီကျွန်တော်တို့ တင်ပြချင်တာက ဘာလဲဆိုတော့ နိုင်ငံတော်မှာ တန်ဖိုးမြင့် ထုတ်ကုန်များ ထုန်လုပ်တဲ့ စက်ရုံ အလုပ်ရုံ နယ်မြေများရှိပါတယ်။ ၎င်းအတွက်လိုအပ်တဲ့ ကုန်ကြမ်းတွေကို စိုက်ပျိုးထုတ်လုပ်မှု မရှိဘူးဆိုရင် အဲဒီ အတွက် စက်ရုံတွေဟာ ပိတ်ထားရမယ့် အခြေအနေမျိုးရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီစိုက်ပျိုးရမယ့်သီးနှံတွေဟာ အောင်မြင်ဖြစ်ထွန်းတဲ့ သီးနှံဖြစ်ရမယ်။ စီးပွားရေးအရ တွ က်ခြေကိုက်တဲ့ သီးနှံဖြစ်ရမယ်။ နိုင်ငံတော်အတွက် လိုအပ်ချက်နဲ့ ကိုက်ညီတဲ့ သီးနှံဖြစ်မယ်ဆိုရင် ဒီသီးနှံတွေကို စိုက်ပျိုးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ တ စ်ဖက်ကလည်း ဈေးနှုန်းနဲ့ ကုန်ကျစရိတ်ပေါ့။ ကုန်ကျစရိတ်နဲ့ ထုတ်လုပ်မှုစ ရိတ်ကို ကာမိအောင် ကျွန်တော်တို့ ဆောင်ရွက်ပေးမယ်ဆို ရင် တောင်သူများက စိုက်ပျိုးလာမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့်မို့လို့ တစ်ဖက်က ပုံသေနည်းနဲ့ သတ်မှတ်ထားမယ့်အစားထိုး သီးနှံများကို နိုင်ငံတော်မှ အတိုင်းအတာတစ်ခုနဲ့ ထိန်းမထားဘဲနဲ့ လွတ်လပ်စွာ စိုက်ပျိုးခွင့်ပေးလိုက်မယ် ဆိုရင်လည်း ကျွန်တော်တို့ ထိန်းရသိမ်းရတဲ့ အခြေအနေကို ရောက်နိုင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဈေးကောင်းရနေတဲ့ သီးနှံများကို စိုက်ပျိုးလာမယ်ဆိုရင်နိုင်ငံတော်က အဓိကရိက္ခာ ဖြစ်တဲ့ ဆန်စပါးထုတ်လုပ်ရေးမှာ ကျဆင်းလာနိုင်တဲ့ အခြေအနေရှိတဲ့အတွက်ကြောင့်မို့လို့ ဒါလေးကို လည်း နိုင်ငံတော်နဲ့ ပြည်သူ့အတွက် အကျိုးရှိစေနိုင်မယ့် ဥပဒေတစ်ရပ်ကိုလည်း ရေးဆွဲသင့် ပါကြောင်း တင်ပြအပ်ပါတယ်။

နောက် (ဂ)အချက်က ဘာလဲဆိုရင် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ၃၉မှာနိုင်ငံတော်သမ္မတသည်သို့တည်းမဟုတ်၎င်းကိုကိုယ်စားလှယ်ပြုခြင်းခံရသူ ဤအက်ဥပဒေအရ သို့တည်းမဟုတ် အခြားဥပဒေတစ်ရပ်အရ ခန့်အပ်ထားသော အာဏာပိုင်သည်ဖြစ်စေ လိုအပ်သည်ဟု ထင်မြင်ယူဆလျှင်မည်သည့်လယ်ယာမြေမဆို မိမိသတ်မှတ်ထားတဲ့နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုနိုင်သည်ဟု ဒီလိုပါပါတယ်။ အဲဒီတော့ အဲဒီမှာလည်း ကျွန်တော်တို့က သိမ်းယူတဲ့နေရာမှာလည်း ဒီတောင်သူလယ်သမားများဟာ ထိုက်တန်သော ဈေးများ မရရှိဘဲနဲ့ ခံစားနေရတဲ့အတွက်ကြောင့် ထိုက်တန်သော ဈေးနှုန်းများကို ပေးမယ် ဆိုရင်ဖြင့် တောင်သူလယ်သမားများရဲ့ နစ်နာမှု ကို ဖြေသိမ့်နိုင်ပါတယ်။ အဲဒီမှာ လည်း နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ သိမ်းတဲ့နေရာမှာလည်း စက်မှုစီမံကိန်းတွေ၊ ရုံးအဆောက်အအုံတွေ၊ မြို့ရွာ ဖွံ့ဖြိုးရေးတွေ၊ နောက်တစ်ခါ မီးရထားလမ်း၊ ကားလမ်း၊ နောက်တစ်ခါ ဆည်မြောင်း တာတမံ ကဲ့သို့သော အခြေအနေမတူညီသော ဒေသတွေမှာ ကျွန်တော်တို့ တန်ဖိုးများကို ပေးလျော်မယ်ဆိုရင်လည်း ဥပဒေ အရ ပြဋ္ဌာန်းလိုက်နာ ဆောင်ရွက်ခြင်းအားဖြင့် တောင်သူများရဲ့ နစ်နာကြေးများ၊ နစ်နာမှုများကို ဆောင်ရွက်နိုင်မယ် ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဥပဒေပြဋ္ဌာန်းတဲ့အခါမှာ ဒီအချက်ကိုလည်း ကျွန်တော်တို့ ထည့်သွင်း ဆောင်ရွက်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော် နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ လက်ရှိ ကာလမှာ ဖြစ်ပေါ်နေတဲ့ မြေယာမှု ခင်းတွေနဲ့ ပြည်သူ တွေရဲ့ ခံစားချက်ကို တင်ပြချင်ပါတယ်။ အခုနကတုန်း အချက်(၃)ချက်မှာ အစိုးရက သိမ်းယူတယ်ဆိုတဲ့ နေရာမှာလည်း နိုင်ငံတော် အတွက်၊ ပြည်သူ အတွက်အကျိုးဖြစ်ထွန်းမှုအတွက် ဆောင်ရွက်တာဖြစ်သလို အချို့ နေရာတွေ မှာလည်း ကုမ္ပဏီများနဲ့ လူပုဂ္ဂိုလ်များရဲ့ ဆောင်ရွက်မှု တွေကြောင့် မြန်မာနိုင်ငံအနှံ့အပြားမှာ

ဒီလယ်ယာမြေ ဆုံးရှုံးမှုတွေဖြစ်ပေါ်နေတာကို ကျွန်တော်တို့ မျက်ဝါး ထင်ထင် တွေ့မြင်နေရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာလည်း ကျွန်တော်တို့က ရောထွေးပြီးတော့ အစိုးရနဲ့ ကျွန်တော်တို့ ကျင့်တဲ့ ကုမ္ပဏီလူပုဂ္ဂိုလ် အဖွဲ့အစည်းဆိုတာကို ကန့်သတ်ပြီးတော့မှ တိတိကျကျ ဆောင်ရွက်ဖို့လိုပါတယ်။ကျွန်တော်တို့ ဒါ မြေလွတ်မြေရိုင်းအချက်(၃)ချက်အနေနဲ့ တင်ပြရမယ်ဆိုရင် လက်ရှိစိုက်ပျိုးနေတဲ့ မြေတွေမှာ လည်း ကျွန်တော်တို့ တွေ့နေရပါတယ်။ နောက်တစ်ခုက မြေလွတ်မြေရိုင်းဆိုတဲ့နေရာတွေမှာ သရက်ပင်၊ သရက်ဇုန်တွေ တည်ဆောက်တဲ့နေရာမှာလည်း မြေလွတ်၊ မြေရိုင်းတွေကို ကျွန်တော်တို့ ဆောင်ရွက်တဲ့ နေရာမှာ တကယ်ကျတော့ ကျွ န်တော်တို့ မြေလွတ်၊ မြေရိုင်းလျှောက်ကြတယ်ဆိုရင် အောက် ခြေမှာ ဓား မဦးချလုပ်နေတဲ့ တောင်သူမရှိမှ သာလျှင် လျှောက် ထားပိုင်ခွင့် ရှိပါတယ်။ သို့သော်လည်း ပဲ လျှောက်ထားပြီးတော့ ရလာတဲ့ အပေါ်မှာ မူတည်ပြီးတော့ လယ်ယာမြေကို အဓမ္မဆောင်ရွက်နေမှုတွေရှိပါ တယ်။ အဲဒီမှာ နှစ်ပေါင်းများစွာဓားမဦးချလုပ်ကိုင်တဲ့ တောင်သူ များအနေနဲ့ မသိနားမလည်မှုကို အကြောင်း ပြုပြီးတော့ အကြောင်းအမျိုးမျိုးနဲ့ ဆောင်ရွက်နေတာကို တွေ့ရတဲ့အတွက်ကြောင့်မို့ ကုမ္ပဏီများ အနေနဲ့ သို့တည်းမဟုတ် လူပုဂ္ဂိုလ် များအနေနဲ့ မိမိတို့ရဲ့ စီးပွား ရေးကို လုပ်ဆောင်တဲ့ နေရာမှာ ဓားမဦးချဆောင်ရွက်နေတဲ့ တောင်သူလယ်သမားများရဲ့အကျိုးကို လိုလား ပြီးတော့ ထိုက်တန် သော အခကြေးငွေပေးမယ်ဆိုရင် ဒါသင့်လျော်တဲ့ လုပ်ငန်းတစ်ခု ဖြစ်နိုင်တယ်လို့ ယူဆပါတယ်။ နောက်တစ်ခုကတော့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက စိုက်ပျိုးတဲ့ ဒီဥပဒေနဲ့ တော့ သိပ်ပြီး မပတ်သက်ပါဘူး။ ဒုတိယအချက်က ဘာလဲ ဆိုရင် သစ်တော ကြိုးဝိုင်းကြိုး ပြင်တောတွေမှာလည်း သရက်စိုက်ပျိုးရေးတွေ ဆောင်ရွက်တဲ့အခါမှာ လည်း ခုနတုန်းက ဓားမဦးချလုပ်ကိုင်တဲ့လူတွေနဲ့ ထိပ်တိုက်တွေ့ပြီး တော့ ပြဿနာပေါင်းစုံ တွေ့ကြုံနေရတဲ့ အတွက် ဒီကိစ္စလေးကို လည်း ကျွန်တော်တို့ မြေယာဥပဒေရေးဆွဲတဲ့အခါမှာ ထည့်သွင်း စဥ်းစားသင့် ပါကြောင်း တင်ပြရင်းနဲ့ ကျွန်တော် နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

(ဩဘာသံများ)

**အချိန်၊ ၁၆း၀၈။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီးမွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၆း၀၈။**

**ဒေါက်တာဗညားအောင်မိုး ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌ ကြီးခင်ဗျား။ ဥက္ကဋ္ဌကြီး နှင့်တကွ ကြွရောက် လာသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရေးမြို့နယ်မှ ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ ကျွန်တော် အခု ဆွေးနွေးတင်ပြမှာက ဦးသိန်း ဝင်း၊ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)၏ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက စီမံ ခန့်ခွဲသော ဥပဒေများမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ လယ်ယာမြေလုပ်ပိုင်ခွင့် မဆုံးရှုံးရေး၊ လုံခြုံမှုအပြည့်အဝပေးရေး၊ စိုက်ပျိုးရေး၊ စိုက်ပျိုးပြီး ထွက်ရှိလာသည့်သီးနှံများ ဈေးနှိမ်မခံရရေးနဲ့ ဈေးကွက်ရရှိရေးစသည်တို့ပါဝင်သည့် ဥပဒေအသစ်တစ်ခုရေးဆွဲပြီး ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေ၊ ၁၉၆၃ ခုနှစ် တောင်သူလယ်သမား အခွင့်အရေးကာကွယ်သည့် ဥပဒေကို ဖျက်သိမ်းရန် ” ဆိုတဲ့အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ၁၉၉၀ ခုနှစ် နောက်ပိုင်းမှာ တောင်သူလယ်သမားတွေ မြေယာဆုံးရှုံးမှုတော်တော်များခဲ့ပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ်မှာ ဆိုရင်လည်း လယ်မြေတောင်မကဘူး။ ဥယျာဉ်ခြံမြေ၊ ရာဘာခြံ ကောင်းမယ် ဆိုတဲ့ ရော်ဘာခြံ၊ ကောင်းပြီဆိုတဲ့ သစ်သီးခြံ အဲဒါတွေကို ဆုံးရှုံးခံခဲ့ရတာ အများအပြား ရှိပါတယ်။ ကျွန်တော်တို့ သွားလေရာမှာ ပြည်သူတွေကတင်ပြပါတယ်။ သူတို့ရဲ့ ဝမ်းနည်းချက်၊ သူတို့ရဲ့ ခံစားချက်ကိုလည်း တင်ပြပါတယ်။အဲဒီတော့ဒီမြေတွေကိုဒီလိုသိမ်းလာတာဟာအရင်က ကျွန်တော်တို့မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ခေတ်တုန်းကမြေယာထိန်းသိမ်းမှုဟာ ပိုပြီးတော့ ပြတ်သားတယ်၊ပိုပြီးတော့ တင်းကျပ်တယ်၊ ဒီနောက်ပိုင်းမှာ အဲဒီ စနစ်အရ ဒီကြားကာလ မှာ ဘယ်လိုဖြစ်သလဲ ဆိုတော့ ခုနကတုန်းက လွှတ်တော်ကိုယ်စားလှယ် တစ်ယောက် တင်ပြခဲ့တဲ့ အတိုင်းပဲ၊ အဲဒါ လွယ်လွယ်ကူကူဖြစ်သွား ပြီတော့ တောင်သူလယ်သမားတွေခံခဲ့ရပါတယ်။ ဒါပေမဲ့အခု ကျွန်တော်ဒီအဆိုကို ထောက်ခံတာဟာ ဘာကြောင့်လဲဆိုတော့ အဲဒီလယ်ယာမြေကို လွယ်လွယ်ကူကူမသိမ်းဆည်းနိုင်ဖို့အတွက်၊ ကာကွယ် ပေးဖို့အတွက်ဖြစ်တဲ့အတွက်ကြောင့်ကျွန်တော်ထောက်ခံရခြင်းဖြစ်တယ်။ နောက်ပြီးတော့နိုင်ငံတော် သမ္မတရဲ့ မိန့်ခွန်းမှာ ဘာလဲ ဆိုတော့ ၂၂ ရက်နေ့ ကျွန်တော်တို့ ဒီပြည်ထောင်စုလွှတ်တော် တွေ့တဲ့အခမ်းအနားမှာ နိုင်ငံတော်သမ္မတကြီးရဲ့မိန်းခွန်းမှာ တောင်သူလယ်သမားများအနေဖြင့်

နိုင်ငံတော်မှ လုပ်ပိုင်ခွင့်ပေးထားသည့် လယ်မြေများကို ဥပဒေနှင့်အညီ စိတ်ချလက်ချဖြင့် သားစဉ်မြေးဆက်အတိုင်းစိုက်ပျိုးထုတ်လုပ်နိုင်အောင် အစီအမံများလည်း ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်ဆိုတာပါတယ်။ နောက်တစ်ပိုဒ်က တောင်သူလယ်သမားများ၏ လယ်ယာလုပ်ပိုင်ခွင့်နှင့်ပတ်သက်သည့် ဥပဒေများကိုလည်း ခေတ်နဲ့အညီပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး၊ ဒါလည်းသမ္မတကြီး မိန့်ကြားသွားပါတယ်။ အဲဒီ မိန့်ကြားချက်အတိုင်း အခု ကိုယ်စားလှယ် ဦးသိန်းဝင်း တင်ပြတာဟာ ကိုက်ညီပါတယ်။ နောက်ပြီးတော့ ဒီကုန်ပစ္စည်းရဲ့ဈေးနှုန်းနဲ့ပတ်သက်ရင် တောင်သူလယ်သမားတွေ တစ်ခါတလေကျတော့ ကမ္ဘာ့စီးပွားရေး အခြေအနေကြောင့်သော်လည်းကောင်း၊ ရာသီဥတုကြောင့်သော်လည်းကောင်း၊ ရာသီဥတုကြောင့် ပစ္စည်းရဲ့ အဆင့်အတန်းကျဆင်းသွားတယ်၊ ဈေးကျတယ်။ နောက်ကမ္ဘာ့ဈေးကွက်မှာ ပစ္စည်းဈေးကျလို့ ကိုယ့်ရဲ့ စိုက်ပျိုးရေးထွက်ကုန် ဥပမာ ရာဘာဆိုပြီးတော့ ဈေးကျတယ်။ အဲဒီလိုဖြစ်တဲ့အချိန်မှာ တစ်ခါတ လေကျတော့ အလွ န်အကျွံ ဈေးကျရင် တောင်သူလယ်သမား တွေဟာ လုပ်ငန်း ကို ဆက်မလုပ်နိုင်တော့ဘူး။ အဲဒီတော့ တိုင်းပြည်ရဲ့ကုန်ထုတ်လုပ်မှုကျဆင်းတယ်။ အီဒီလိုအချိန်မှာ အစိုးရကနေပြီးတော့ ဝိုင်း ဝန်း ကူညီဖို့ဆိုတာ တကယ်လည်း လိုအပ်ပါတယ်။ အဲဒီတော့မှ အလုပ်သမားတွေက ထိုက်သင့်တဲ့ ဈေးနှုန်းကို ရပြီးတော့ သူတို့ရဲ့ စား ဝတ်နေရေးအတွက်သော်လည်းကောင်း၊ နောက်လာမယ့် နှစ် ရှေ့ဆက် ပြီးတော့ ကုန်ထုတ်လုပ်မှုအတွက်သော်လည်းကောင်း၊ အရင်းအနှီးရမယ်။ အဲဒီတော့ အဆိုကို လည်း အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် တောင်သူလယ်သမားတွေကို အနှစ်(၃၀)ဂရန်၊ အနှစ် (၆၀)ဂရန်ကို ထုတ်ပေးနိုင်တဲ့ ဥပ ဒေကိုရေးဆွဲပြီးတော့ ခုနတုန်းက ဦးသိန်းဝင်း တင်ပြထားတဲ့ ဥပဒေများ တွေကို ဖျက်သိမ်းဖို့သင့် ပါတယ်လို့ ထောက်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၆း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၆း၁၄။**

**ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ဖြစ်ပါတယ်။ ကျွန်တော် ထောက်ခံဆွေးနွေးသွားမယ့်အဆိုကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်း ဝင်း တင်ပြတဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများမှပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ လယ်ယာမြေ လုပ်ကိုင်ခွင့် မဆုံးရှုံးစေရေး၊လုံခြုံမှုအပြည့်အဝပေးနိုင်ရေး၊ စိုက်ပျိုးပြီးထွက်ရှိလာသည့်သီးနှံများ ဈေးနှိမ်မခံရရေးနှင့် ဈေးကွက်ရရှိရေးစသည်တို့ ပါဝင်သည့် ဥပဒေသစ်တစ်ခု ရေးဆွဲပြီး ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေ၊ ၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်သည့်ဥပဒေများကို ဖျက်သိမ်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ရဲ့အဆို ဆွေးနွေးချက်ကို ဖတ်ကြားခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ ဤအဆိုမှာဆိုလို့ရှိရင် ဒီဥပဒေအသစ်ရေးဆွဲဖို့ကို ပြောထားပြီးတော့ ဥပဒေအဟောင်းကို ဖျက်သိမ်းဖို့အတွက် တင်ပြထားတာတွေ့ရပါတယ်။ ဥပဒေအသစ်ရေးဆွဲတယ်ဆိုတဲ့နေရာမှာ လည်း တောင်သူလယ်သမားများရဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ လယ်ယာမြေလုပ်ပိုင် ခွင့်မဆုံးရှုံးစေရေးနဲ့ လုံခြုံမှု အပြည့်အဝရရှိရေး၊ စိုက်ပျိုးထွက်ရှိတဲ့ သီးနှံဈေးနှိမ်မခံရရေးနဲ့ ဈေး ကွက်ရရှိရေးဆိုတဲ့ အကြောင်းအချက်တွေ ကမ္ဘာ့စားနပ်ရိက္ခာကို အဓိက ပံ့ပိုးနေတဲ့ ကျေးဇူးရှင်တောင်သူလယ်သမားများရဲ့ ကောင်းကျိုးကို ဦးတည်ထားကြောင်းတွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများရဲ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့နေရာမှာ နိုင်ငံတော်က လည်း ကျေးလက်ဒေသဖွံ့ဖြိုး ရေးနဲ့ ဆင်းရဲ နွမ်းပါးမှုလျှော့ချနိုင်ရေးအတွက် ဆောင်ရွက်ရမယ့် လုပ်ငန်း (၈)ရပ်ကို ချမှတ်ခဲ့ပါတယ်။ အဲဒီ လုပ်ငန်းတွေကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော် သမ္မတက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဗဟို ကော်မတီကို ဇွန်လ ၁၀ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ ကျေးလက်ဒေသဆိုတဲ့ နေရာမှာလည်း အထူးသဖြင့် ကျေးလက်မှာနေထိုင်တဲ့ သူများက နိုင်ငံလူဦးရေရဲ့ ၇၀ရာခိုင်နှုန်းရှိတဲ့ တောင်သူ လယ်သမားတွေပဲ အများစုဖြစ်ပါတယ်။ ပြည်သူများ၊ တောင်သူလယ်သမားများနဲ့ အလုပ်သမား ၊

လူမှုစီးပွားဘဝဖွံ့ဖြိုးလာစေရန် တတ်နိုင် သမျှ ကူညီဆောင်ရွက်ရမယ်ဆိုတဲ့ ဖွံ့ စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်နဲ့အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေး ၊ ဆင်းရဲနွမ်းပါး မှုလျှော့ချရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်း လုံးမှာ လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နေပါပြီ။ ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်နဲ့အညီ ၂၀၁၅ ခုနှစ်မှာ ဆင်းရဲနွမ်းပါးမှုနှုန်းထား ၁၆ ရာခိုင်နှုန်း ထိ လျှော့ချနိုင်အောင် ရည်မှန်းထားဆောင်ရွက်နေပြီဆိုတဲ့အကြောင်းကို နိုင်ငံတော်သမ္မတကြီးက မိန့်ကြားသွားခဲ့ပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် တောင်သူလယ်သမားများရဲ့ လုပ်ပိုင်ခွင့်များကို မြှင့်တင်ပေးကြရတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနိုင် ငံတော်ရဲ့ မူဝါဒနဲ့ကိုက်ညီတဲ့ အတွက်ကြောင့် လယ်ယာမြေလုပ်ကိုင်ခွင့်ကို အာမခံနိုင်အောင် ဥပဒေများ ပြဋ္ဌာန်းပေးရပါမယ်။ ဒါကြောင့်မို့လို့ လည်း ဒီဦးသိန်းဝင်းရဲ့ တင်ပြတဲ့အဆိုကို ထောက်ခံခြင်း ဖြစ်ပါတယ်။

နောက်တစ်ချက်က တောင်သူလယ်သမားများရဲ့ လယ်ယာမြေလုပ်ပိုင်ခွင့် မဆုံးရှုံးစေရေးနဲ့ လုံခြုံမှုအပြည့်အဝပေးနိုင်ရေးဆိုတဲ့နေရာမှာ အချို့ဒေသတော်တော်များများမှာ တောင်သူလယ်သမားတွေဟာ မိမိတို့ ဘိုးဘွားစဉ်ဆက် ကတည်းက လုပ်ကိုင်လာခဲ့ကြတဲ့ လယ်ယာမြေတွေကို လက်လွတ်ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။ အဲဒီဆုံးရှုံးမှုတွေဟာ မအောင်မြင်တဲ့နိုင်ငံတော် စီမံကိန်းအချို့နဲ့ အဲဒါဘာကြောင့်ပြောရလဲဆိုရင် ကျောက်မဲမြို့နယ်မှာ အရင်က ဒီပညာရေး ဝန်ကြီးဌာနကနေပြီးတော့ စိုက်ပျိုးရေးတက္ကသို လ်ဆောက်ဖို့ဆိုပြီးတော့ သိမ်း တဲ့ နေရာမှာ ယူတဲ့နေရာမှာ လယ်တွေပါသွားပါတယ်ခင်ဗျား။ အဲဒီ စီမံကိန်းက အောင်မြင်တာ မတွေ့ဘဲနဲ့ ဒီအတိုင်းပဲ ရှိနေတာကို တွေ့ ရပြီးတော့ ဒီအရင်တုန်းက ဒီလယ်ကို လုပ်ကိုင်ခဲ့ရတဲ့ တောင်သူလယ်သမားတွေဟာ လယ်လုပ်ကိုင်ခွင့်ဆုံးရှုံးနေတာကို တွေ့နေရပါတယ်။ တချို့ နေရာမှာလည်း ဒီနိုင်ငံတော်ရဲ့တပ်မတော်ကနေပြီးတော့ တပ်နယ်တွေချဲ့တဲ့ နေရာ တစ်ချို့နေရာမှာဆို ကုမ္ပဏီတချို့ရဲ့ စိုက်ပျိုးမြေ ရယူမှုတွေ၊ တချို့နေရာမှာဆိုလို့ရှိရင် ပုံစံ (၁၀၅)ရှိတဲ့ တောင်သူလယ်တွေတောင်မှ လက်လွတ် ဆုံးရှုံးနေတဲ့ ဘ ဝမျိုး ဖြစ်နေပါတယ်။ အဲဒါမျိုးကတော့ နောင်ချိုမြို့နယ်မှာ တော်တော် များများ တွေ့ ရပါတယ်။ ဒီ မိုးကုတ် -ပြင်ဦးလွင် ကားလမ်းဘေး တစ်လျှောက်မှာ တော်တော်များများ အဲဒီပြဿနာတွေ ဖြစ် နေပါတယ်။ ဒီစိုက်ပျိုးရေးလုပ်ငန်းနဲ့ပဲ လုပ်ကိုင်စားသောက်နေရတဲ့ တောင်သူလယ်သမားတွေရဲ့ လယ်ယာတွေ လက်လွတ်ဆုံးရှုံးနေရတဲ့ အဖြစ်က အင် မတန်ကို ရင်နာစရာ ကောင်းတာနဲ့အမျှ လွန်စွာမှ သနားစရာကောင်းလှပါတယ်။

ဒီတောင်သူလယ်သမားတွေဟာ ဖြတ်သန်းခဲ့ရတဲ့ ခေတ်ဆက်ဆက်မှာ နိုင်ငံတော်ကို အခွန်အများဆုံးဆောင်ခဲ့ရတဲ့ ကျေးဇူးရှင်တွေပဲ ဖြစ်ပါတယ်။ မြေရှင်ကြေးရှင်တွေ၊ ပွဲစားတွေရဲ့ ခေါင်းပုံဖြတ်မှု၊ အမြတ်ကြီးစားတွေ ရဲ့ လှည့်ဖြားမှုကို အများဆုံး ခံခဲ့ကြရသူတွေဟာလည်း တောင်သူလယ်သမားတွေပါ။ ဒီကြားထဲမှာ ဝန်ထမ်းအချို့ရဲ့ လိမ်လည်ဖြတ်စားတာကိုလည်း ခံကြရပါသေးတယ်။ ဥပမာ တချို့နေရာမှာဆိုရင် မျိုးတွေလိမ်ရောင်းတာ ရှိတယ်ခင်ဗျာ။ သူတို့ရဲ့ ဘဝကို နိုင်ငံတော်ကနည်းအမျိုးမျိုးနဲ့ အကာအကွယ်ပေးကြရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိဥပဒေများကလည်း အကာအကွယ်မပေးနိုင်ခဲ့ကြပါဘူး။ ဒါပေမယ့် နိုင်ငံတော်သမ္မတကြီး ကနေပြီးတော့ တောင်သူလယ်သမားများအနေနဲ့ နိုင်ငံတော်မှ လုပ်ခွင့်ပေးထားတဲ့ လယ်မြေတွေ ကို ဥပဒေနှင့် ညီ စိတ်ချလက်ချ သားစဉ် မြေးဆက်တိုင် စိုက်ပျိုးထုတ်လုပ်နိုင်အောင် အစီအမံတွေ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း မိန့်ကြားခဲ့ပါတယ်။ ဒါဟာ ဒီတောင်သူ လယ်သမားများအတွက် သတင်းကောင်းပဲ ဖြစ်ပါတယ်။ နိုင်ငံသား တွေရဲ့ မူလအခွင့် အရေး တွေကို အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ ဖော်ဆောင်ပေးနိုင်ရေး၊ တောင်သူလယ်သမား များရဲ့ လယ်ယာလုပ်ကိုင်ခွင့်နဲ့ ပတ်သက်တဲ့ ဥပဒေတွေကိုလည်း ခေတ်နဲ့အညီပြင်ဆင်ပြဋ္ဌာန်း နိုင်ရေး အထူးအလေးထားဆောင်ရွက်ရာမှာ လွှတ်တော်အနေနဲ့ ဝိုင်း ဝန်းဆွေးနွေးညှိနှိုင်း ပြင်ဆင်ပြဋ္ဌာန်း ပေးကြရတော့မှာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့လည်း ဦးသိ န်းဝင်း တင်ပြတဲ့ အဆိုကို ထောက်ခံခဲ့ခြင်း ဖြစ်ပါတယ်။

အချက်(၃)အနေနဲ့ကတော့ တောင်သူလယ်သမားများရဲ့ လယ်ယာထွက်ကုန်သီးနှံ တွေ ဈေးနှိမ်မခံရရေးနဲ့ ဈေးကွက်ရရှိစေရေးဆိုတဲ့ နေရာမှာလည်း ယနေ့ကမ္ဘာမှာတိုးပွားနေတဲ့ လူဦးရေအရသော်လည်းကောင်း၊ ပြောင်းလဲလာတဲ့ ရာသီဥတုဖောက်ပြန်မှုတွေကြောင့်သော် လည်းကောင်း၊ မတည်ငြိမ်တဲ့ နိုင်ငံရေးအပြောင်းအလဲများနဲ့ စစ်မက်ဖြစ်ပွားမှုတွေ ဖြစ်နေတဲ့ အတွက်တွေကြောင့် ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်ဟာ ပိုမိုလာပါတယ်။ ဒါကြောင့်မို့လို့ အရှေ့အာရှရဲ့ ဒီစားနပ်ရိက္ခာထုတ်လုပ်နိုင်မှုရဲ့ ဈေးကွက်ဟာ ပိုမိုအဓိကကျလာပါတယ်။ ကမ္ဘာ့စားနပ်ရိက္ခာ ပိုမိုထုတ်လုပ်ပေးနိုင်မှုဆိုတာကလည်း စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်နေကြရတဲ့ နိုင်ငံများရဲ့ ပိုမိုတိုးတက်ထုတ်လုပ်ပေးနိုင်မှုဟာ အလွန်အရေးပါတဲ့ အခန်းကဏ္ဍကို ရောက်ရှိလာပါတယ်။ ဒီနေရာမှာ တောင်သူလယ်သမားများရဲ့ စိုက်ပျိုးထုတ်လုပ်လိုက်တဲ့ လယ်ယာထွက်ကုန်သီးနှံ တွေကို ဈေးနှိမ်မခံရစေရန် ဥပဒေများနဲ့ ကာကွယ်ပေးရပါမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါတဲ့အတိုင်း နိုင်ငံတော်သည် စိုက်ပျိုး ထုတ်လုပ်သည့် ကောက်ပဲသီးနှံ များ သင့်တင့်မျှတသည့်

တန်ဖိုးရရှိရန် ကူညီဆောင်ရွက်သွားမည်ဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့အညီ နိုင်ငံတော်အစိုးရအနေနဲ့ တောင်သူလယ်သမားများ ထုတ်လုပ်မှုစရိတ် မကာမိတဲ့အပြင် ဈေးနှိမ်ခံရခြင်း စတဲ့ အခက်အခဲတွေကနေ လွတ် ကင်းစေဖို့ ဥပဒေပြဋ္ဌာန်းရေးဆွဲနိုင်ဖို့ တိုက်တွန်း အားပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း ဦးသိန်း ဝင်း တင်ပြတဲ့အဆိုကို ထောက်ခံတင်ပြရခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ပြောင်းလဲဖြစ်ပေါ်နေတဲ့ တောင်သူလယ်သမားများရဲ့ (၁) လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ (၂) လယ်ယာမြေလုပ်ပိုင်ခွင့် မဆုံးရှုံးစေရေးနဲ့ လုံခြုံမှုအပြည့် အဝပေးနိုင်ရေး (၃) စိုက်ပျိုးထွက်ရှိသော သီးနှံဈေး နှိမ်မခံရရေးနှင့် ဈေးကွက်ရရှိရေးစတဲ့ အကြောင်းအချက်တွေနဲ့အညီ စစ်ကိုင်း တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း တင်ပြတဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေများမှ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးနှင့် တောင်သူလယ်သမားများ လယ်ယာမြေလုပ်ပိုင်ခွင့် မဆုံးရှုံး စေရေး၊ လုံခြုံမှုအပြည့်အဝပေးနိုင်ရေး၊ စိုက်ပျိုးပြီးထွက်ရှိလာသည့် သီးနှံများဈေးနှိမ်မခံရရေးနှင့် ဈေးကွက်ရရှိရေး စသည်တို့ပါဝင်တဲ့ ဥပ ဒေအသစ်တစ်ခု ရေးဆွဲပြီး ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပို င်လုပ်ရေး အက်ဥပဒေ၊ ၁၉၆၃ခုနှစ်သီးစားချထားရေးဥပဒေ၊ ၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်သည့်ဥပဒေများကို ဖျက်သိမ်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းဆို တဲ့ အဆိုသည် တောင်သူလယ်သမားများအတွင်း အမှန်တကယ်လိုအပ်သော အခွင့်အရေး နှင့် လုပ်ပိုင်ခွင့်များကို ဖော်ဆောင်နိုင်ပြီး လုံခြုံမှုအပြည့်အဝပေးနိုင်မယ့် ဥပဒေသစ်ပေါ်ပေါက်ရေးကို တွန်းအားပေးသော အဆိုဖြစ်တယ် လို့ ယုံကြည်ပါသဖြင့် အလေးအနက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၆း၂၃။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘရန်ရှောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၆း၂၃။**

**ဦးဘရန်ရှောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘရန်ရှောင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၉)မှ ဦးသိန်းဝင်း အဆိုတင်သွင်းသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေများ မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ လယ်ယာမြေလုပ်ပိုင်ခွင့် မဆုံးရှုံးစေရေး၊ လုံခြုံမှုအပြည့်အဝပေးနိုင်ရေး၊ စိုက်ပျိုးပြီး ထွက်ရှိလာသည့် သီးနှံများ ဈေးနှိမ်မခံရရေးနှင့် ဈေး ကွက်ရရှိရေးစသည်တို့ပါဝင်တဲ့ ဥပဒေသစ်တစ်ရပ် ရေးဆွဲပြီး ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေ ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေ၊ ၁၉၆၃ ခုနှစ် တောင်သူ လ ယ်သမားအခွင့်အရေး ကာကွယ်သည့် ဥပဒေများကို ဖျက်သိမ်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံ ဆွေးနွေးသွားလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့အဆိုကို ဖတ်ကြား ဆွေးနွေးခွင့်ပြုပါရန် ခွင့်ပန်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဘရန်ရှောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လယ်ယာမြေဧကသန်းပေါင်း ၂၀ ကျော် ရှိတာကို စာရင်းဇယားများအရ ကျွန်တော်သိ ရှိရပါတယ်။ ယခုအခါ မိုးစပါးဧက ၁၇ သန်းနဲ့ နွေကာလမှာလည်း နွေစပါး ၃ သန်း စသည်အားဖြင့် စိုက်ဧကပေါင်း မြောက်မြားစွာ စိုက်ပျိုးလျက်ရှိကြောင်းလည်း တွေ့ရပါတယ်။ ကျွန်တော် တို့နိုင်ငံမှာရှိတဲ့လူဦးရေ ၆၀ ရာခိုင်နှုန်း ခန့်လည်း ဒီစိုက်ပျိုးမွေးမြူရေး၊ သစ်တော ၊ရေလုပ်ငန်းများနဲ့ လုပ်ငန်း လုပ်ကိုင်လျက်ရှိတာကို သိရပါတယ် ခင်ဗျား။ နောက်ပြီးမှ လယ်ယာကဏ္ဍအရေးကြီးပုံကို ကျွန်တော်တို့ကြည့်တဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံမှာ နို င်ငံသားအများစုဟာ လယ်ယာလုပ်ငန်း လုပ်ကိုင်လျက်ရှိတာ တွေ့ရတယ်။ လွန်ခဲ့တဲ့ ကိုလိုနီခေတ် ၁၉၄၃ ခုနှစ်မှာ ကမ္ဘာ့ဆန်အများဆုံး တင်ပို့နိုင်တဲ့ နိုင်ငံဖြစ်ခဲ့တာလည်း တွေ့ရတယ်။ ကိုလိုနီခေတ်ကုန်ဆုံးချိန်မှာလည်း မြန်မာနိုင်ငံမှာ ဆန်စပါးတစ်မျိုးတည်းကိုပဲ ထုတ်လုပ်ပြီး ပြည်ပတင်ပို့ရောင်းချတဲ့ ဆန်စပါး တင်ပို့မှုမှရရှိတဲ့ နိုင်ငံခြားဝင်ငွေအများဆုံး ရရှိတာတွေ့ရပါတယ်။ ဒါပေမယ့် ဒီနိုင်ငံခြားဝင်ငွေ ရရှိမှုများကို နိုင်ငံခြားသားများက အကျိုး ပိုမိုခံစားရတာကို တွေ့ရှိခဲ့ရပါတယ်။ အဲဒါကြောင့် လွတ်လပ်ရေးခေတ် ဦ တိုင်းပြည်နဲ့ လူမျိုးအကျိုး တိုးတက်ရေး အတွက် လယ်ယာမြေဥပဒေ များကို ပြင်ဆင်ရေးဆွဲလျက်ရှိတာကို လယ်ယာဖွံ့ဖြိုးရေးကဏ္ဍ

တိုးတက်မှုကို ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ လယ်ယာကဏ္ဍအရေးကြီးမှုကို ဆန်းစစ်ကြည့်တဲ့အခါ ဒီ ၂၀၀၉-၂၀၁၀ စစ်တမ်းများကြည့်တဲ့အခါ စိုက်ပျိုးဧကသန်း ၂၀ ပတ်ဝန်းကျင်မှာ စိုက်ပျိုးနေတာ တွေ့ရတယ်။ နောက် ပြီးမှ ပြည်ပသို့ ဆန်တန်ချိန် ၈ သန်းကိုလည်း တင်ပို့လာနိုင်တာကို စာရင်းဇယားတွေမှာ ကျွန်တော်တို့ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဆန်စပါးထုတ် လုပ်မှုမှာ တင်းသန်းပေါင်း ၁၅၆၆ ထုတ် လုပ်နိုင်ကြောင်းလည်း စာရင်းဇယား တွေမှာ ဖော်ပြထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့တိုင်းပြည် ဝင်ငွေအများဆုံး လယ်ယာကဏ္ဍအထောက်အကူ ပြုနေတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ လယ်ယာကဏ္ဍ၌ တောင်သူလယ်သမား များ တွေ့ကြုံနေရတဲ့ အခက်အခဲများ အမြောက်အမြားရှိပါတယ်။ စောစောတုန်းက ကိုယ်စားလှယ်များလည်း အများကြီး ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ တောင်သူလယ်သမားများဟာ ဆည်မြောင်းတာတမံများ လိုအပ်လျက်ရှိပါသေးတယ်။ စပါးနဲ့ ကောက်ပဲသီးနှံစိုက်ပျိုးရာမှာ အချို့ဒေသများမှာ ဆည်မြောင်းတာတမံများ လုံးဝမရှိသေးပါဘူး။ နောက်မျိုးကောင်းမျိုးသန့် အသုံးမပြုတတ်ကြသေးပါဘူး။ မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ဖို့ လည်း လိုပါတယ်။ နောက်ပြီးမှ လယ်ယာသုံးကိရိယာများမှာ မိရိုးဖလာကိရိယာများကို အများဆုံးသုံးစွဲနေကြခြင်းလည်း တွေ့ရှိ နေရပါသေးတယ်။ အဲဒါကြောင့် စက်မှု ကိရိယာများကို စက်ကိရိ ယာများကို အသုံးပြုလာနိုင်တဲ့အထိ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဓာ တ်မြေဩဇာ လုံလောက်စွာ အသုံးမပြုနိုင်ခြင်း၊ တချို့ဒေသတွေမှာ ဓာတ်မြေဩဇာကို အသုံးမပြုတတ်သေးခြင်း စတဲ့ ပြဿ နာတွေလည်း ရှိပါတယ်။ နောက်ပြီး မှ ပိုးသတ်ဆေးလည်း အသုံး မပြုတတ်သေးပါဘူး။ ဒါပေမယ့် ပိုးသတ်ဆေးကိုလည်း အသုံးပြုနေကြတာကို တွေ့နေရ ပါတယ်။ စ နစ်ကျနမှု မရှိပါဘူး။ နောက်ပြီး ကျွန်တော်တို့ တောင်သူလယ်သမားများကို ကြည် ့တဲ့ အခါမှာ ရာသီဥတုဖောက်ပြန်ခြင်းကို လည်း ခံနေရ တာ တွေ့ရပါတယ်။ နောက်ပြီး ငွေကြေး ခက်ခဲတာတွေ့ရတယ်။ သီး နှံပေါ်ချိန်မှာ သင့်တင့်တဲ့ ဈေးနှုန်းတွေမရရှိတာကို တွေ့ရပါတယ်။ အဲဒီလိုမျိုး အ ခက်အခဲတွေအများကြီး လယ်သမားများ တွေ့ကြုံရတဲ့အတွက် လယ်ယာစိုက်ပျိုးရေး မှ အထွ က်နှုန်းများကျဆင်းကာ အရှုံးနဲ့ ခက်ခဲနေတဲ့ တောင်သူလယ်သမားများလည်း အများကြီး ရှိပါတယ်။ ဒေသအချို့၌ အတိုးနှု န်းကြီးတဲ့ ငွေတိုးချေးသူများလည်းရှိတယ်။ ပြင်ပစိုက်ပျိုးရေး အရောင်းပစ္စည်းဆိုင်များ လက်ဝါးကြီးအုပ်လျက် ရှိတာတွေ့ ရပါတယ်။ အတိုးနှုန်းတစ်လမှာ ၁၀ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းထိ

ငွေတိုးချေးပြီး အလုပ်အကိုင် လုပ်စားနေသူများလည်း ရှိပါတ ယ်။ အချို့ဒေသတွေမှာ ရတနာတူးဖော်တယ်။ နောက်ပြီးမှ မှောင်ခိုလုပ်ငန်းတွေကို လုပ်ကိုင် တယ်။ လယ်ယာမြေ လုပ်ကိုင်တဲ့အခါ အခက်အခဲတွေ့တဲ့အတွက် ဒီလိုမျိုး အခြားသော လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါတယ်။ ကျွန်တော်တို့ တနိုင်းမြို့နယ်မှာဆိုရင် ဘိန်းစိုက်ပျိုး တာတွေ အင်မတန် လွယ်ကူတဲ့အတွက် လယ်လုပ် ချင်တဲ့သူ သိပ်မရှိကြပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံတော်အစိုးရအနေနဲ့ စေတနာနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ ချရေးများကို လု ပ်ဆောင် လျက် ၂၀၁၅ ခုနှစ်မှာ ၁၆ ရာခိုင်နှုန်းထိ လျှော့ချဖို့ လယ်သမားများကိုလည်း စပါးစိုက်ပျိုး စရိတ်များကို စောစောတုန်းက ကိုယ်စားလှယ် များ တင်ပြသွားတဲ့အတိုင်း ၂၀၀၀၀ ကျပ်ကနေ ၄၀၀၀၀ ကျပ်အထိ ထုတ်ချေးပေးခြင်းစတဲ့ နည်းလမ်းကောင်းများ ၊ အထောက်အကူများ တောင်သူ လယ်သမားများကို ထောက်ပံ့ပေးလျက် ရှိပါတယ်။ အဲဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မှာ တင်ပြဆွေးနွေး ခဲ့တဲ့ လယ်သမားကဏ္ဍ အရေးပါပုံ ၊ လယ်သမားများ အ တွေ့အကြုံ၊ လယ်သမားများ တွေ့ကြုံနေရတဲ့ အခက်အခဲ အမြောက်အမြားရှိတာကို ကျွန်တော် တချို့တစ်ဝက် တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သို့ ချီတက်ရာမှာ လယ်ယာကဏ္ဍလည်း အလွန်အရေးပါသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးသိန်းဝင်း တင်သွင်းသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လယ်ယာ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ် သမားများ လယ်ယာလုပ်ပိုင်ခွင့် မဆုံးရှုံးစေရေး ၊ လုံခြုံမှု အပြည့်အဝပေးနိုင်ရေး ၊ စိုက်ပျိုးပြီး ထွက်ရှိလာသည့်သီးနှံများ ဈေး နှိမ်မခံရရေးနှင့် ဈေးကွက်ရရှိရေးစသည်တို့ ပါဝင်သည့် ဥပဒေသစ်တစ်ရပ်ရေးဆွဲပြီး ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေ၊ ၁၉၆၃ ခုနှစ် တောင်သူ လယ်သမား အခွင့်အရေး ကာကွယ်သည့် ဥပဒေများကို ဖျက်သိမ်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံ ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၆း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးသိန်းဝင်း တင်သွင်းတဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေများမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ လယ်ယာမြေလုပ်ပိုင်ခွင့် မဆုံးရှုံးစေရေး၊ လုံခြုံမှု အပြည့်အဝပေးနို ်င်ရေး၊ စိုက်ပျိုးပြီး ထွက်ရှိလာသည့်သီးနှံများ၊ ဈေးနှိမ် မခံရရေးနှင့် ဈေး ကွက်ရရှိရေးစသည်တို့ပါဝင်သည့် ဥပဒေအသစ်တစ်ခုရေးဆွဲပြီး ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေ၊ ၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေးကာကွယ်သည့် ဥပဒေများကို ဖျက်သိမ်း ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူ /မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူပါမယ်။ ဒီလိုဆော င်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ် (၃)အရ မတ်တပ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒကိုရယူပါ့မယ်။ ယခု သဘောတူတဲ့ လွှတ် တော် ကိုယ်စားလှယ်များ မိမိတို့ နေရာများမှာ မတ်တပ်ရပ်ပြဖို့ ဖြစ်ပါတယ်။ အားလုံးထိုင်နိုင် ပါပြီ။ မတ်တပ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ ၄၀ ဦးနဲ့ အထက်ရှိတဲ့အတွက် ဦးသိန်းဝင်း ရဲ့ အဆိုကို အတည်ပြု ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ အများပြည်သူတို့အပေါ် မလျော်ဩဇာကျင့်သုံးမှု၊ မမှန်မကန်ပြုကျင့်မှုများအတွက် တိုင်ကြားမှုများကို စုံစမ်းစစ်ဆေး ကြသည့်အခါ စုံစမ်းစစ်ဆေးရေးအဖွဲ့များတွင် စုံစမ်းရာဒေသမှ ယုံကြည်လေးစားထိုက်သော မြို့မိမြို့ဖ၊ရပ်မိရပ်ဖများအား အဖွဲ့ဝင်အဖြစ်ထည့်သွင်းဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၆း၃၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးတင်မောင်ဝင်း က အများပြည်သူတို့ အပေါ် မလျော်ဩဇာ ကျင့်သုံးမှု၊ မမှန်မကန် ပြုကျင့်မှုများအတွက် တိုင်ကြားမှုများကို စုံစမ်းစစ်ဆေး ကြသည့်အခါ စုံစမ်းစစ်ဆေးရေး အဖွဲ့များတွင် စုံစမ်းရာ ဒေသမှ ယုံကြည်လေးစားထိုက်သော မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများအား အဖွဲ့ဝင်အဖြစ် ထည့်သွင်း ဖွဲ့စည်းရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်း

လိုကြောင်း အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဦးတင်မောင်ဝင်း က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၆း၃၃။**

**ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ယခု အစည်းအဝေးခန်းမတွင် ရောက်ရှိနေကြတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများ ၊အစည်း အဝေးကို တက်ရောက်လေ့လာနေတဲ့ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး လေးစားပါကြောင်း ဦးစွာ ပြောကြားချင်ပါတယ်ခင်ဗျား။ ယခု အဆိုတင်သွင်းဖို့ရာအတွ က် ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ တင်ပြရမည့်အဆိုကို ဖတ်ကြားတင်ပြခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။အဆိုကတော့ အများပြည်သူတို့အပေါ် မလျော်ဩဇာကျင့်သုံးမှုမမှန်မကန် ပြုကျင့်မှုများအတွက် တိုင် ကြားမှုများကို စုံစမ်းစစ်ဆေးကြသည့်အခါ စုံစမ်းစစ်ဆေးရေးအဖွဲ့များတွင် စုံစမ်းစစ်ဆေးရာ ဒေသမှ ပြည်သူအများ ယုံကြည်လေးစားသည့် မြို့မိမြို့ဖ၊ရပ်မိရပ်ဖအချို့ကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းပေးပါရန် ဆိုတဲ့အဆိုဖြစ်ပါတယ်။ ဒီအဆိုနဲ့ပက်သက်ပြီးတော့ ကျွန်တော် ဆက်လက်ပြီးတော့ရှင်းလင်းတင်ပြပါမယ်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီအဆိုကို တင်သွင်းရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ ယနေ့ဖော်ဆောင်နေတဲ့ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဒီကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေးမှာ ဒီဆောင်ရွက်ချက်ကြောင့် အထောက်အကူ ဖြစ်နိုင်မယ်လို့ ယူဆရတဲ့အတွက် တင်ပြရခြင်းဖြစ်ပါတယ်။အငြင်းပွားမှု၊ မှုခင်းပြဿနာ အရပ်ရပ်ဟာ ပြည်သူနဲ့ ပြည်သူကြားမှာပဲ နေ့စဉ်နဲ့အမျှ ဖြစ်နေပါတယ်။ အလားတူပဲ ပြည်သူများ နဲ့ ဝန်ထမ်းအဖွဲ့ အစည်းဝင်အဆင့်မရွေးပေါ့လေ၊ ဝန်ထမ်းတွေကြားမှာလည်းပဲ ဒီကိစ္စတွေက ဖြစ်နေပါတယ်။ အဲဒီတော့ ဒီလို ဖြစ်လာပြီဆိုရင် တိုင်ကြားမှုကတော့ကျွန်တော်တို့ နိုင် ငံတော်သမ္မတကြီးဆီကို လိပ်မူ ပြီးတော့ တိုင်ကြားတာတွေလည်း ရှိပါတယ် ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဝန်ကြီး များ စသည်ဖြင့် ဒီပုဂ္ဂိုလ်ကြီးများထံကို တိုင်ကြားတာလည်း ရှိပါတယ်။ ဒီနေ့ ဆိုလို့ရှိရင် ကျွန်တော်တို့

ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူ့အသံ၊ လွှတ်တော်အသံ ဆိုပြီးတော့ ကျွန်တော်တို့ လွှတ်တော်ကိုလည်း ပေးပို့ တိုင်ကြားတာတွေရှိတယ်လို့ သိရပါတယ်။ အဲဒီလိုတိုင်လာပြီဆိုရင် ကျွန်တော်တို့ စုံစမ်းစစ်ဆေးရတဲ့ သဘောဖြစ်ပါတယ်။ ဒါဖြင့်ရင် ဒီမှုခင်းများဖြစ်ပွားနေတဲ့ သဘာဝမှာဖြစ်ရတဲ့ အကြောင်းက မလျော်ဩဇာကျင့်သုံးလို့ ဖြစ်ရတာတွေ ရှိပါတယ်။ ပြည်သူနဲ့ ပြည်သူ အချင်းချင်းမှာလည်း ပဲ လာဘ်ပေးလာဘ်ယူ လုပ်ပြီးတော့မှ မမှန်မကန် ပြုကျင့်ပြီးတော့ ဖြစ်ပေါ်တဲ့ အမှုတွေ ဖြစ်ပါတယ်။ အဲလို ဖြစ်လို့ရှိရင် စုံစမ်းစစ်ဆေးရေး တာဝန်ရှိတဲ့ ဌာနက နေပြီးတော့ စုံစမ်းစစ်ဆေးတဲ့ အစဥ်အလာလည်း ရှိပါတယ်။ ဒါဖြင့်ရင် စုံစမ်းစစ်ဆေးတဲ့ အမှုတိုင်းဟာ အဖြစ်အမှန်တွေ ပေါ်လားဆိုတော့ စုံစမ်းစစ်ဆေးတိုင်း အမှုမှန်မပေါ်ဘူးလို့ ကျွန်တော်က အတွေ့အကြုံနဲ့ တင်ပြလိုပါတယ်။အားလုံးကို ဒီလိုတင် ပြဖို့အတွက်က ကျွန်တော် ဟာ န.ဝ.တ အစိုးရလက်ထက်က ၁၉၉၂ ကနေ ၁၉၉၈ ခုနှစ်အထိ မန္တလေးတိုင်းမှာပဲ ကျွန်တော် တို့ ခရိုင်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဌတာဝန် ထမ်းဆောင်ခဲ့ပြီးတော့ ၁၉၉၈ ခုနှစ် ကနေ ၂၀၀၄ ခုနှစ် အထိ မကွေးတိုင်း၊ မင်းဘူးခရိုင်မှာ လည်းပဲ အလားတူ ခ .ယ.က ဥက္ကဌ တာဝန်ထမ်းဆောင်ခဲ့တဲ့အတွက် ဒီလို အတွေ့အကြုံတွေ များစွာရရှိခဲ့ပြီးတော့မှ ကျွန်တော် စဥ်းစား ကြံဆတင်ပြခြင်း ဖြစ်ပါတယ်။ အဲဒီတော့ အပြစ်ရှိသူတွေကို အမှုမှန်မပေါ်ဘူး ၊ အမှုမှန် မပေါ်တာ ဘာကြောင့်လဲ ၊ ဘာကြောင့် မပေါ်တာလဲ ဆိုတော့ မပေါ်တဲ့အကြောင်းတွေကို ကြည့်မယ်ဆိုလို့ရှိရင် အချက်အလက်အမှန်တွေကို ထိမ်ချန်ထားခြင်းဆိုတဲ့ အခြေအနေက တစ်ခု၊ နောက်အချက် အလက်အမှန်တွေကို ဖျောက်ဖျက် ပစ်ခြင်းဆိုတဲ့ အခြေအနေကတစ်ခု၊ နောက် စစ်ဆေးရရှိတဲ့ အချက်အလက်အမှန်တွေကို ပြည့်ပြည့်စုံစုံ မတင်ပြဘဲနဲ့ လျော့လျော့ပေါ့ပေါ့ ရေးသားမှတ်တမ်းတင်ခြင်းဆိုတဲ့ အခြေအနေမျိုးက တစ်ခု၊ ဒီလိုဟာမျိုးကြောင့် အမှုမှန်တွေက မပေါ်နိုင်ဘူးဆိုတဲ့ဟာကို တွေ့ရှိရ ပါတယ်။ အဲဒါကလည်း ဘာကြောင့်လဲ ဆိုတော့ လက်တွေ့ နယ်ပယ်မှာတော့ သူ့ဌာနနဲ့သူ့ဌာနဆိုရင် ကိုယ့်လူမနာအောင် ဒါတော့ နဲနဲပါးပါး အဆင်ပြေ အောင် ကြည့်ပြီးတော့ လုပ်ကြဆိုတဲ့ သဘောမျိုးပေါ့ အဲဒီလို မျိုးလေးတွေ ပြောလိုက်တဲ့အခါနဲ့ နောက် သက်သေဆိုတာ သာမန်ရပ်သူရွာသား သက်သေ ဆိုတာ ဥပဒေ ကို နားမလည်ကြတာ များပါတယ်။ အဲဒီလို ဥပဒေ နားမလည်လို့ရှိရင် မင်းဘာနားလည်လို့လဲ၊ ဒါကတို့ သစ်တောမြေ ဖြစ်တယ်၊ ဒါက မြေလွတ် မြေရိုင်း မဟုတ်ဘူး၊ မြေလွတ် မြေရိုင်း ဟုတ်တယ်စသည်ဖြင့် ဥပဒေ နားမလည်တဲ့သူတွေကို ဥပဒေနားလည်တဲ့ ဝန်ထမ်းတွေက ပြောလိုက်ရင် ဝန်ထမ်းတွေက

ရှေ့ဆက်ပြီးတော့ ဘာမှမပြောတတ်တော့ဘူး။ ဒီလို အကြောင်း အမျိုးမျိုးကြောင့် အမှုမှန်တွေက မပေါ်ပါဘူး။ အဲတော့ မပေါ်လို့ရှိရင် ကျွန်တော်တို့ အမှုမှန်ပေါ်အောင် ဘယ်လိုလုပ်နိုင်ပါသလဲ။ စဉ်းစားကြည့်တဲ့ အခါကျတော့ ဖြစ်နို င်တဲ့ နည်းလမ်းတစ်ခုလို့ ထင်မြင် ယူဆရတဲ့ နည်းလမ်းကို တင်ပြရခြင်း ဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးတဲ့ အဖွဲ့တွေမှာ ထုံးစံ လည်းမဟုတ်၊ သဘာဝလည်း မဟုတ်တဲ့ အတွက် အုပ်ချုပ်မှု နည်းလမ်း ဒါမှမဟုတ် ပြည်သူ တစ်စိတ်တ စ်ပိုင်းပါဝင်တဲ့ နည်းလမ်းတစ်ရပ်အဖြစ်နဲ့ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့ အစည်း၊ ဝန်ထမ်းအဖွဲ့အစည်း သို့တည်းမဟုတ် ဝန်ကြီးဌာနကနေပြီးတော့ စဉ်းစားပြီး အုပ်ချုပ်မှုနည်းလမ်း၊ အုပ်ချုပ်မှု ညွှန်ကြားချက်တစ်ရပ်အနေနဲ့ လုပ်ပေးမယ်ဆိုရင် ဖြစ်ကောင်း ဖြစ်နိုင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်တာ ဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးတဲ့ အဖွဲ့များမှာ အစိုးရဝန် ထမ်းမဟုတ်တဲ့ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများကို ထည့်သွင်းဖွဲ့စည်းပေးဖို့ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီရပ်မိရပ်ဖ ဆိုတာ ကျွန်တော်ဆိုလိုချင်တဲ့ ရပ်မိရပ်ဖမျိုးဟာ (၁) မိမိရဲ့ သီလ ဂုဏ်၊ သမာဓိဂုဏ်နဲ့ ရပ်ထဲ ရွာထဲမှာ အမှန်တကယ် အများတကာ လေးစားခြင်းခံရတဲ့ ရိုးသား ဖြောင့်မတ်တဲ့ ပုဂ္ဂိုလ်တွေကို ဆိုလိုပါတယ်။ (၂) က ဥပဒေရေးရာကို တတ်ကျွမ်း နားလည်တဲ့ အငြိမ်းစား ဝန်ထမ်းတွေလည်းပဲ ရပ်ရွာထဲမှာ ရှိပါတယ်။ အချို့ဆိုလို့ရှိရင် ဝန်ထမ်း အငြိမ်းစားဖြစ်တဲ့အတွက်ကြောင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက အငြိမ်းစားခရိုင် အုပ်ချုပ်ရေးမှူး တွေ စသည် ဖြင့် ဒီလို ပုဂ္ဂိုလ်တွေ ရှိပါတယ်။ တိုင်း ရဲမင်းကြီးတွေ၊ ခရိုင်ရဲ ရဲမှူးကြီးတွေ ဒီလိုဟာတွေ ရှိပါတယ်။ အဲဒီတော့ ဥပဒေကို တကယ်ကောင်းကောင်း တတ်ကျွမ်းတဲ့ ရှေ့ နေတွေလည်း ရှိပါတယ်။ ဒါကြောင့် မို့လို့ ရပ်မိရပ်ဖဆိုတဲ့ထဲမှာ အခုတင်ပြခဲ့တဲ့ ပုဂ္ဂိုလ် မျိုးတွေကို စုံစမ်းစစ်ဆေးရေးတွေ အဖွဲ့ထဲမှာ ထည့်သွင်းပြီးတော့ စစ်ဆေးမယ်ဆိုလို့ရှိရင် အမှန် တရားပေါ်ထွက်လာပြီးတော့ ရှေ့ဆက် ပြီး တော့ အမှု တွေက ရှုပ်ထွေးမှုကလည်း သက်သာသွားနိုင်တယ်။ လမ်းတစ်ဝက်ကတင် အမှုတွေ ကနေ ပြတ်သွားနိုင်တယ် လို့ ကျွန်တော် မျှော်လင့် တာဖြစ်ပါတယ်။ဒါကြောင့် ကျွန်တော်တို့ မှုခင်းအမှန် ပေါ်ပေါက်စေရေး ၊ အပြစ်ရှိသူများကို ဖော်ထုတ်ပြီးတော့ ထိုက်ထိုက်တန်တန် ပြစ်ဒဏ်များကို ချမှတ်နို င်ရေး၊ ကောင်းမွန် သော အုပ်ချုပ်မှုစနစ် ဖြစ်ထွန်းရေးနဲ့ ပြည်သူများ စိတ်အေးချမ်းသာ နေထိုင် နိုင်ရေးတို့ကို ရည်မှန်းပြီး တော့ ကျွန်တော်ရပ်မိရပ်ဖများကို စုံ စမ်း စစ်ဆေးရေး အဖွဲ့များမှာ ထည့်သွင်းဖွဲ့စည်းပေး ပါ ဆိုတဲ့အဆိုကိုတင်သွင်းရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၆း၄၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်ပုဂ္ဂိုလ်ရှိပါက ဆောင်ရွက်ရန်ဖြစ်ပါတယ်။

**အချိန်၊ ၁၆း၄၁။**

**ဦးအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးအေးဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း တင်သွင်းသွားတဲ့ အဆိုဖြစ်တဲ့ အများပြည်သူတို့အပေါ် မလျော်ဩဇာ ကျင့်သုံးမှု၊ မမှန်မကန်ပြုကျင့်မှုများအတွက် တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးကြသည့်အခါ စုံစမ်းစစ်ဆေးရေးအဖွဲ့များတွင် စုံစမ်းရာ ဒေသမှ ယုံကြည်လေးစားထိုက်သော မြို့မိ၊ မြို့ဖ၊ ရပ်မိ၊ ရပ်ဖများအား အဖွဲ့ဝင်အဖြစ် ထည့်သွင်း အသုံးပြုခြင်းဖြင့် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုကို အထောက်အကူပြုမည့် လုပ်ငန်းတစ်ရပ်ဖြစ်တဲ့အတွက် ထောက်ခံတင်ပြအပ်ပါသည်ခင်ဗျား။

**အချိန်၊ ၁၆း၄၂။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးက ရှင်းလင်း ဆွေးနွေးရန် ရှိပါက ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၆း၄၂။**

**ဒုတိယဗိုလ်ချုပ်ကြီးကိုကိုပြည်ထောင်စုဝန်ကြီးပြည်ထဲရေးဝန်ကြီးဌာန။** ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာ န၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဖြစ်ပါတယ်။ ယခုအဆိုရှင် မန္တလေးတိုင်း ဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ရဲ့ အများပြည်သူတွေ အပေါ်မှာ မလျော်ဩဇာ ကျင့်သုံးမှု၊ မမှန်မကန်ပြုကျင့်မှုတွေနဲ့ ပတ်သက်ပြီးတော့ တိုင်ကြားလာတဲ့အခါမှာ စစ်ဆေးတဲ့ အခါမှာ သက်ဆိုင်ရာဒေသက မြို့မိမြို့ဖတွေ အဖွဲ့ဝင်အဖြစ်ပ ါဝင် ထည့် ့သွင်းဖွဲ့စည်းရေးနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ် ။ ဒီလို ရှင်းလင်းဖြေကြားတဲ့

နေရာမှာလည်း တိုင်ကြားမှု အရပ်ရပ်တွေပေါ်မှာ လက်ရှိကျင့်သုံး နေတဲ့ လုပ်ထုံးလုပ်နည်းတွေ ၊ တည်ဆဲဥပဒေတွေအပိုင်းကို ရှင်းပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ခေတ်မီပြီးတော့ ဥပဒေနဲ့ညီညွ တ်တဲ့ အုပ်ချုပ်ရေးစနစ်၊ အခြေခံ အုပ်ချုပ်ရေးစနစ်၊ ပြောင်းလဲ တိုးတက်မှု မှန်ကန်စေရေးစသည်ဖြင် ့ စတင်ကျ င့်သုံးလျက် ရှိပါတယ်။ ဒီအချက်တွေ နဲ့ လျော်ညီတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၉ မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရဲ့ အုပ်ချုပ်ရေးမှူးကို ရပ်ရွာက ကြည်ညိုလေးစားပြီးတော့ သိက္ခာသမာဓိရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးအပ် ဆောင်ရွက် ရမယ်လို ပြဋ္ဌာန်းထားတဲ့ အတွက်ကြောင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရဲ့ အုပ်ချုပ်ရေးမှူး တာဝန်တွေကို ပေးအပ်နိုင် ရေးအတွက်လည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေး ဥပဒေတွေကို လွှတ်တော်သို့ တင်ပြထားခြင်းဖြစ်ပါတယ်။ ပြည်သူတွေရဲ့ကြားမှာဖြစ်စေ၊ ဝန်ထမ်းနဲ့ ပြည်သူတွေကြားမှာဖြစ်စေ ပေါ်ပေါက်လာတဲ့ အငြင်းပွားမှုတွေ ၊ တိုင်တန်းမှုတွေကို အဆိုပါ ပုဂ္ဂိုလ်က နည်းမှန်လမ်းမှန်နဲ့ စနစ်တကျ ဖြေရှင်းဆောင်ရွက်ပေးသွားနိုင်အောင် စီမံထားခြင်း ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဟာ လုပ်ငန်းကျွမ်းကျင်မှု ရှိစေရေးအတွက်လည်း လုပ်ထုံးလုပ်နည်းနဲ့အညီ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေးသင်တန်းတွေ သင်ကြားတာတို့ ၊ ပို့ချတာတို့ကို ဆောင်ရွက်ပေးဖို့ အစီအစဉ်တွေရှိပါတယ်။ ထို့အတူပဲ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူး အဆင့်ဆင့်မှလည်း ကြပ်မတ်ကွပ်ကဲ သွားရမှာဖြစ်ပါတယ်။အလားတူပဲ ဝန်ထမ်းနဲ့ ပြည်သူကြားမှာ ပေါ်ပေါက်လာတဲ့ အငြင်းပွားမှုတွေ ၊ တိုင်ကြားမှုတွေနဲ့ ပတ်သက်ပြီးတော့ အရေးယူ ဆောင်ရွက်တဲ့နေရာမှာလည်း သက်ဆိုင်ရာဌာ န ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ရဲ့ အကြီးအကဲ တွေနဲ့ ဖွဲ့စည်းတာဝန်ပေးအပ်မှုနဲ့ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်လျက်ရှိပါတယ်။ စုံစမ်း စစ်ဆေးရေးအဖွဲ့များအနေနဲ့ သက်ဆိုင်ရာနယ်ပယ်အလိုက် အသုံးပြုကြတဲ့ စစ်ဆေးမှု နည်းလမ်းတွေ ဘယ်လိုပဲကွဲပြားခြားနားနေပါစေ ရည်မှန်းချက်တာဝန်ကတော့ အမှုဖြစ်ရပ် အမှန်ပေါ်ပေါက်စေရေးပဲဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးရေးအဖွဲ့တွေအနေနဲ့ အမှုဖြစ်ရပ် အမှ န် ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးတဲ့ နေရာမှာ ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများနဲ့အညီ မျှတစွာ ဆောင်ရွက်ပြီးတော့ တွေ့ရှိတဲ့ တွေ့ရှိချက်တွေကို မူလတာဝန် ပေးအပ်ခဲ့တဲ့ အကြီးအကဲ အာဏာပိုင်ထံကို သုံးသပ်ချက်၊ အကြံ ပြုချက်တွေနဲ့တကွ ပြန်လည်တင်ပြ အစီရင်ခံရမှာ

ဖြစ်ပါတယ်။ ဒီတင်ပြချက်တွေအပေါ်မှာ အကြီးအကဲဖြစ်တဲ့သူက ကြားနာစစ်ဆေးမှုတွေ ပြုလုပ်ပြီးတော့ ပြည့်စုံခိုင်လုံမှုမရှိရင် ပြန်လည်စုံစ မ်း ဖြည့်စွက် စစ်ဆေးကာ သံသယဖြစ် ဖွယ် တွေ့လို့ ရှိရင်လည်း မကျေနပ်မှု ရှိရင် စုံစမ်းရေးအဖွဲ့ကို သီးခြားထပ်မံဖွဲ့စည်း စစ်ဆေးတာတွေ ဆောင်ရွက်နိုင်ပါတယ်။ လိုအပ်လို့ရှိရင် ဥပဒေ အကြံပြုချက်ရယူပြီးတော့ တရားစီရင်ရေး မှုဘောင်အတွင်းကို ဆက်လက်အရေးယူ ဆောင်ရွက်သွားဖို့လည်း ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ အမှု ဖြစ်ရပ်မှန်တွေ ပေါ်လွင်အောင် ဖော်ထုတ်တဲ့အခါ စုံစမ်းရေးအဖွဲ့ရဲ့ တာဝန်ဖြစ်ပြီးတော့ အပြစ်ရှိတဲ့ သူတွေကို ထိရောက်တဲ့ ပြစ်ဒဏ်ချ မှတ်ခြင်းကတော့ တရားစီရင်ရေးရဲ့ အပိုင်းပဲ ဖြစ်ပါတယ်။ အချို့သော ကိစ္စရပ်တွေမှာ စစ်ဆေးသူတွေက အချက်အလက်အမှန်တွေ ကို ဖုံးဖိဖျောက်ပစ်ခြင်း၊ စစ်ဆေးရ သမ္မာကို ပြည့်ပြည့်စုံစုံ မဖော်ပြခြင်းတို့ဟာ စစ်ဆေးတဲ့သူပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ အားနည်းချက်၊ အကျင့်ပျက်ခြစားမှုသာဖြစ်သလို ဒီအချက်တွေကြောင့် ဖြစ်ရပ်အမှန်မပေါ်ပဲ နစ်နာမှု တွေရှိပြီးတော့ ကျေနပ်မှုမရှိတဲ့အခါမှာလည်း ထပ်မံတိုင်ကြား နာကြားမှုတွေ ဥပဒေတွေ ကျင့်ထုံး တွေမှာ ထည့်သွင်းဖော်ပြထားပြီး ဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးချက်နဲ့ ပတ်သက်တဲ့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ အပါအဝင် တည်ဆဲဥပဒေများနဲ့ ၁၉၈၅ ခုနှစ်၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေး လက်စွဲစာအုပ်မှာလည်း လုပ်ပိုင်ခွင် ့တွေကို ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ အာဏာ ပိုင်နဲ့အကြီးအကဲတွေက စုံစမ်းစစ်ဆေးရေး အဖွဲ့တွေကို ဖွဲ့စည်းတာဝန်ပေးအပ်တဲ့နေရာမှာလည်း အမှုအခင်းများရဲ့ အတိမ်အနက်ပေါ် မူတည်ပြီးတော့ ဝန်ထမ်းတွေရဲ့ အတွေ့အကြုံနဲ့ ကျွမ်းကျင်မှု အပေါ် အခြေခံပြီး သတ်မှတ်အရည်အချင်းနဲ့ ကိုက်ညီတဲ့သူကိုသာ ဖွဲ့စည်းတာဝန် ပေးအပ်ရတာဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးရေးအဖွဲ့တွေအနေနဲ့ အမှုဖြစ်ရပ်အမှန်ပေါ်ပေါက်ရေးအတွက် သူတို့ရဲ့ စုံစမ်း စစ်ဆေးချက်တွေဟာ ၎င်းတို့ရဲ့ ဂုဏ်သိက္ခာနဲ့ ၎င်းတို့ရဲ့ ဝန်ထမ်းဘဝကို ရင်းပြီးတော့မှ တာဝန်ယူ ဆောင်ရွက်ရတာပဲ ဖြစ်ပါတယ်။ အငြင်းပွားမှုတွေ ၊ တိုင်ကြားမှုတွေ စုံစမ်းစစ်ဆေးရန်အတွက် ပြစ်မှု ဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၉ နှင့် ၂၀၀ တို့အရ တရားရုံးများမှ လည်းကောင်း၊ ပုဒ်မ ၁၅၆ နှင့် ၁၅၇ တို့အရ မြန် မာနိုင်ငံရဲတပ်ဖွဲ့မှလည်းကောင်း၊ ၁၉၅၁ခုနှစ် အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေး အဖွဲ့နဲ့အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအက်ဥပဒေပုဒ်မ ၆ နဲ့ ၇ တို့အရ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနဥပဒေမှာလည်းကောင်း အာဏာအပ်နှင်းထားပါတယ်။ ဒါကြောင့်မို့လို့ စုံစမ်းစစ်ဆေးရေးလုပ်ငန်းတွေမှာ တရားဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရတဲ့ Law Enforcement Body

ဝန်ထမ်းအဖွဲ့အစည်းများက စီမံခန့်ခွဲရတဲ့ အာဏာအပ်နှင်းထား ပြီးတော့ ဝန်ထမ်းမဟုတ်တဲ့ သူတွေကို အာဏာအပ်နှင်းထားတာ မရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် ၁၉၈၅ ခုနှစ် ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေး လက်စွဲမှာလည်း လက်စွဲအပိုဒ် ၃၁(ဂ)၊ ၄၁(ခ)တို့မှာ လည်း စုံစမ်းစစ်ဆေးရေးအဖွဲ့မှာ ပါဝင်သူတွေဟာ အမှုနဲ့ပတ်သက်ပြီး ပုဂ္ဂိုလ်ရေး အရ စိတ်ပါဝင်စားသူတွေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ဆက်စပ်အကျိုးဝင်သူတွေ မဖြစ်စေရဟုလည်း ပြဋ္ဌာန်းထားပါတယ်။ စုံစမ်း စစ်ဆေးရေးလုပ်ငန်းရဲ့ သဘောသဘာဝအရ လုပ်ငန်းကျွမ်းကျင်မှသာ ဖြစ်ရပ်မှန်ကိုလည်း စစ်ဆေးဖော်ထုတ်နိုင်မှာ ဖြစ်တဲ့အတွက် စနစ်တကျ လေ့ကျင့်တတ်မြောက်ပြီးသူ ဝန်ထမ်းများနဲ့သာ စုံစမ်းစစ်ဆေးရတာကို တွေ့ရှိရပါတယ်။ စုံစမ်း စစ်ဆေးတဲ့နေရာမှာ စုံစမ်းစစ်ဆေးရေးအဖွဲ့မှာ ဒေသခံ မြို့မိ၊ဖြို့ဖတွေကို ထည့်သွင်းဖွဲ့စည်းရေး နှင့် ပတ်သက်ပြီးတော့ ဒီနေရာမှာတော့ စုံစမ်းစစ်ဆေးတဲ့ ဒေသက ယုံကြည်လေးစားရတဲ့ မြို့မိမြို့ဖတွေကို သက်သေအဖြစ်ခေါ်ယူပြီးတော့ မှ စစ်ဆေးလို့ရပါတယ်။ စစ်ဆေးလည်း စစ်ဆေးမှုတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ယခုအဆိုရှင်တင်ပြတဲ့ အများပြည်သူတို့အပေါ် မှာ မလျော်ဩဇာသုံးမှုတွေ၊ မမှန်မကန်ပြုကျင့်မှုတွေနဲ့ ပတ်သက်ပြီးတော့ စုံစမ်းစစ်ဆေးတဲ့ နေရာမှာ ဒီအစိုးရဝန်ထမ်းမဟုတ်တဲ့ မြို့မိ၊ မြို့ဖတွေ ထည့်သွင်းဖွဲ့စည်းတာနဲ့ ပတ်သက်ပြီး တော့ စုံစမ်းစစ်ဆေးရေး အဖွဲ့တွေရဲ့ လုပ်ဆောင်ရတဲ့ တည်ဆဲ ဥပဒေတွေ၊ ပြစ်မှုဆိုင်ရာ ကျင့် ထုံး ဥပဒေတွေ၊ လုပ် ထုံးလုပ်နည်းတွေနဲ့အညီသာ ဆောင်ရွက်နေရခြင်းဖြစ်ပါကြောင်း ဖြေရှင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၆း၅၀။**

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဝင်း ရဲ့ အဆိုကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက ကျေနပ်လောက်အောင် ရှင်းလင်းသွားတဲ့အတွက် ဒီအဆိုကို မေးခွန်းအဖြစ်ပြောင်းပြီး ပြည်ထောင်စုဝန်ကြီးရဲ့ အဖြေကိုလည်း မှတ်တမ်းတင်ထားမှာဖြစ်ကြောင်း ဆုံးဖြတ်ပါတယ်။ (ဩဘာသံများ)

**ဦးသိန်းဝင်း၊ စ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)၏ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းသင့်သော(က) The Myanmar Company Act (ခ) The Partnership Act (ဂ)နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေတို့ကိုပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်း နှင့်လက်ခံ ဆွေးနွေးရန် သင့် /မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၆း၅၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးသိန်းဝင်း က အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေ များမှ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းသင့်သော(က) The Myanmar Company Act ၊ (ခ) The Partnership Act ၊ (ဂ)နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက်ပြ ဋ္ဌာန်းရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဦးသိန်းဝင်း က အဆို တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၆း၅၁။**

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ ၊အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော်တင်ပြသွားမှာ ကတော့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ တာဝန်ပေးချက်အရ ဆောင်ရွက်ထားတဲ့ ကော်မတီ ရဲ့ကိုယ်စား ဥပဒေများကို လေ့လာစစ်ဆေးချက် ကို တင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဖတ်ကြား တင်သွင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန မှ စီမံခန့်ခွဲသော ဥပဒေများ (၈) ခု ရှိပါတယ်။ ယင်းဥပဒေများအနက်မှ ပယ်ဖျက်သင့်သော ဥပဒေများမရှိပါ။ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန်

ဥပဒေ(၃)ခုနှင့် ဆက်လက်ကျင့်သုံးနိုင်သော ဥပဒေ (၅)ခုရှိကြောင်း စိစစ်တွေ့ရှိ ရပါတယ်။ ပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်သော ဥပဒေများအပေ ါ် လေ့လာတွေ့ရှိချက်များကို ဖော် ပြအပ်ပါတယ်။ The Myanmar Company Act ပုဒ်မ ၂၅၊ ၃၆၊ ၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၇၊ ၁၁၂၊ ၁၂၄၊ ၁၂၅၊ ၁၃၅၊ ၁၃၆၊ ၂၄၈ တို့တွင် ပြဋ္ဌာန်းထားသော ဝန်ဆောင်ခနှင့် ဒဏ်ကြေးတို့သည် နိုင်ငံတော်၏ အခြေအနေနှင့် လိုက်လျောညီထွေမှုမရှိတော့ခြင်း၊ First Schedule-Para Seven Table The One နှင့် Two တို့သည် ပြဋ္ဌာန်းထားသော ရှယ်ယာတန်ဖိုးသတ်မှတ်ချက်များနှင့် မှတ်ပုံတင်ကြေးပေးသွင်းရန် အခကြေးငွေသတ်မှတ်ချက်များသည် ဆီလျော်မှု မရှိတော့ ခြင်း စသည်တို့ကြောင့် အစားထိုး ပြင်ဆင်သင့်ပါ တယ်။ နံပါတ် (ခ) The Partnership Act ပုဒ်မ ၇ အပိုဒ်ခွဲ(၂)တွင် ပြဋ္ဌာန်း ထားသော အစုစပ်လုပ်ငန်းမှတ်ပုံတင်စာရင်းမှ မိတ္တူများအတွက် ပေးအပ်ရမည့် အခကြေးငွေများ အများဆုံး အခကြေးငွေ သတ်မှတ်မှုများသည် ဆီလျော်မှု မရှိခြင်း၊ န ည်းလွန်းခြင်းအတွက် အစားထိုး ပြင်ဆင် ပြဋ္ဌာန်းရန် လိုအပ်ပါသည်။ နံပါတ် (ဂ) နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃ အရ အစိုးရသာ လုပ်ပိုင်ခွင့် ပြုထားသော စီးပွားရေးလုပ်ငန်းများအနက် အချို့သည် ပုဂ္ဂလိက လုပ်ပိုင်ခွင့်ပြုထားသော လုပ်ငန်းများပါ ဝင်နေပါတယ်။ ဒ့ါအပြင် ပုဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုးရန်လိုအပ်နေခြင်း စသည်တို့ကြောင့် ဤဥပဒေကို ပြင် ဆင်ပြဋ္ဌာန်းရန် လိုအပ်ပါတယ်။ ဒါ ကြောင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင် ဖြည့်စွက် ပြဋ္ဌာန်းသင့်သော (က)The Myanmar Company Act ၊ (ခ) The Partnership Act ၊ (ဂ) နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်သူရှိပါက ဆောင်ရွက်ပါ။

**အချိန်၊ ၁၆း၅၄။**

**ဦးအောင်ချိုဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွ န်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချိုဦး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဝင်း တင်သွင်းသွားတဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပြ င်ဆင်ဖြည့်စွက် ပြ ဋ္ဌာန်းသင့်သော (က) The Myanmar Company Act (ခ) The partnership Act (ဂ) နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေတို့ကို ပြင်ဆင် ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်ထော င်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော်အနေနဲ့ ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၆း၅၅။**

**ဥက္ကဋ္ဌ။** ။ အဆိုနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးက ရှင်းလင်း ဆွေးနွေးရန် ရှိပါက ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၆း၅၅။**

**ဦးတင်နိုင်သိန်း၊ (ပြည်ထောင်စုဝန်ကြီး၊အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်း ဝင်း က အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ စီမံခန့်ခွဲသောဥပဒေများမှ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းသင့်သော The Myanmar Company Act ၊ The Partnership Act ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် တိုက်တွန်းကြောင်း အဆိုနဲ့ပတ်သက်၍ အမျိုး သားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖြစ်တဲ့ ကျွန်တော်က ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေ (၁၀)ခုရှိရာ ယင်းဥပဒေများ အနက် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (The Myanmar Company Act) ၊ အစုစပ် လုပ်ငန်းအက်ဥပဒေ (The Partnership Act) ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ (The State Own Economic Interprise Law) တို့ပါ ပြဋ္ဌာန်းချက်များကို ပြုပြင်ပြောင်းလဲ လာသော ခေတ်စနစ်နဲ့ လိုက်လျောညီထွေမှုရှိစေရန်အတွက် နိုင်ငံတော်သမ္မတရုံးရဲ့ လမ်းညွှန်မှုနဲ့ အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်။ ထို့အပြင် နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေကိုလည်း ပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်။ ရှေးယခင်က မရှိသေးတဲ့

ယှဉ်ပြိုင်မှုဥပဒေကိုလည်း ရေးဆွဲပြုစုလျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတရုံးကလည်း အမျိုး သား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနကိုသာမက ဝန်ကြီးဌာနအားလုံးရဲ့ ဆိုင်ရာ ဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းရန်လိုအပ်ချက်များကို ပြုစုတင်ပြသွားရန် တောင်းခံထားပြီး ဖြစ်ပါ တယ်။ ဒါ့ကြောင့် ဦးသိန်းဝင်းရဲ့ အဆိုတင်သွင်းမှုကို သဘောတူ ထောက်ခံပါကြောင်းနှင့် ဝန်ကြီး ဌာနမှလည်း ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ (သြဘာသံများ)

**အချိန်၊ ၁၆း၅၈။**

**ဥက္ကဋ္ဌ။** ။ အမျိုး သားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်း ဝင်း တင်သွင်းတဲ့ အဆိုကို လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံတဲ့အပြင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးကလည်း ထောက်ခံသွားပါတယ်။ အဆိုမှာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင် ဖြည့်စွက်ပြဋ္ဌာန်းသင့်သော (က) The Myanmar Company Act ၊ (ခ) The Partnership Act ၊ (ဂ) နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်း များဥပဒေတို့ကို ပြင်ဆင်၊ ဖြည့်စွက် ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့် ./မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

အဆိုကိုလက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။ အဆိုကိုလက်ခံဆွေးနွေးဖို့ သဘော မတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့ အတွက် ဦးသိန်းဝင်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးသိန်းဝင်း တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအ ဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲ ဆန္ဒနယ်အမှတ်(၁၀)၏ အဖွဲ့အစည်း(၉)ရပ်၊ ဝန်ကြီးဌာန (၁၅)ခုက စီမံခန့်ခွဲလျက်ရှိသော တည်ဆဲဥပဒေများမှ ဖျက်သိမ်း၊ ပြင်ဆင်၊ အသစ်ရေးဆွဲ သင့်သည့် ဥပဒေများကို ပြန်လည်စိစစ်ပြီး အရေးယူဆောင်ရွက်သွားရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်း၊ ပြည်ထောင်စုရှေ့နေချုပ်ကပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၆း၅၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း က အဖွဲ့အစည်း(၉)ရပ် ဝန်ကြီးဌာန(၁၅)ခုက စီမံခန့်ခွဲလျက်ရှိသော တည်ဆဲဥပဒေများမှ ဖျက်သိမ်း ပြင်ဆင် အသစ်ရေးဆွဲသင့်သည့် ဥပဒေများကို ပြန်လည် စိစစ်ပြီး အရေးယူဆော င်ရွက်သွားရန် နဲ့ စပ်လျဉ်းပြီး အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဦးမြင့်ထွန်းက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၆း၅၉။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ပြည်ထောင်စုရှေ့နေချုပ်ကြီး၊ ဖိတ်ကြားထားတဲ့တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွ န်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်း ကော်မတီဝင် ဦးမြင့်ထွန်း ဖြစ်ပါတယ်။ ယခုတင်သွင်းမယ့် အဆိုဟာ ဥပဒေကြမ်းကော်မတီ ကိုယ်စားတင်သွင်းခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကိန်းဂဏန်းများစွာပါဝင်နေ၍ ဖတ်ကြား တင်ပြခွင့်ပြုပါရန် လေးစားစွာ တောင်းခံတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေနဲ့ ဝန်ကြီးဌာန(၄၁)ခုက ကျင့်သုံး နေတဲ့ တည်ဆဲဥပဒေစုစုပေါင်း (၃၉၁)ရှိပါတယ်။ အဲဒီအထဲက စီးပွားရေး၊ ဘဏ္ဍာရေး ၊ ငွေကြေးဆိုင်ရာတွေနဲ့ ပတ်သက်တဲ့ ပြည်ထောင်စုအဆင် ့အဖွဲ့အစည်း တွေနဲ့ ဝန်ကြီးဌာန(၁၇)ခုကို အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီက လေ့လာ

စိစစ်ပါတယ်ခင်ဗျား။ ကျွန်တော့် ပြ ည်ထောင်စုအဆင့် အဖွဲ့အစည်း (၉)ရပ်နဲ့ ဝန်ကြီးဌာန(၁၅)ခု စုစုပေါင်း(၂၄)ခုရဲ့ စီမံခန့်ခွဲတဲ့ တည်ဆဲဥပဒေ (၂၇၇)ခုကို လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး၊ ဥက္ကဋ္ဌ အဖြစ်ဦးဆောင်တဲ့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက စိစစ်ပါတယ်။ အဲ ဒီလိုစိစစ်ရာမှာ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်ကစတင်ပြီး (၂)လကြာခန့် လေ့လာစိစစ်ခဲ့ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကော်မတီက စိစစ်တဲ့ တည်ဆဲဥပဒေ (၂၇၇)ခုအနက် ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ အားကစား ဝန်ကြီးဌာန တို့က ယခုတိုင် စီမံခန့် ခွဲကျင့်သုံးနေရတဲ့ ဥပဒေအပါအဝင် ဆက်လက်ကျင့်သုံးတဲ့ ဥပဒေ (၁၁၅)ခုရှိကြောင်း စိစစ်တွေ့ ရှိရပါတယ်။ ပြင်ဆင်သင့်တာက (၁၁၁)ခုရှိပြီး ဖျက်သိမ်း သင့်တဲ့ ဥပဒေက (၅၁)ခု ရှိပါတယ်။ ဥ က္ကဋ္ဌကြီးခင်ဗျား။ ဥပဒေပေါင်း (၂၇၇)ခုကို တစ်ခုချ င်း ဆွေးနွေး ဖို့ဆိုတာ အချိန်အလွန် ကြန့်ကြာမှာ ဖြစ်တဲ့အတွက် အချိန်ကိုငဲ့ကွက်တဲ့ အနေနဲ့ ဆက်လက် ကျင့်သုံးရမယ့် အရေ အတွက်၊ ပြင်ဆင်ဖြည့်စွက်ရမယ့် အရေအတွက်၊ ဖျက်သိမ်းရမယ့် အရေအတွက်စတဲ့ ဇယားပေါင်းချုပ်ကို ယေဘုယျအနေနဲ့တင်ပြသွားမှာ ဖြစ်ပါတယ်။ အသေးစိတ် ကိုတော့ လွှတ်တော်က အတည်ပြုပြီးတာနဲ့ ပြည်ထောင်စုအဆင့်ဌာန တွေကို ပေးပို့သွားပါမယ်။ ထောက်ခံဆွေးနွေးမယ့် အပိုင်းတွေကျရင်လည်း ဥပဒေကြမ်းကော်မတီဝင် များက အသေးစိတ် ထောက်ခံရှင်းလင်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရပါပြီ။ တည်ဆဲ ဥပဒေက(၂၇၇)၊ ဆက်လက်ကျင့်သုံးသင့်သည့် ဥပဒေ(၁၁၉)၊ ပြင် ဆင်ဖြည့်စွက်သင့်သည့် ဥပဒေ (၁၀၆)၊ ဖျက်သိမ်းသင့်သည့် ဥပဒေ (၅၁) ဒီ အရေအတွက် ရရင်ရပါပြီ။

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ တည်ဆဲဥပဒေ (၂၇၇)၊ ဆက်လက်ကျင့်သုံးသင့်သည့် ဥပဒေ(၁၁၅)၊ ပြင်ဆင်ဖြည့်စွက်သင့်တဲ့ ဥပဒေ(၁၁၁)၊ ဖျက်သိမ်း သင့်တဲ့ ဥပဒေ (၅၁)။ ကော်မတီမှာ အတွေ့ အကြုံရင့်တဲ့သူများနဲ့ ဥပဒေပညာရှင်များပါ ဝင်တဲ့ အပြင် ဥပဒေအားလုံးကို သက်ဆိုင်ရာဌာန တွေက တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့လည်း အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ ဌာနအလိုက် ဆက်လက် ကျင ့်သုံးသင့်တဲ့ဥပဒေ၊ ပြင်ဆင်ဖြည့်စွက် သင့်တဲ့ ဥပဒေ၊ ဖျက်သိမ်းသင့်တဲ့ ဥပဒေဆိုပြီး ဇယားမှာ Powerpoint နဲ့ တင်ပြပြီး အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရပါပြီ။ သဘောထားအချုပ်နံပါတ် ရရင်ရပြီ။ နိဂုံးချုပ်ပါ။

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)**။ ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ အခု ကျွန်တော်တို့ရဲ့ စိစစ်တွေ့ရှိချက်နဲ့ပတ်သက်ပြီး သက်ဆိုင်တဲ့ ပြည်ထောင်စုအဆ င့်အဖွဲ့အစည်း (၉)ရပ်နဲ့ ဝန်ကြီးဌာန (၁၅)ခုအနေနဲ့ ပြန်လည်စိစ စ်ပြီး ဆက်လက်ကျင့်သုံး၊ ဖျက်သိမ်း၊ ပြင်ဆင်၊ အသစ်ရေးဆွဲသင့်တဲ့ ဥပဒေ အဖြစ်အရေးယူသွားဖို့ ပြည်ထောင်စုအစိုးရအား ဥပဒေကြမ်းကော်မတီက တိုက်တွန်းပါကြောင်း အဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၇း၀၃**။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၇း၀၃**။

**ဦးဆွန်ဒုတ်ကျင့်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဆွန်ဒုတ်ကျင့် ဖြစ်ပါတယ်။ အဆိုရှင် ဦးမြင့်ထွန်းရဲ့ အဖွဲ့အစည်း(၉)ရပ်၊ ဝန်ကြီးဌာန(၁၅)ခုက စီမံခန့်ခွဲလျက်ရှိသော တည်ဆဲဥပဒေများမှ ဖျက်သိမ်း ၊ ပြင်ဆင်၊ အသစ်ရေးဆွဲသင့်တဲ့ ဥပဒေများကို ပြန်လည်စိစစ်ပြီး အရေးယူဆောင်ရွက်သွားရန်ဆိုတဲ့အဆိုဟာ ယနေ့ လက်ရှိတည်ရှိနေတဲ့ ဥပဒေများရဲ့ အနေအထား၊ ပြုပြင်သင့်တဲ့ အနေအထားများအရ ဆောင်ရွက်သင့်တဲ့ကိစ္စ ဖြစ်တဲ့အတွက်ကြောင့် ပြည်ထောင် စုအစိုးရမှ ဆက်လက်ဆောင်ရွက်သွားနိုင်ရန် တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၇း၀၄**။

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့ပတ်သက်ပြီး ပြည်ထောင်စုရှေ့နေချုပ်က ရှင်းလင်းဆွေးနွေးရန် ရှိပါက ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၇း၀၄**။

**ဒေါက်တာထွန်းရှင် ၊ (ပြည်ထောင်စုရှေ့နေချုပ် )**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နဲ့တကွ ကြွရောက်လာသော လွှတ်တော်ကိုယ်စားလှယ်

အပေါင်းတို့ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်တောင်း ဆန္ဒ ပြုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း က အဖွဲ့အစည်း(၉)ရပ်၊ ဝန်ကြီးဌာန(၁၅)ခုက စီမံခန့်ခွဲလျက်ရှိသော တည်ဆဲဥပဒေများမှ ဖျက်သိမ်း၊ ပြင်ဆင်၊ အသစ်ရေးဆွဲသင့်သည့်ဥပဒေများကို ပြန်လည်စိစစ်ပြီး အရေးယူဆောင်ရွက်ရန် ပြည်ထောင်စုအဆင့် အဖွဲ့ အစည်းများကို တိုက်တွန်းကြောင်း အဆိုကို ကျွန်တော့်အနေနဲ့ ဖြေကြားခွင့်ရတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ အဆိုကို တင်ပြတဲ့လွှတ်တော် ကိုယ်စားလှယ်ကြီး အားလည်း ကျေးဇူးတင်ရှိပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ခေတ်အဆက်ဆက် ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများအနက် ပြောင်းလဲလာတဲ့ အခြေအနေနဲ့ ဆီလျော်မှုမရှိတဲ့ ဥပဒေများ၊ အချိန်ကာလကြာမြင့်စွာ ကျင့်သုံးမှု မရှိသော ဥပဒေများ၊ အနာဂတ်ကာလမှာ ကျင့်သုံးရန် အကြောင်းမရှိတော့တဲ့ ဥပဒေများကို အခါအားလျော်စွာ ရုပ် သိမ်းခြင်း၊ ပြင်ဆင်ခြင်းများ ပြုခဲ့ရပါတယ်။ ပြည် ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့်လည်း ပြည်ထောင်စု ရှေ့နေချုပ်ဥပဒေနှင့် အညီ စာရင်းများကို ပြုစုလျက်ရှိပါတယ်။ ယင်းဥပဒေများကို အကောင်အထည်ဖော်တဲ့ အဖွဲ့အစည်းများကတော့ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ (Interprise Ministry) များ ဖြစ်ကြ ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးဟာ ဥပဒေစာရင်းများကို ပြုစုလျက်ရှိပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနဲ့အညီ ခေတ်နဲ့လျော်ညီခြင်း ရှိ/မရှိ ဥပဒေများနဲ့ နိုင်ငံတော်နဲ့ ပြည်သူတို့အ ပေါ် အကျိုးမပြုသည့်ဥပဒေများကို ရုပ်သိမ်းရန်လည်းကောင်း၊ ပြင်ဆင်ရန်လည်းကောင်း၊ အစားထိုးရန် လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းသို့ ဆောင်ရွက်ရာမှာ ပြည်ထောင်စု ရှေ့နေချုပ်ရုံးဟာ ပထမအကြိမ် လွှတ်တော်အစည်းအ ဝေး စတင်ပြီးသည်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများကို ခေတ်နှင့် မလျော်ညီသော ဥပဒေများနှင့် နိုင်ငံတော်နှင့်ပြည်သူတို့ အပေါ် အကျိုးမပြုသည့် ဥပဒေများကို ပြန်လည် စိစစ်ရန် မေတ္တာရပ်ခံပြီး သဘောထားမှတ်ချက်များ နှင့်အတူ ရှေ့နေချုပ်ရုံးကို ပေးပို့ရန် အသိပေးညှိနှိုင်း ရပါတယ်။ ဝန်ကြီးဌာနများကလည်း ဥပဒေများကို စိစစ်၍ မှတ်ချက်များနှင့်အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့လျက် ရှိကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စုရှေ့နေ ချုပ်ကလည်း ပေးပို့လာသော သဘောထား မှတ်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ/မညီ တည်ဆဲဥပဒေများနှင့် ဆန့်ကျင်ခြင်း ရှိ/မရှိ စိစစ်ပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနဲ့အညီ မှတ်ချက်ပြု လျက်ရှိကြောင်း တွေ့ရပါ တယ်။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စု ဝန်ကြီးဌာနများ ကလည်း ယခု ကျင်းပလျက်ရှိသော ပထမအ ကြိမ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ

အသစ်ပြဋ္ဌာန်းလိုတဲ့ ဥပဒေများ၊ ပြင်ဆင်လိုတဲ့ဥပဒေများကို လွှတ်တော်အသီးသီးကို တင်ပြလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၇း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်ထွန်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ အဖွဲ့အစည်း(၉)ရပ်၊ ဝန်ကြီးဌာန(၁၅)ခုက စီမံခန့်ခွဲလျက်ရှိသော တည်ဆဲဥပဒေများမှ ဖျက်သိမ်း ပြင်ဆင်၊ အသစ်ရေးဆွဲသင့်သည့် ဥပဒေများကို ပြန်လည်စိစစ်ပြီး အရေးယူဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက် တွန်းကြောင်းအဆို ဖြစ်ပါတယ်။ ဒါ ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

အဆိုကိုလက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။ အဆိုကိုလက်ခံဆွေးနွေး ဖို့သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ မရှိတဲ့အတွက် ဦးမြင့်ထွန်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူ ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်ထွန်း တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် အဋ္ဌမနေ့ အစည်းအဝေးရပ်နားကြောင်းနှင့် နဝမနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၇း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားပါ မယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး န ဝမနေ့ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်

ကြာသပတေးနေ့ နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၇း၁၀။**

**အခမ်းအနားမှူး၊** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး၊** ။ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစည်းအ ဝေးကို ၁၇း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။ ]